www.burmeseclassic.com

ရွှေပဒေသာစာပေ

# မမသဒ္ဒါမောင်

## သစ်တစ်ပင်၏ရာဇဝင်




အချစ်
လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊<br>၂၀၁၃၊ မေ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂)<br>ရွှေဥစာပေတိုက်<br>အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀)<br>ရွှေပဒေသာအော့ဖ်ဆက်<br>အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ဖြန့်ချေး | - | ၁၆၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

မမသဒ္ဒါမောင် ၈၉၅.၈၃

သစ်တစ်ပင်၏ရာစဝင် / မမသဒ္ဒါမောင်။ – ရန်ကုန်
ရွှေဥစာပေ ၊ ၂၀၁၃ ။
၂၈၃ – စာ ၊ ၁၂.၇ × ၁၈ စင်တီ ။
(၁) သစ်တစ်ပင်၏ရာဇဝင်


BURMESE CLASSIC .com

မမသဒ္ဒါမောင်

# သစ်တစ်ပင်

# ၏

# ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com



ယောကျာ်းတစ်ယောက် အိမ်ထောင်မပြုခင်ကဆိုရင် တောအုပ်ထဲက သစ်ပင်လို စိမ်းလန်းစိုပြည် ရှင်သန်နေသလိုပါပဲ.....

သို့သော်....

အိမ်ထောင်ကျရင်တော့ အဲဒီသစ်ပင်ဟာ အကိုင်းအခက်တွေကို ခုတ်ဖြတ်သလိုဖြစ်တော့မှာပါ....

သစ်ပင်ကိုအပိုင်းပိုင်းခုတ်လှဲသလိုဖြစ်ပြီး ပင်စည်ကိုပိုင်းဖြတ်ပြီးရင်တော့ စားပွဲ၊ ကုလားထိုင်၊ ကုတင်၊ ကလေးပုခက်ပစ္စည်းတွေ ဖြစ်တော့မှာလေ....

စာရွက်ပါးပါးလေးလိုဖြစ်သွားရင်တော့ စုတ်ဖြဲပြီး အမှိုက်ပုံထဲကို လွှင့်ပစ်တဲ့အမှိုက်ပဲဖြစ်တော့မှာအမှန်ပါပဲ....

နေဝန်းနီ



BURMESE CLASSIC .com

## အခန်း (၁)

"ဟော! ပြန်လာပါပြီ"

ကားပေါ်မှဆင်းတုန်းမှာပါပဲ၊ တိုက်ရှေ့မှာ ရပ်ထားသည့်ကားကိုမြင်လိုက်ကတည်းက အိမ်မှာ ဧည့်သည်ရောက်နေပြီမှန်း သူသိလိုက်ပါ၏။

ရင်မောစရာပါလားနော်၊ တစ်နေ့တစ်နေ့ မမျှော်ပါဘဲ ရောက်ရောက်လာတတ်တဲ့ အဲဒီ Colour စုံ မမတွေကို မျက်စိနောက်ရဦးမှာဖြစ်ပဲလား။

"အဲဒါလေ၊ မမရဲ့သားပေါ့"

ဖိနပ်ချွတ်မှာ ဖိနပ်ချွတ်နေစဉ် မေမေလှမ်းမိတ်ဆက်လိုက်မှန်း သိလိုက်ပါ၏။ မေမေစိတ်ကျေနပ်အောင် ဧည့်ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



ခဏမျှထိုင်ပြီး မပြုံးချင်ပါဘဲ ဧည့်သည်တွေကိုပြုံးပြ ဧည့်ခံရပေတော့မည်။ တကယ်ဆို ကုမ္ပဏီက ပြန်ရောက်ရောက်ချင်း ရေအေးအေးလေး တစ်ဝကြီးချိုးကာ နားလိုက်ချင်တာပါလေ။

''ခဏလာပါဦးလား သားရယ်၊ ဒီမှာ ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးချင်လို့''

လက်ထဲကိုင်လာသည့်အိတ်ကို ဧည့်ခန်းထောင့် စားပွဲဝိုင်းလေးပေါ် အသာတင်လိုက်ပြီး မေမေခေါ်ရာဆီ လှမ်းလာခဲ့မိ၏။ ဒီနှစ်ထဲမှာ သူ့ကို မဖြစ်မနေအိမ်ထောင်ချပေးချင်တဲ့မေမေ့ကို သူဘယ်လိုမှ ကန့်ကွက်လို့မရတော့ပါလားလေ။ ဟိုတစ်လောလေးကမှ အစားမှားပြီး တော်တော့်ကိုနေမကောင်းဖြစ်သွားကာ အသက် (၅၀)ကျော်အရွယ်တိုင်း သွေးတိုးရောဂါအဖြစ်များပါလျက် မေမေ့အလှည့်ကျမှ သွေးပေါင်ကျပြီး အားနည်းသတဲ့။

ပြီးတော့ နဂိုကတည်းကမှ အားနည်းသလိုဖြစ်နေတဲ့ နှလုံးက စကားပြောလာပြီဟု အကြောင်းပြလျက် အခုပဲ သားဖြစ်သူကို အိမ်ထောင်ချပေးဖို့ အပူတပြင်း ကြိုးစားတော့တာပါပဲ။ အကြောင်းပြချက်ကလည်း ခိုင်လုံပေတာကိုး။ သားဖြစ်သူ အေးအေးလူလူနေတာကို သဘောကျသည့်ဖေဖေပင် မေမေ့ကိုလက်မြှောက်ထားရတော့တာပါလေ။





''ဒီမှာလေ၊ မေမေ့မိတ်ဆွေ ဒေါ်နန်းကြာညို။ ဒါက မနန်းရဲ့သမီးလေး မေဖြူဖြူတဲ့။ သမီးလည်း သားကိုမှတ်ထားနော်။ ဒါ အန်တီ့သား နေဝန်းနီပါ''

''ဟုတ်ကဲ့''

နာမည်ကလည်း ရှားရှားပါးပါး 'မေဖြူဖြူ'တဲ့။ ဘယ်လိုကြီးလဲ။ ကျောင်းက Black board ပေါ်မှာ စာရေးလို့ရတဲ့မြေဖြူခဲလိုပဲ ဖြူစုတ်စုတ်အသားရောင်ကြောင့် ကြည့်ရဆိုးသလိုနှယ်ပါ။ တကယ်ဆို ဖြူရင်လည်း ဝင်းရုံလေး ဖြူမှသာ မိန်းကလေးလှမှာမဟုတ်လား။

''သမီးက IT တက်နေတုန်းပဲ သားရဲ့''

''ဪ''

ပညာတော်တာကိုတော့ ချီးကျူးသလို ခေါင်းညိတ်ပြလိုက်မိပါ၏။ တကယ်ဆို သူလည်း ဖေဖေ့လိုဆရာဝန်ဖြစ်ရမှာပါ။ ဂုဏ်ထူးတွေအများကြီးပါပေမယ့် စာကျက်ရမှာကို ဦးနှောက်ခြောက်လွန်း၍ ရိုးရိုးဘွဲ့တစ်ခုကိုသာ မြန်မြန်တက် သွက်သွက်ယူခဲ့ရတာပင်။ ဖေဖေ (ဒေါက်တာနေသွေး)ကတော့ အခုချိန်ထိ ဆေးရုံမှာ အလုပ်ဆင်းနေတုန်းပါပဲ။

သက်ပြင်းကိုမှုတ်ထုတ်လိုက်ပြီး ချွေးသုတ်ပဝါပါးလေး



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လည်ပင်းတစ်ဝိုက် သုတ်လိုက်မိပါ၏။ ချွေးတွေထွက်နေတာမို့ ညှိသည်တွေရှေ့မှာ သူဘယ်လိုမှ ဟန်ဆောင်လို့မရပါချေ။ ပြီးတော့ နေဝန်းနီဆိုတာ သိပ်ပြီး လူမှုရေးကျေညက်တတ်သူမှ မဟုတ်တာ။ ကိုယ်ပြောချင်တာကို ရှင်းရှင်းဘွင်းဘွင်းပြောချတတ်လို့ ကမ္ဘာ့လောကမှာ သူ့နာမည်က ချဉ်ဖတ်ကြီးကိုဖြစ်လို့ပါပဲ။

"စကားလေးဘာလေး ပြောဦးလေ သားရယ်၊ တကတည်းမှ ထိုင်နေလိုက်တာ ကျောက်ရုပ်ကြီးအတိုင်းပဲ"

"ပြောစရာမှမရှိတာ မေမေရ၊ ဘာပြောရမှာလဲ"

"ဟဲ့! ဘာလေးညာလေးပြောပေါ့၊ အလာပသလာပ ဆိုတာလေ"

"ပြောမှမပြောတတ်တာ"

"တွေ့လား၊ မမသားက အဲဒီလို ခပ်ရိုးရိုးကြီး နန်းရဲ့။ သူ့ညီဝမ်းကွဲလေး 'ဇွဲ'ကတော့ Model လည်းဖြစ်၊ အဆိုတော်လည်းဖြစ်၊ ဟော! အခု Video တွေ MTV တွေလည်း ရိုက်တာဆိုတော့ မိန်းကလေးတွေကို ဝိုင်းဝိုင်းလည်နေတာ"

နှိုင်းပြန်ပြီ ဒီကောင်နဲ့။ နာမည်နဲ့ရုပ်ရည်ရှိတာ ထားပါတော့။ ဒီအနုပညာအလုပ်မလုပ်ခင်ကတည်းက 'ဇ'ကိုက ပါနေတာပါ။ ရည်းစားမဟုတ်ဘာမဟုတ် ကောင်မလေးတွေကို ဟော





တစ်ယောက် ဟောတစ်ယောက် ထည့်လဲတွဲပြီး မျက်နှာများတဲ့ကောင်လေ။

ငွေဖြူနီနိုင်ရဲ့ ရုပ်ချောရုံကလေးကို မက်မောပြီး တွဲတဲ့ကောင်မလေးတွေကိုလည်း အံ့သြပါရဲ့။ အချောင်လိုချင် အချောင်စားချင်တဲ့စိတ် ရှိကြတာပဲထင်ပါ၏။ ဇွဲလက်မောင်းကိုခိုပြီး 'ကိုကို ဝယ်ပေး ဝယ်ကျွေး'ဆိုပြီး ခပ်ချွဲချွဲလေသံတွေက အများကြီးမဟုတ်ပါလား။ ဒီကနေ့ မြန်မာပြည်ကို တိုးဝင်လာတဲ့ Korea ကားတွေထဲက မင်းသမီးတွေကိုအတုခိုးပြီး ကိုယ်နဲ့လိုက်မလိုက်.. မဆန်းစစ်ဘဲ ဝတ်တတ်တဲ့ စကတ်တိုတိုကပ်ကပ်၊ ဘောင်းဘီခပ်ကျပ်ကျပ်၊ အင်္ကျီကိုလည်း ပခုံးသားတွေ အကုန်ဖော်ထားတဲ့ ကြိုးတစ်လုံး (တကယ့်အတွင်းခံသာသာ) ဝတ်စုံမျိုးကို မရှက်မကြောက်ဝတ်တာ မြင်ရသူသာ မျက်စိရှက်ရတာပါ။

ထိုသို့ထိုသို့သော ခေတ်ကာလသမီးပျိုတွေကို မျက်စိထဲ Cross ဖြစ်နေမှတော့ မိန်းမယူဖို့ဆိုတာ ဝင်ရိုးစွန်းအထိဝေးရုံသာပါလေ။ သူဒီလို အရိုးများချေးခါးနေတာကိုများ 'ဇွဲ'သိရင် 'လူပျိုကြီးဘဝနဲ့ ငှက်ပျောတုံး ဖက်သေသွားမယ့်အစ်ကို'ဟု ပျစ်ပျစ်နှစ်နှစ်ဝေဖန်တော့မှာပါ။ သူကလည်း သူပဲကိုး။

လူ့လွတ်ဘဝမှာတောင် ကပ်မြှောင်ညာစားနေကြတာ။

www.burmeseclassic.com



အိမ်ထောင်သာကျသွားလို့ကတော့ ရှာပေးသမျှ ကုန်မှာအသေအချာ။ မိန်းကလေးတွေအတွက် အသုံးအဆောင်တွေကလည်း များမှများ။ မေမေတို့တုန်းက မိန်းကလေးမှန်ရင် ဘီးရယ်၊ မှန်ရယ်၊ ကျောက်ပြင်ရယ်၊ သနပ်ခါးတုံးရယ်ရှိရင် ပြည့်စုံနေပြီ။

အခုကတော့ ခေါင်းအစခြေအဆုံး ပစ္စည်းတွေက ဆန်းပြားပါ့။ ခေါင်းလျှော်ရင် သုံးတဲ့ရှမ်ပူ၊ ပျော့ဆေး၊ ပေါင်းဆေး၊ ဆံပင်ခြောက်ရင်လူးတဲ့ ဗီတာမင်တွေ၊ Hair coat ဆိုတာတွေ၊ Spray တွေကရှိသေး။ မျက်နှာဆိုလည်း မျက်နှာဆေးတဲ့အရည်မျိုးဆေးမျိုး၊ တိုနာတွေ၊ Foundation cream, Day -cream တွေ၊ Night -cream တွေ၊ နေလောင်ခံ Lotion ဆိုတာလည်းရှိပါ့။

နှုတ်ခမ်းဆိုးဆေးဆိုတာကလည်း glose လည်းထွက်၊ stick လည်းထွက် စုံလို့၊ ခန္ဓာကိုယ်အတွက်က ဘာ၊ ခြေထောက်လူးဖို့က ညာ၊ ခြေသည်းပြင်တာအလှဆင်တာတွေလည်းရှိသေး။ အပြင်ပန်းဝတ်ဆင်တဲ့ Assesary တွေအစုံပါရင်တော့ မနည်းတော့ပါဘူး။ ပိတ်စ၊ အကျႌ၊ စကတ်၊ ဘောင်းဘီ၊ ဖိနပ်၊ ဦးထုပ်၊ နားကပ် စသဖြင့် အစုံအစုံပါ။

ဒီကြားထဲ ရတနာပစ္စည်းသာ ပူဆာလို့ ဝယ်ပေးရရင်





တော့ မွဲမှာအမှန်ပါပဲ။ ကုမ္ပဏီဒေဝါလီခံရလုအောင် ဖြုန်းနည်းပေါင်းစုံနဲ့ သုံးဖြုန်းပြမယ့် 'မ'ဆိုတဲ့အရာတွေကို တွေးမိရုံနဲ့ သူအော့ကျော့လန့်နေရတာပါလေ။

အခုလည်း လာပြန်ပြီတစ်ယောက်။ မေဖြူဖြူတဲ့။ မေမေမျက်စိမနောက်ရလေအောင် ဆင်ခြင်ဝတ်လာတာမျိုးပဲထင်ပါရဲ့။ ခပ်လှလှ Blouse အကျႌနဲ့ စကတ်အရှည်ကိုသာ ဝတ်လာတာပင်။ သို့သော် ပုံစံကိုမြင်ရကတည်းက ဒီလောက်ကြီးမအေးဆေးမှန်း ခန့်မှန်းသိနိုင်တာပါလေ။

"ဖွဲ့က အန်တီတို့တူလား"

"ဟုတ်တယ်လေ၊ သမီးသိလို့လား"

"ဒီလောက်နာမည်ကြီးနေတာ မသိဘဲရှိပါ့လား အန်တီရဲ့။ သိတာပေါ့. . . ဟင်းဟင်း"

တွေ့လား. . . လူကိုလာတွေ့တာကို သိသိကြီးနဲ့ ဟိုကောင့်နာမည်ကိုကြားတာနဲ့ မျက်နှာက အချိုးကိုပြောင်းပါရော။ ဒါကြောင့် ဒီကောင်နဲ့အမျိုးတော်တာကို သူဘယ်တော့မှဖွင့်မပြောချင်ပါလေ။ ကောင်မလေးက (ပဲခပ်များများ) ရယ်သံခပ်တိုးတိုးဖြင့် ရယ်လေ၏။

အမေမွေးကတည်းကရှိတဲ့ မျက်ခုံးတန်းထူထူကို ရိတ်



www.burmeseclassic.com

www.burmeseclassic.com



သင်ထားတာမို့ မျှင်မျှင်လေးသာ ရှိတော့တာပါလား။ အမယ်လေး နော်၊ ဒီလောက်အနုစိတ်ခြယ်သထားသမျှ စေ့စေ့ငုငုကြည့်မိရင် နှုတ်ခမ်းပုံဖော်ဆိုးထားတာကအစ ဆံပင်ကိုပုံသွင်းကောက်ထား တာအဆုံး အမြင်ကပ်စရာတွေချည်းသာ မြင်ရတော့မှာပေါ့။ လက် သည်းအရှည်ပေါ်မှာ ပုံဖော်ဆိုးထားတာမို့ ခြေသည်းလည်း ပုံဖော် ထားမှာပေါ့။ ဒါကိုမြင်ရုံနဲ့ ဒီမိန်းကလေးဟာ အိမ်မှုကိစ္စလုံးဝကို မလုပ်မှန်း သိသာနိုင်လေ၏။ မြင်ရတာ ပူလိုက်တာနော်။

သက်ပြင်းမောတစ်ချက်ကို ညော့်သည်တွေရှေ့မှာပင် ခပ် ကျယ်ကျယ်ချလိုက်မိတော့သည်။

''ဘာဖြစ်လို့လဲ သား''

''ကျွန်တော်နားချင်ပြီမေမေ၊ ကုမ္ပဏီကပါလာတဲ့အလုပ် တွေလည်း ရှိသေးတယ်''

''ခြော်. . . သားရယ်၊ ညော့်သည်တွေကို အားနာစရာ''

''ဒါ ကျွန်တော့်ညော့်သည်မှမဟုတ်တာ မေမေရ''

''ဟဲ့! နေဝန်း''

''ကျွန်တော့်အကျင့်ကို မေမေအသိဆုံးပါ၊ ကိုယ့်ကိစ္စ မဟုတ်ဘဲနဲ့ ကိုယ်ပိုင်အချိန်ကိုဖြုန်းတီးတဲ့သူစိမ်းတွေကို ဘယ် တော့မှ ညော့်မခံတတ်ဘူးဆိုတာလေ''





''အို! ဘယ်လိုပြောလိုက်တာလဲ''

''ကျွန်တော် ပြောတတ်တဲ့အတိုင်းပဲ ပြောလိုက်တာပါ အန်တီ၊ ရိုင်းသွားရင် Sorry ပါ''

''သားကလည်းလေ''

ငယ်ငယ်လေးကတည်းက သူ့ကိုမဆူတတ်သည့်မေမေ့ ကြောင့် ညော့်သည်တွေရှေ့မှာ ဘာတစ်ခုမှမပြောတော့ပါလေ။ ရိုင်းတယ်ထင်လည်း ထင်စေတော့။ မတတ်နိုင်တော့ပါလေ။

''မေမေက သမီးလေးနဲ့သားကို အဆင်ပြေစေမလား လို့ပါ''

''ဘယ်လိုလုပ်ပြီး အဆင်ပြေပါ့မလဲမေမေ၊ မောမောနဲ့ ပြန်လာတဲ့လူကို အမောပြေစေတဲ့ရနံ့ဆိုတာ သနပ်ခါးနံ့မဟုတ် လား။ ကျွန်တော်လည်း ဖေဖေ့သားမို့ ဖေဖေနဲ့ပဲအကြိုက်တူမှန်း မေမေသိမှာပါ''

''ဒီခေတ်မှာ ကိုကိုလိုချင်တဲ့ပုံတုံးကြီးပုံစံက မရှိတော့ ပါဘူး။ အိမ်တွင်းပုန်းပုံစံကို ဘယ်မှာသွားရှာလို့ရမှာလဲ''

''ဒါ. . . မြန်မာပြည်ပါ ဖြူဖြူ၊ မြန်မာပြည်ကထွက်တဲ့ သဘာဝသနပ်ခါးကို အမြတ်တနိုးလိမ်းခြယ်တတ်တဲ့ မြန်မာမိန်း ကလေးတွေ အများကြီးရှိပါတယ်။ မရှားပါဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အညာသူပဲ ရမှာပေါ့"

ခန့်သလိုရှဲ့သလိုအပြုံးမျိုးနဲ့ ပြောတာကြောင့် ဒေါသဖြစ်တည်လေ၏။ သူက ဆိုခဲ့စေမြဲစေဆိုတဲ့စိတ်ဓာတ်ရှိတဲ့ယောကျ်ားမျိုးပါလေ။ အာခံတွင်းထဲ သကာငုံပြီး လျှာအရိုးမရှိသလိုအပြောမျိုးကို 'ဇွဲ'ဆိမှာသာ တွေ့ရမှာအမှန်ပါပဲ။

"အညာသူရွေးတော့ ကိုယ့်အတွက် သနပ်ခါးဖိုးပဲ ကုန်မှာပေါ့။ ကိုယ်ရှာသမျှ ခြစ်ခြုပ်စုဆောင်းပေးပြီး ချွေတာတတ်တဲ့အမျိုးသမီးပဲဖြစ်မှာပါ"

'မင်းတို့လို Beauty Palour တွေ Spa တွေမှာ ငွေသွားဖြုန်းတာမျိုးမဟုတ်ဘူး'ဆိုသည့်စကားကိုတော့ မပြောသင့်တာမို့ မျိုချလိုက်ရပါ၏။ သူ့ကိုကပ်စေးနဲသည့်လူလို့မြင်ရင်လည်း ကိစ္စမရှိပါလေ။

"သားကလည်းလေ၊ သမီးကိုစကားကောင်းပြောမှပေါ့"

"ကျွန်တော်ပြောတဲ့စကားထဲမှာ ရိုင်းတဲ့စကားလုံး တစ်ခုမှမပါပါဘူးမေမေ။ နားထဲဝင်တဲ့လေသံအတိုင်းပဲ ပြောမိတာပါ"

"ဒါတော့ဒါပေါ့လေ၊ ဒါပေမဲ့ သမီးလေးက သားကို ခင်မင်တဲ့စိတ်နဲ့ပြောမှန်း သားသိရမှာပေါ့"

"ကျွန်တော်မှ မိန်းကလေးတွေနဲ့ခင်လေ့မရှိတာ"





"နေဝန်း!..."

မေမေ့လေသံမာလာပြီမို့ သူ အသာငြိမ်နေလိုက်ရလေ၏။ မေမေက တခြားအမေတွေလို နှုတ်က ပွစိပွစိရေရွတ်ကာ ပူလောင် ပွာလောင် ဆူပူတတ်သည့် အမျိုးသမီးမျိုးမှမဟုတ်တာလေ။ အတော်ကြီးကို စိတ်ဆိုးလာရင်တော့ 'နေဝန်းနီ'ဟူသည့် သူ့နာမည်ရင်းကို အသံနည်းနည်းမာမာဖြင့်ခေါ်ပြီး မျက်ဝန်းထောင့်နီနီ မျက်နှာမာမာဖြင့်ခေါ်ရင်တော့ သတိထားရတော့မှာပါပဲ။

'တုတ်နော်'ဟူ၍ ခြိမ်းခြောက်ခဲ့တာမျိုးမရှိ။ ဖိုးခနဲဖတ်ခနဲ ထုပုတ်ရိုက်နှက်ခဲ့တာမျိုးလည်းမရှိ။ ဒဏ်ပေးဆုံးမခဲ့တာမျိုးကိုလည်း မလုပ်ခဲ့။ မေမေမနှစ်သက်တာမျိုး (ဥပမာ ကျောင်းပြန်ချိန် အိမ်ကိုရောက်မလာသေးဘဲ သူငယ်ချင်းတွေနဲ့ချိန်းပြီး ဘောလုံးကန်တာမျိုး)လုပ်မိရင်တော့ ထမင်းမစား ရေမသောက်ဆန္ဒပြကာ ဘယ်သူနဲ့မှစကားမပြောဘဲ လူကြီးစိတ်ကောက်နည်းမျိုးလုပ်တတ်တာမို့ မေမေ ထိုသို့ပြုမူမှာကို ဖေဖေရောသူပါ သေမတတ်ကြောက်ရပါ၏။ ထိုသို့သောမေမေ 'ဒေါ်လေပြည်အေး'ပါလေ။

"မမသားက နန်းရဲ့သမီးနဲ့ Type မတူဘူးလို့ ထင်တာပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်တာ နန်းရယ်၊ သားက ဒီခေတ်လူငယ်ပဲဟာ"

"အန်တီ့သားက ကုမ္ပဏီ MD ဆိုပြီး ပါတီတွေ Club တွေရော တက်တတ်ရဲ့လား"

ကြည့်စမ်း! ပေါ်တင်ကြီးကို Fight တာပါပဲလား။ လူပုံစံရိုးရိုးသဘောကျတာနဲ့ တောကျတဲ့လူလိုမျိုးမြင်ရတယ်လို့။

Sorry...ပါမေမေ၊ မေမေခေါ်လာတဲ့လူတွေက ဘဝင်လေဟပ်ပြီး အောက်ခြေလွတ်နေတဲ့ Standard Zero ပါပဲလား။

"လူကြီးလူကောင်းတွေဖိတ်တဲ့ပွဲလမ်းဆိုရင်တော့ တက်ပါတယ်ဖြူဖြူ။ မဟုတ်တဲ့Club မျိုးမှာတော့ မတက်ပါဘူး၊ အမျိုးကောင်းသမီးတွေကတော့ ဒီလိုနေရာတွေကို တစ်ခါမှရောက်မှာ မဟုတ်တာလေ"

မေဖြူဖြူ့မျက်နှာ ကွက်ခနဲပျက်သွားလေ၏။ မဟုတ်တဲ့နေရာမှာ မဏ္ဍာပ်တိုင်တက်ပြချင်တဲ့စိတ်ကတော့ တော်တော်လွန်သည်ထင်ပါ၏။ ခပ်တည်တည်ဖြင့်ထိုင်ပြီး စကားပြောနေသည့်သူ့ကိုမကျေနပ်ပေမယ့် မေမေ့ကိုတော့ ပြုံးပြဖော်ရပြီး တစ်အောင့်အကြာမှာ နှုတ်ဆက်ထပြန်သွားကြလေသည်။

အိမ်ဝအထိ မေမေလိုက်ပို့တာကို မသိချင်ယောင်ဆောင်ပြီး အိမ်ပေါ်ထပ်သို့ သူတက်ခဲ့ပါ၏။





ရေချိုးချင်တဲ့စိတ်က များနေပြီမို့ ရေချိုးခန်းထဲကို တန်းဝင်လိုက်ပြီး နာရီဝက်ကျော်ကျော်ကြာချိန်ထိ ရေစိမ်ချိုးလိုက်မိလေသည်။

ခေါင်းကိုပါစိုစေတာမို့ နောက်ကိုနေသမျှ ပျောက်ပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ရေချိုးပြီးထွက်လာစဉ် တိုက်အောက်မှာ ကားရပ်သံကို ကြားလိုက်ရလေ၏။ ဖေဖေတော့ ပြန်လာပြီပဲ။ တစ်ကိုယ်လုံးကို (ရေစိမ်ချိုးလိုက်တာမို့) အေးချမ်းသွားရပါသည်။ မေမေတစ်ယောက် ဖေဖေ့ကို ဘာတွေတိုင်နေသည်မသိ။ စိမ်ချက်ပျက်ပြားအောင် သူလုပ်နေတာကို မေမေမြင်နေရတာကိုး။

ဖေဖေ့ကိုတော့ ပြောပြထားပါရဲ့။ အိမ်ထောင်ပြုဖို့ဆန္ဒမရှိဘူးဆိုသည့်အကြောင်းပြချက်ကို ဖေဖေက ခပ်ပြုံးပြုံးပါပဲ။ တစ်သက်လုံးလူပျိုကြီးဘဝနဲ့ အရိုးထုတ်မှာကိုတော့ သူမပြောပါလေ။ သို့သော် ဖေဖေကတော့ 'မင်းမတွေ့သေးလို့ပါ ငါ့သားရာ' ဆိုသည့်စကားမျိုးဖြင့်သာ သူတို့စကားဝိုင်းကို သိမ်းတက်ခဲ့သည်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုသားအကြောင်းတော့ ပြောကိုမပြောချင်တော့ဘူး"

"သေးသေးလေးမှမဟုတ်တော့တာဘဲ အေးရယ်"

"သေးသေးလေးတုန်းကမှ ပြောစကားနားထောင်သေးတယ်၊ အခု ကြီးကြီးလေးဖြစ်လာတာနဲ့ ခေါင်းက အုန်းသီးထက်တောင် မာဦးမယ်"

လှေကားမှဆင်းလာရင်း သူပြုံးလိုက်မိ၏။ သူ့ခေါင်းကို အုန်းသီးနဲ့နှိုင်းယှဉ်ရတယ်လို့။ မေမေက သိပ်စကားမပြောတတ်သလို ပြောလိုက်ရင်လည်း အဲဒီလိုပါလေ။ ဖေဖေက မပြုံးဖျော်လာပေးသည့်သံပုရာရည်ကို ခပ်ဖြည်းဖြည်းသောက်ရင်း အမောဖြေနေတာပါပဲ။ မေမေက ဖေဖေ့ Dutycoat ကို လက်မှာကိုင်ထားရင်း ပြောနေတာလေ။

"ဘာလဲ၊ ဒီနေ့ခေါ်ပြတဲ့တစ်ယောက်ကိုလည်း ငြင်းပြန်ရောလား"

"အင်းပေါ့၊ ဧည့်သည်တွေကို အားနာစရာအရမ်းကောင်းတာပဲ၊ အစ်ကိုသားက စကားကောင်းကိုမပြောဘူး"

"မေမေ့ဧည့်သည်ကရော အကောင်းပြောလို့လား၊ လူကို အထင်တသေးနဲ့ကြည့်ပြီး နှိမ်ပြောလို့ ကျွန်တော်ပြန်ပြော





တာပေါ့"

"ကြည့်!"

သူရောက်လာပြီမို့ မေမေ့ပြောလက်စစကားက ပြတ်သွားတော့၏။ ဖေဖေက သူ့ကိုလက်ပြပြီး ဘေးထိုင်ခုံမှာ ထိုင်ရန်အချက်ပြတာမို့ ဖေဖေ့ဘေးခုံမှာ ဝင်ထိုင်လိုက်ရပါသည်။ ဗိုက်ဆာနေပြီမို့ ညစာစားရန် ဆင်းလာကာမှပဲ ညနေကကိစ္စကို ဆက်ရဦးတော့မှာလေ။

"သားမေမေက ဒီနှစ်ထဲမှာပဲ သားကိုအိမ်ထောင်ကျစေချင်နေတာ သိရဲ့လား"

"ဟာဗျာ"

"ဘာ. . . ဟာဗျာလဲ၊ အသက်ပဲ (၂၈)ကျော်နေပြီ။ ခုထိ ရည်းစားဆိုလို့ မူးလို့တောင် ရှူစရာမရှိဘူးမဟုတ်လား"

"ရည်းစားထားတာ ရှူဖို့မှမဟုတ်တာ မေမေရ"

"ဟော့ကောင်! လူကြီးပြောနေတာကို အပြောင်အပျက်မလုပ်ချင်စမ်းနဲ့"

"ညီဖြစ်တဲ့သူက ဝိုင်းဝိုင်းလည်နေလွန်းလို့ ခါချနေရတာ၊ အသက်နဲ့မျှားတွေ့ရင် မသား ဘယ်လိုလဲဆိုပြီး မေးရော၊ ငါ့မျက်နှာကို ဘယ်နားသွားထားရမှန်းမသိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ရည်းစားအများကြီးလျှောက်ထားပြီး မိန်းမလည်သိန်းကြွယ်လိုမိန်းမမျိုးရမှ မေမေရင်ကျိုးရမှာကို စိတ်ပူရမှာပေါ့။ တစ်ယောက်တည်းနေဖြစ်တာနဲ့ပဲ နေရင်းထိုင်ရင်း အပြစ်တင်ခံရတယ်လို့"

"ဩော်. . . ခက်လိုက်တာ၊ လူဆိုတာ ဘဝမှာရှင်သန်ခွင့်ရရင် ကိုယ့်မျိုးဆက်ကို ဒီကမ္ဘာကြီးပေါ်မှာ ထားခဲ့ရမှာပေါ့ နေဝန်းနီ။ လူ့တာဝန်မကျေပွန်ဘဲနဲ့ ဘာလို့ လူဖြစ်လာခဲ့သေးလဲ"

သူ့မျက်နှာ ရှုံ့တွသွားရပါ၏။ 'မေမေပဲ မွေးထားပြီးတော့' ဆိုသည့်စကားလုံးကို မပြောသင့်တာမို့ ပြန်မျိုချလိုက်ရပြန်လေ၏။ လောကမှာ နှုတ်စောင့်စည်းရသည့်စကားလုံးတွေက များလိုက်တာနော်။ အိမ်ထောင်မပြုချင်ဘူးပြောနေပါလျက် 'မျိုးဆက်' ဆိုတဲ့စကားကို မေမေ့ ပြောချရဲရတယ်လို့။ စိတ်ရှုပ်လိုက်တာလေ။

"ကမ္ဘာကြီး ဒီလောက်လေးပြီး လူဦးရေများလွန်းနေတာကို မေမေသိတယ်မဟုတ်လား။ အတင်းကြီးကို မိန်းမယူ ကလေးရနိုင်းနေတော့တာပဲ။ အဲဒီကလေး ပိစိညှောင့်တောင့်လေးတွေရဲ့ငိုသံကို မကြားချင်ပါဘူး။ မျက်စိလည်း နောက်ကနောက်နဲ့"

"ဟဲ့!"





"တစ်သက်လုံး လူပျိုကြီးလုပ်ဖို့များ ရည်ရွယ်ထားသလားသား"

"အဲဒီလိုတော့ မဟုတ်ပါဘူးမေမေရ၊ လောလောဆယ် လွတ်လွတ်လပ်လပ်လေး နေချင်သေးလို့ပါ။ သူများတွေတောင် အသက်သုံးဆယ်ကျော်မှ အိမ်ထောင်ပြုကြတာကို"

"ဒါဆို ဘယ်တော့ပြုမှာလဲ"

"မသိဘူး"

"အဲဒီလိုတော့ ပြီးစလွယ်မပြောပါနဲ့သားရဲ့။ မေမေတို့က သားကို တစ်သက်လုံး ထိုင်စောင့်ကြည့်သွားနိုင်တာမဟုတ်ဘူး။ မျက်စိမမှိတ်ခင်လေး မြေးတွေမြစ်တွေ ချစ်သွားချင်လို့ ဒီလောက်ထိပြောနေတာကို။ တကတည်း. . ."

လုပ်ပြန်ပြီ၊ မြေးကနေ မြစ်တဲ့။ နိမိတ်မရှိတဲ့စကားကို မေမေ ဘာလို့ မကြာခဏပြောနေရတာပါလိမ့်နော်။ ဒီလောက်ကျန်းမာရေး ဒေါင်ဒေါင်မြည်နေပါလျက်နဲ့ ဤသို့ပြောရတာပါလိမ့်။ တစ်လောလေးက အာဂန္တုဖျားသွားတာကို အကြောင်းပြုပြီး သူ့ကို နေ့စဉ်နားပူနားဆာလုပ်နေသမျှ ဘယ်တော့မှရပ်ပါ့မလဲမသိပါလေ။

"မေမေကလည်းဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''မေမေကလည်း မဗျာပါနဲ့ နေဝန်းရဲ့. . . မေမေ နေမကောင်းဖြစ်နေတုန်းက သားရောအဖေပါ မေမေ့နားမှာ ရှိခဲ့လို့လား။ ပြော''

''မပြုံးရှိသားပဲ''

''မပြုံးလည်း သူ့အလုပ်ကိစ္စနဲ့သူ မေမေ့ကိုကြည့်နိုင်တာမှမဟုတ်တာ။ ခြေဆုပ်လက်နယ်လေးလုပ်ဖို့ ချွေးမလေးသာရှိရင် ဘယ်လောက်စိတ်ချမ်းသာလိုက်မလဲ''

''မေမေရှာပေးတဲ့ ချွေးမတွေက အိမ်ကပ်မယ့်ပုံ တစ်ယောက်မှမရှိဘူး။ ကျွန်တော်ရှာပေးသမျှ Shopping ထွက်၊ ဝယ်သုံးဖြုန်းမယ့်သူတွေချည်းပဲ''

'''ဟဲ့! ခြော်. . . မေမေက သားကို အတင်းယူခိုင်းနေတာမှမဟုတ်တာ။ မေမေရှာပေးသမျှထဲက သားစိတ်ကြိုက်တစ်ယောက်ရွေးပါလေ့''

''တစ်ယောက်မှကို ကြည့်လို့မရတာ''

''ကြည့်! ''

ဖေဖေက သူ့ပခုံးကိုလှမ်းပုတ်လိုက်တာမို့ သတိပေးမှန်းသူသိပါ၏။ သူကိုယ်တိုင်လည်း ဒီလိုခွန်းတုံ့မပြန်လိုပါလေ။ ဖေဖေနဲ့မေမေ့မှာ သူက မေမေ့ကိုပိုပြီးချစ်တဲ့သားပါပဲ။ သို့သော်





သူများတကာသားတွေကို ဥစ္စာခြောက်တဲ့အမေမျိုးထဲမှာ သူ့မေမေ မပါဝင်တာတော့ သူ့အဖို့ ကံဆိုးတာပဲထင်ပါရဲ့။

''မင်းကြည့်လို့ရမယ့်မိန်းမကရော ဒီကမ္ဘာပေါ်မှာ ရှိပါ့မလား''

''မေမေကလည်းဗျာ၊ အလုပ်ကပြန်ရောက်လို့ နားရမယ်မရှိသေးဘူး။ အိမ်ပြန်ချင်စိတ်မရှိအောင်တော့ မလုပ်ပါနဲ့''

''အံမာ! ငါက ပူညံပူညံလုပ်တယ်ပေါ့လေ''

''ကဲ. . . တော်ပါတော့ အေးရယ်၊ မင်းရဲ့သားကို ဒီနှထဲ အိမ်ထောင်ပြုပေးစေချင်တယ်မဟုတ်လား''

''ဟုတ်တယ်''

''ပြီးရော၊ (၂၆)နှစ်မကျော်ခင် ဒီကောင် မိန်းမရစေရမယ်''

''အစ်ကိုက ဘယ်သွားရှာမှာလဲ''

''ဟ! ငါ့လောကမှာ ဆရာဝန်မတွေ တစ်ပုံကြီးရှိနေတာပဲ။ ဒီလောက်ဂျိဂျောင်ကျချင်နေတဲ့ကောင်ကို ဆရာဝန်နဲ့ပေးစားမှာပေါ့''

''ဟာ! အဲဒါတော့ လုံးဝမဖြစ်ဘူးဖေဖေ''

''ဘာဖြစ်လို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဝန်ဆိုမှတော့ ဆေးနံ့တွေ စွဲနေမှာပေါ့ဗျ။ နှစ်ယောက်စကားများလို့ မကျေနပ်တဲ့အခါ ကျွန်တော့်ကိုဆေးထိုးပြီး သတ်ရင် ဘယ့်နှယ်လုပ်ပါ့မလဲ။ မဖြစ်ဘူး. . . ဆရာဝန်ဆိုတာနဲ့ ဆေးထိုးအပ်ကို တွေ့ပြီးမြင်နေရပြီ"

"ဒီကောင်တော့ ကြံကြံဖန်ဖန်တွေးပူနေပြန်ပါပြီ"

"အဲဒါဆိုလည်း အသက်ဆီ Phone ဆက်ပြီး အကူအညီတောင်းရတော့မှာပဲ။ ဘာပဲဖြစ်ဖြစ် ဖွဲ့က အတွေ့အကြုံရှိတဲ့သူဆိုတော့ ကောင်းကောင်းရှာပေးနိုင်မှာ"

နှာခေါင်းရှုံ့လိုက်မိပြန်၏။ ဒီကောင့်ကို အပူကပ်မှတော့ သူပွဲ့တာပေါ့။ ဒီကောင့်ဘေးနားမှာရှိတဲ့မဒီတွေက ပေါ့ပေါ့နေပေါ့ပေါ့စား ခပ်ချွဲချွဲပူဆာတတ်တဲ့သူတွေချည်းပါပဲ။ အလှအပမက်ကြသလို မိတ်ပိုက်ဆံထိုင်ဖြုန်း လျှောက်ဖြုန်းနေတတ်ကြတဲ့ ဆန်ကုန်မြေလေးတွေချည်းသာပါလေ။

သူ့အတွက်ဆိုပြီးပြောရင်တော့ ရွေးကျန်မဟုတ်ရင်ကို Second Hand ရည်းစားတွေပဲ ရတော့မှာပေါ့။ ဘာလုပ်ရမှာလဲ။ ယောကျ်ားဆိုတာမျိုးက ကိုယ်သာ ပွေချင်သလောက် ပွေပေမယ့် ကိုယ်ယူမယ့်မိန်းကလေးကိုတော့ ခြောက်ပစ်ကင်း သဲလဲစင်တာကိုပဲ လိုချင်ကြမှာလေ။ သူလို ကိုယ့်ကိုယ်ကို တန်ဖိုး





ထားပြီး သီးသန့်နေတတ်တဲ့လူအတွက်က ပိုဆိုးတာပေါ့။

"အဲဒါက ဘာဖြစ်ရပြန်တာလဲ"

"သူနဲ့မပတ်သက်ချင်ပါနဲ့ ဖေဖေရာ"

"ဘာလို့လဲ"

"သူ့လိုမျက်နှာရှူးကို ရှာခိုင်းမှတော့ ဆားမပါတဲ့ဟာတွေကိုပဲ ရမှာပေါ့ဗျ"

"ဟာ! ဒီကောင်တော့ မဟုတ်မဟတ်ပြောပြန်ပြီ"

"ဒါဆိုလည်း သားလိုချင်တဲ့ပုံစံမျိုး ရှာလာခဲ့လေကွယ်"

"ကျွန်တော့်ပတ်ဝန်းကျင်မှာမှ မရှိတာမေမေရဲ့"

"မင်း Secretary ခန့်ထားတဲ့ကောင်မလေးကရော"

"ပြာလဲ့လဲ့လား"

"အေး. . . မဆိုးဘူးမဟုတ်လား"

"နာမည်နဲ့လိုက်အောင် ပြာလောင်ခတ်လွန်းလို့ နေ့တိုင်းအော်ဟစ်နေရတာ အာပေါက်လှုပြီ"

မေမေပါ မှုန်ကုပ်ကုပ်ဖြစ်ရာမှ ပြုံးလာလေ၏။ သူ့ဇီဇာကြောင်နေသမျှကာလပတ်လုံး အဘယ်မျှစိတ်ရှည်လက်ရှည်နဲ့ သတို့သမီးရှာပုံတော်ထွက်နိုင်မလဲဆိုတာ စောင့်ကြည့်ရုံသာ ရှိတော့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



''ဒါဆို Mumber ဦးမြင့်မြတ်ရဲ့သမီးလေး မေနိုင်းဆို ရင်ကော''

''အဲဒီကောင်မလေးက International Model size ဆိုပြီး အရပ်က ခြောက်ပေကျော် ကလန်ကလားနဲ့ ကြည့်မရပါ ဘူး''

''ဒါဖြင့် ကျောက်ကုန်သည်ကြီး ဦးကျင်ဟုတ်ရဲ့သမီး လေးဆို ဘယ့်နှယ်လဲ''

''အာ. . . အဲဒီကောင်မလေးက မျက်ပေါက်ကျဉ်းကျဉ်း နဲ့ ရယ်ပြလိုက်ရင် မျက်လုံးက ပျောက်ပြီး လူက ဘောလုံးလို ဝဝလုံးလုံးလေး ဘာသွားသုံးရမှာလဲ''

''ကြည့်! လုပ်ပြန်ပြီ''

''ဒါဖြင့် အေးသူငယ်ချင်းရဲ့သမီးလေး မြသီတာဆိုရင် ရော''

''မှူကြီးဆရာမလေးကိုပြောတာလား''

''ဟုတ်ပါ့''

''ကလေးတွေကိုအော်ငေါက်ပြီး ဆရာလုပ်နေတတ်မှ တော့ ကျွန်တော်တို့အိမ်မှာ လာငေါက်တော့မှာပေါ့ဖေဖေရဲ့။ မဖြစ် ပါဘူး''





''မင်းဟာက ဘယ်လိုလဲကွာ၊ ဆရာဝန်ဆိုတော့လည်း မဟုတ်၊ စီးပွားရေးလောကထဲကလည်း ခေါင်းခါ၊ ဟော! ရိုးရိုး အေးအေးဆရာမလေးဆိုပြန်တော့လည်း ငြင်း၊ မင်းဘယ်လိုလူ လဲ နေဝန်းနီ''

''သူ့အကြိုက်သာရှာပေးရင် ကလေးတွေ နားထောင် တဲ့ပုံပြင်ထဲက နတ်သမီးနဲ့ပေးစားမှပဲဖြစ်မယ်အစ်ကိုရေ့၊ တကယ် ပါပဲ''

ဖေဖေက လက်မြှောက်ပြလိုက်သလို မေမေက ရွဲ့ပြော ချေပြီ။ သူ့အဖြစ်က ဆူးကြားကဘူးလိုဖြစ်နေပြီလေ။ မယူချင် လို့ပါအကြောင်းပြလည်းမရ။ အရိုးများချေးခါးသလိုဖြစ်နေပြီကိုး။

''မျက်စိမပွင့်နားမလွင့် နုံနုံအအ အိမ်တွင်းပုန်းမျိုးတော့ ရှာမလာနဲ့သားရေ့။ လူတောမတိုးဝံ့တဲ့သူကိုတော့ မေမေချွေးမ မတော်နိုင်ဘူး''

''အဲဒီလိုမိန်းကလေးကိုပဲ ကျွန်တော်က ကြိုက်နေရင် ဘယ့်နှယ်လုပ်မလဲ''

မျက်စောင်းက ဒိုင်းခနဲရောက်လာတော့၏။ ဗိုက်ထဲက အချက်ပြနေတာတောင်မှ ခုထိမထရသေးတာလေ။ မပြုံးတစ် ယောက် ဟင်းအိုးတွေနွေးပြီး ညှော်ခန်းကိုလာထွက်ကြည့်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ပြန့်ဝင်သွားလိုက်နဲ့ အလုပ်ရှုပ်ပြနေတာတောင် Family Meeting က ကြာပါဘိ။

"ဖေဖေ့သူငယ်ချင်း မေရီအောင်ရဲ့တူမကို တစ်ချက်လောက် သွားအကဲခတ်ကြည့်ပါဦးလား"

"ဘာလုပ်သလဲ"

"ဆရာဝန်လေ၊ ဒေါက်တာယုသီဂီတဲ့။ . . . လမ်းမှာ ဆေးခန်းထိုင်တယ်"

"လာပြန်ပြီ ဒေါက်တို"

"အံမာ! ငါတို့လိုဒေါက်တိုတွေ ရှိနေလို့ မင်းတို့ကျန်းမာရေးကို ဂရုစိုက်လို့ရတာမဟုတ်လား"

"မသိတော့ဘူးဗျာ၊ နံပြားဆို ပဲပြုတ်နဲ့၊ အီကြာကွေးဆို လက်ဖက်ရည်နဲ့ ပေါင်မုန့်ထောပတ်သုတ်ဆို ကော်ဖီနဲ့၊ Cake ဆို တွဲဖက်တော့ရှိမှာပဲ။ တစ်နေ့ရလာမှာပေါ့"

"ဟင်! သုံးလိုက်တဲ့စကားပုံကလည်း စားစရာတွေချည်း ပါပဲလား"

"ဗိုက်ဆာနေပြီမေမေရဲ့ မေမေ့ချွေးမရဲ့လက်ရာ မစားရသေးခင် မပြုံးချက်တာကိုပဲ စားပါရစေတော့။ ဒီမှာဆာလွန်းလို့ အူခေါက်နေပြီ"





"ဟုတ်သားပဲ၊ မပြုံးရေ့ ထမင်းပွဲပြင်တော့ဟေ့။ နင့်ဘာဘ ရေချိုးနေတုန်း ဟင်းအိုးတွေ နွေးထားဦး"

ဟိုက ဘယ်နှခါမှန်းမသိ နွေးရလွန်းလို့ အိုးခမ်းပြီး ရေထိုးရလောက်ပြီ။ စကားဝိုင်းကိုမြန်မြန်ဖြတ်ကာ အတွင်းခန်းဘက် ဝင်ခဲ့မိ၏။ ရေခဲသေတ္တာထဲမှ ရေတစ်ဘူးထုတ်သောက်မိစဉ် လည်ချောင်းတစ်လျှောက် အေးမြစွာစီးဆင်းသွားလေသည်။

အချစ်ဆိုတာ ဒီလိုပဲ ရင်ကိုအေးမြစေတဲ့အရာဆိုရင်တော့ သူမြည်းစမ်းချင်ပါရဲ့။ သို့သော် အပြောကျယ်တဲ့လောကအလယ်မှာ ပြောသလောက်မလွယ်မှန်းကိုတော့ သူသိနေပါ၏။ မရှာရခင်ကတည်းက ရင်မောရပြီ့ ဩတို့သမီးလောင်းရေ့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မနက်စောစော အိပ်ရာနိုးသည်နှင့် မျက်နှာသစ်၊ သွား
တိုက်၊ ကိုယ်လက်သန့်စင်ကာ သနပ်ခါးရေကျဲကို အမြန်လူးလိုက်
ပါ၏။ ဆံပင်ရှည်ကို သေချာဖြီးသင်ကာ နှဖူးအပြောင်သိမ်းလျက်
ကျစ်ဆံမြီးကျစ်လိုက်ရပါသည်။ လူမြင်တင့်တယ်စေရန် ခပ်လတ်
တတ် Blouse အင်္ကျီနှင့် ပါတိတ်လုံချည်လေးကို ဝတ်လိုက်စဉ်
ခန်းထဲမှ လှုပ်ရှားသံကို ကြားလိုက်ရလေ၏။

"သမီး အခရာ"

"ရှင် . . . မေမေနိုးပြီလား"

"အေး"

"ရေအိမ်တက်မှာလား မေမေ"



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ်သမီးရယ်၊ မေမေ ဒီလောက်တော့ စမ်းပြီး သွားနိုင်ပါတယ်''

''မိုးတွင်းဆိုတော့ ချော်ပြုလဲသွားမှာကို စိုးရိမ်လို့ပါ မေမေရယ်''

''သမီး ဝါးလုံးတန်းလေး ချည်ထားပေးတယ်မဟုတ်လား။ ပန်းပို့သွားတော့မှာလား''

''ဟုတ်ကဲ့၊ သမီးပြန်လာမှ မနက်စာစားရအောင်နော် မေမေ၊ အိမ်အလုပ်တွေ ဘာမှလျှောက်လုပ်မနေနဲ့။ ပြန်လာမှ သမီးဘာသာသမီး ချက်မယ်''

''အေးပါ''

မေမေ အလွယ်တကူမျက်နှာသစ်လို့ရစေရန် စဉ့်အိုးထဲမှရေကို Plastic ဇလုံထဲသို့ သုံးလေးခွက် ထည့်ပေးထားကာ သွားတိုက်တံထဲ သွားတိုက်ဆေးထည့်လျက်၊ စဉ့်အိုးအဖုံးထက် ရေခွက်နှင့်အတူ တင်ထားပေးလိုက်ပါ၏။ မေမေ ရေအိမ်တက်ဖို့သွားစဉ်မှာ အိမ်ခန်းထဲဝင်ပြီး ခြင်ထောင်တင်ကာ အိပ်ရာသိမ်းပြီး အခန်းကိုသန့်ရှင်းရေးလုပ်လိုက်ပါသည်။

မေမေက မျက်စိမှုန်နေပြီမို့ နေ့ခင်းနေ့လယ် အိပ်ချင်ရင် ခြင်ထောင်ချအိပ်လို့ အလွယ်တကူအိပ်ဖို့အတွက် ခြင်ထောင်





ကြိုးကို မဖြုတ်ထားတာပါ။ 'ခရာ'အခန်းမှာတော့ အိပ်ရာရောဖျာကိုပါ လိပ်ထားပြီး ခြင်ထောင်တွေစောင်တွေပါ အကုန်ခေါက်သိမ်းယားတတ်ပါ၏။ အခန်းထဲမှာ သေတ္တာနှစ်လုံးနှင့်အတူ မှန်တင်ခုံ စားပွဲအပုလေးသာရှိပြီး ကျောက်ပျဉ်တစ်ချပ်နှင့် ခပ်ဝါးဝါး မှန်တစ်ချပ်သာ ရှိလေသည်။ အံဆွဲထဲမှာတော့ ခရာသုံးသည့် ဆံပင်ခေါင်းစည်းကြိုးတွေနှင့် ကလစ်တွေသာ ရှိပါ၏။

မေမေ့အခန်းထဲက ကျောက်ပျဉ်မှာ မေမေမျက်နှာသစ်ပြီးလျှင် လိမ်းလို့ရအောင် သနပ်ခါးပျစ်ပျစ်လေး ကျိုသွေးထားပြီးမှ ဧည့်ခန်းမှာ ဘုရားဝေယျာဝစ္စလုပ်ပြီး ဘုရားရှိခိုးလိုက်ပါ၏။ အာရုံပြုရှိခိုးပြီး ကြေးစည်ထု အမျှဝေစဉ် စားပွဲတင်နာရီမှ Alum မြည်သံ ထွက်လာလေ၏။

ခြောက်နာရီရှိပြီပဲ။ သူမ အလုပ်စလုပ်ရန် အချိန်ကျပြီလေ။ နာရီမှ Alum ခလုတ်ကို ပြန်ရွှေ့ထားလိုက်ပြီး ညက ရေတောက်ထားသည့်ပန်းတွေကို တောင်းထဲစီထည့်ကာ စက်ဘီးနောက်ခုံပေါ် မတင်၍ သိုင်းကြိုးဖြင့် သေချာချည်လိုက်ပါ၏။

''သွားတော့မလား သမီး''

''ဟုတ်ကဲ့မေမေ၊ သမီးပြန်လာရင် မုန့်ဟင်းခါးဝယ်လာခဲ့မယ်။ ထမင်းကြမ်းနဲ့စားကြတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . . ကားလည်း ဂရုစိုက်ကြည့်ပါဦး"

"ဟုတ်! သမီးသွားတဲ့အချိန်က ကားရှင်းချိန်ပါမေမေ ရဲ့။ မစိုးရိမ်ပါနဲ့။ မေမေ့ကို သမီးကန်တော့ပါတယ်"

"ငါ့သမီးလေး သွားလေရာလာလေရာ အန္တရာယ်ကင်း ဘေးရှင်းပြီး လုပ်သမျှ အဆင်ပြေချောမွေ့အောင်မြင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ရပါစေ မေမေ၊ သမီးသွားပြီနော်"

"အေးအေး"

စက်ဘီးရှေ့ဘီးနောက်ဘီးတို့ကို လေရှိမရှိစမ်းကြည့်ပြီး စိတ်ချတော့မှ စက်ဘီးကို အသာနင်းထွက်လာခဲ့ပါ၏။ ဈေးထဲ ရောက်တော့ ဈေးသည်တွေက ဈေးခုံတွေဈေးဗန်းတွေ ခင်းနေ ကြချေပြီ။

"မညို"

"ဟော! ခရာ ရောက်လာပြီ၊ အတော်ပဲ၊ မညိုကို ဈေး ဝိုင်းခင်းပေးပါဦး"

"ဟုတ်ကဲ့ပါ အစ်မ"

စက်ဘီးကို ဆိုင်ခုံဘေးမှာ ဒေါက်ထောက်၍ ရပ်လိုက် ပြီး မညိုနှင့်အတူ ဆိုင်ဝိုင်းခင်းပေးလိုက်ပါ၏။ မညိုယူလာတာ က အောင်သပြေ၊ ဇော်လုံးနှင့် ပြည်လုံးချမ်းသာများသာဖြစ်ပြ





ခရာ သယ်လာပေးတာက နှင်းဆီရောင်စုံ၊ စိန်ခြယ်နှင့် မေမြို့ ဂန္ဓမာတို့ပါ။ ခြံပန်းမို့ အရမ်းလတ်ဆတ်ပြီး ဝယ်သူရောက်တာနဲ့ အမြန်ဆုံးကုန်သည့်ပန်းတွေပါပဲ။

"မနေ့တုန်းက မှာသွားတဲ့စာရင်းရှိတယ် ခရာရဲ့။ သွား ပို့ပေးလိုက်ဦးနော်"

"ဟုတ်"

"ရော့ . . . ဒီမှာ ခြံနံပါတ်နဲ့ ပန်းစာရင်း။ ဒီနေ့ပန်းပိုးက ဘယ်လောက်လဲ"

"နှစ်သောင်းပါ အစ်မ"

"ညကျ စပယ်ဖူးမှာတဲ့သူတွေရှိတာ မမေ့နဲ့ဦးနော်"

"ဟုတ်ကဲ့ မညို"

မညိုက ဈေးခုံပေါ်မှာ ဝယ်သူလိုချင်စရာဖြစ်အောင် ပန်း စည်းတွေကို လှလှပပလေး စီတင်ပေးလိုက်ပြီး ဖောက်သည်တွေ ဝယ်တိုင်း ပန်းအပိုပေးလေ့ရှိတာမို့ ပန်းအပြေစည်းကို နောက်ဆုံး မှာ အသာချပေးလိုက်ပါ၏။

"ဒါဆို ခရာသွားတော့မယ် အစ်မ"

"အေး . . . ခရာ၊ ကျေးဇူးပဲနော်"

"ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တောင်းအလွတ်ကို ကြိုးဖြင့်ပြန်ချည်လိုက်ပြီး ဈေးထဲမှတွန်းထွက်လာပါ၏။ ဈေးထိပ်ဆိုင်မှာ ပဲကြော်နှင့် မုန့်ဟင်းခါးတစ်ပွဲ ဝယ်လိုက်ပြီး စက်ဘီးလက်ကိုင်မှာချိတ်ကာ ထွက်ခဲ့ပါ၏။ လက်ထဲမှဈေးစာရင်းကို လက်တစ်ဖက်ဖြင့် ကိုင်၍ကြည့်လိုက်မိ၏။ နှင်းဆီနီက သုံးအိမ်၊ နှင်းဆီဝါက နှစ်အိမ်၊ ရေမွှေးနှင်းဆီက ငါးအိမ်၊ ရောင်စုံနှင်းဆီက သုံးအိမ်၊ သပြေမှာတာက သုံးအိမ်၊ တခြားပန်းတွေမှာတာကလည်း ရှိသေး၏။ ဒီမနက်တော့ ခရာ အလုပ်ရှုပ်ရဦးမှာပါပဲလား။

အိမ်ပြန်ရောက်တော့ မေမေက အိမ်ဝမှာ ငုတ်တုပ်လေး ထိုင်ရင်း လက်ထဲမှာ စိပ်ပုတီးကို တချောက်ချောက်စိပ်နေလေ၏။

"ဆာနေပြီလား မေမေ"

"မဆာပါဘူးသမီးရယ်၊ ရပါတယ်"

"ဒီနေ့တော့ ထမင်းစားနောက်ကျတော့မှာပဲ မေမေရယ်၊ ပန်းလိုက်ပို့ပေးရမှာတွေ မနည်းဘူး"

"သူဌေးအိမ်တွေမဟုတ်လား သမီးရဲ့"

"ဟုတ်တယ်"

စင်ပေါ်ရှိနေသည့် စတီးဇလုံနှင့် ကြွေပန်းကန်ပြားရော ဇွန်းကိုပါ ဆပ်ပြာဖြင့် ထပ်ဆေးပြီးမှ ဇလုံထဲမှာ ညကထမင်း





ကြမ်းအကျန်နှင့် ဝယ်လာသည့်မုန့်ဟင်းခါးကို နယ်ဖတ်လိုက်ပါသည်။ မေမေစားရန် ကြွေပန်းကန်ပြားထဲထည့်ကာ ဇွန်းတပ်ပေးပြီး မေမေ့လက်ထဲသို့ သွားထည့်လိုက်ပါသည်။

ဇလုံထဲကျန်သည့်ထမင်းအနည်းငယ်ကို ခပ်သွက်သွက်စားကာ ရေနွေးကြမ်းမျှောချလိုက်ပါ၏။ ဦးကျော်ရဲ့ခြံထဲသို့ အပြေးသွားရဦးမှာလေ။ ဒါနဲ့ပဲ ထမင်းချက်ချိန်က မနက်ရှစ်နာရီကျော်ဖြစ်တော့မှာပါပဲ။ မဖြစ်တော့ပါဘူး။ နောက်ဆို မနက်လေးနာရီထပြီး ချက်ရတော့မှာပဲ။ ညနေအလုပ်ဝင်ပြီး အိမ်ပြန်ချိန်က ရှစ်နာရီခွဲ ကိုးနာရီ။ မနက်ပို့ဖို့ပန်းတွေ သွားယူထိုင်စည်းပြီးချိန်နဲ့ အိပ်ချိန်က ည (၁၁)နာရီကျော်ပြီလေ။ ဒီလိုနဲ့ ခရာ့အိပ်ချိန်က လေးငါးနာရီသာ ရှိတော့မှာပါပဲ။

ချက်ပြုတ်လျှော်ဖွပ်ပြီး အိမ်အလုပ်ပြီးရင် ဦးကျော်ရဲ့ပန်းစိုက်ခင်းထဲမှာ တစ်နေကုန်အောင် ပေါင်းရှင်းမြေဆွ လုပ်ပေးရတာပါ။ လခပေးအလုပ်ဖြစ်ပေမယ့် ပန်းရနံ့တွေ ရှူရှိုက်ရပြီး အင်မတန် မျက်စိပသာဒဖြစ်စရာပန်းခင်းတွေကြား ရှိနေရတာလောက် စိတ်ချမ်းသာစရာကောင်းတာမရှိ။

ညနေငါးနာရီမှာ သိပ်မကြာခင်ကမှ အလုပ်ရထားသည့် ဆေးခန်းမှာ Nurse အလုပ်လုပ်ရမှာလေ။ ခရာက Nurse



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းဆင်းဖြစ်ပြီး လူနာတွေကိုပြုစုစောင့်ရှောက်ရတာကို အင်မတန်ဝါသနာပါလေ၏။ ပထမတော့ ဆေးရုံမှာဝင်လုပ်ဖို့ ပြင်ပေမယ့် မျက်စိမမြင်ရသည့်မေမေ့ကို အိမ်မှာ တစ်ယောက်တည်းထားခဲ့ရမှာကို စိတ်မချတာမို့ Private ဆေးခန်းမှာပင် လခစားဝင်လုပ်ခဲ့တာပါ။

ရပ်ကွက်ဆေးခန်းမို့ ကုသခ အတော်အသင့်သာယူပြီး ဆရာဝန်မလှလှငယ်ငယ်လေးကလည်း သဘောမနောကောင်း မျက်နှာချိုတာမို့ ဆေးခန်းက နာမည်ကြီးနေတာပါလေ။ ခရေထက်လည်း အသက်နည်းနည်းပဲကြီးသူမို့ ခေါ်တာ့ကို 'မမ'ဟုသာ အလွယ်ခေါ်ဖြစ်ပါသည်။

"သမီးသွားလိုက်ဦးမယ် မေမေ၊ ပန်းကန်တွေ ဆေးမထားနဲ့ဦးနော်"

"အေးပါ သမီးရဲ့"

စာရင်းစာရွက်လေးကိုယူပြီး စက်ဘီးဖြင့် ဦးကျော် (ဦးကျော်နိုင်)၏စိုက်ခင်းခြံသို့ အမြန်ဆုံးနင်းလာခဲ့ပါ၏။ မနက်နေမင်းက ပူပြင်းဖို့ တာစူနေပြီပဲ။ မြက်ခမောက်လေးကို မေးသိုင်းကြိုးချည်၍ ဆောင်းခဲ့ပါ၏။ မိုးရွာရင်တော့ ခရေ့ကိုယ်မှာ ရွှဲရွဲစိုတော့မှာလေ။





"ဦးကျော်ရေ"

"ဪ! ခရေလား"

"ဟုတ်"

"ဝင်လာခဲ့လေ"

"အောင်နက်ကို တစ်ချက်ကြည့်ထားပေးပါဦး"

"ရပါတယ်၊ ဒီကောင်ကြီး ညကင်းစောင့်ရလို့ အခုမနက်စာစားပြီး တစ်ရေးအိပ်နေပါပြီ၊ လာ. . ."

ခြံတံခါးဂလန့်ကို အပြင်မှလှမ်းဖြုတ်ကာ ခြံထဲသို့လိုက်ပါသည်။ ဦးကျော်က အိမ်ရှေ့မြေကွက်လပ်မှာ ထန်းပက်လက်ကုလားထိုင်ဖြင့် ထိုင်လျက် ဆေးတံသောက်ရန် ပြင်ဆင်နေလေသည်။ ခြံစောင့်ခွေးကြီးအောင်နက်က အိမ်လှေကားရင်းမှာ ဆန့်ဆန့်ကြီးအိပ်လို့ပါလေ။

"ပန်းတွေ မှာလိုက်လို့"

"ဟုတ်လား၊ စိုက်ခင်းထဲ သွားလိုက်လေ၊ အဲဒီမှာ သမီးအစ်ကိုနဲ့အန်တီမြိုင်ရှိတယ်၊ သူတို့ဝိုင်းကူလုပ်ပေးလိုက်လိမ့်မယ်၊ သွားသွား"

"ဟုတ်ကဲ့"

စက်ဘီးကို အိမ်ဘေးမှာရပ်ခဲ့ပြီး အိမ်နောက်ဘက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



စိုက်ခင်းဆီ လျှောက်လာခဲ့ပါ၏။ ကုန်းပေါ်မှလှမ်းကြည့်လိုက်စဉ် ဦးကျော်၏ဇနီး 'ဒေါ်ပပမြိုင်'နှင့် ဦးကျော်၏သား 'ကိုအောင်မြင့်နိုင်'တို့ ခြံထဲမှာ ဦးစီးနေတာကို မြင်နေရတာလေ။

"အန်တီမြိုင်"

"ဝေ့! ခရာလား. . . လာလေ"

"ပန်းမှာလိုက်လို့ပါ အန်တီ"

"သားရေ၊ မောင်စိုးတို့ကို ပန်းဖြတ်ခိုင်းလိုက်ပါဦး"

"ဟုတ်ကဲ့အမေ"

ပန်းအရောင်နှင့် အပွင့်အရေအတွက်ကို ခရာ ရွေးပြလိုက်တာမို့ ကိုမောင်စိုးက သွားဖြတ်ပေးလေ၏။ ဒီမှာပဲ တစ်ခါတည်း စည်းသွားပေးမှာမို့ နှီးစည်းရေစိမ်ထားတာကို ကိုအောင်က ခရာ့ထံ ယူပေးလေသည်။

"မနက်စာ စားခဲ့ပြီးပြီလား"

"ဟုတ်"

"ဘာစားခဲ့တာလဲ"

"ထမင်းနဲ့မုန့်ဟင်းခါးပါ အစ်ကို"

"ဒီမနက် အမေ အလုပ်သမားတွေကျွေးဖို့ ကောက်ညှင်း ပေါင်းထားပေးတယ်။ အဖြူရော ငချိတ်ရောပဲ။ ငါးခုံးမ





ခြောက်ကြော်လေးနဲ့ စားသွားပါဦးလား"

"နေပါစေ အစ်ကို၊ ခရာ ဗိုက်ဝနေပါပြီ"

"သူ့အကြောင်းလည်းသိရဲ့သားနဲ့ သားရယ်၊ ခေါ်ကျွေးလို့များ ဘယ်နှခါစားလို့လဲ။ မင်းညီမက မာနခပ်ကြီးကြီးရယ်"

"အဲဒီလိုမဟုတ်ရပါဘူး အန်တီရယ်၊ အားနာလို့ပါ"

"သမီးမစားနိုင်လည်း မချိုစားရင်စားမှာပေါ့။ ဘူးနဲ့ထည့်ပေးလိုက်ပါသားရေ"

"ဟုတ်ကဲ့အမေ"

ခရာ ပန်းစည်းနေစဉ်မှာပင် ကိုအောင်က အိမ်ပေါ်သို့ တက်ကာ Plastic ဘူးလေးထဲသို့ ကောက်ညှင်းနှစ်မျိုးနှင့် ငါးခြောက်ကြော်ကို ခပ်များများလေး ထည့်လာပေးလေ၏။ ဒီအိမ်ပေါ်မှာတက်ပြီး ဝရံတာမှာ စာသင်ပေးခဲ့သည့်အစ်ကိုပါပဲ။ ခရာ ခုနစ်တန်းမှစ၍ ဆယ်တန်းအောင်တဲ့အချိန်ထိ စာသင်ပေးခဲ့သည့် အစ်ကိုနဲ့ရင်းနှီးပေမယ့် ဆရာဆိုသည့်အရှိန်၊ အစ်ကိုဟူသည့် အရွယ်ဖြင့် လေးစားသမှုရှိပြီး ခပ်ကင်းကင်းသာ နေတတ်ခဲ့တာ ကြာနေချေပြီလေ။

"ညနေ. . . အင်း"

"ပြောလေ၊ ဘာပြောမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုလေ၊ စပယ်ဖူးမှာထားလို့ အဲဒါ"

"ရပါတယ် ခရာရဲ့၊ ခူးထားပေးမှာပေါ့။ တစ်ခါတည်း သီထားပေးရဦးမလား"

"နေပါစေ၊ အစ်ကို့ကို အားနာလို့ပါ။ ခရာ့ဘာသာပဲ သီလိုက်ပါ့မယ်"

"ဩော် . . . အချိန်က တော်တော်ရှုပ်ရှာတာကိုး။ ညနေကျ ဆေးခန်းသွားရဦးမှာမဟုတ်လား"

"ဟုတ်တော့ဟုတ်ပါတယ်"

"ကိုယ်ပဲ သီထားပေးပါ့မယ် ခရာရယ်၊ ဘာမှပင်ပန်းတာမှမဟုတ်တာ။ အားနာစရာမလိုပါဘူး။ ဘုရားတင်ဖို့ လုပ်ပေးရတာမို့ ကုသိုလ်တောင် ရပါသေးတယ်"

အေးချမ်းစွာပြုံးပြလိုက်သည့် အစ်ကို့ကို ခရာ ပြန်ပြုံးပြလိုက်ပါသည်။ လောဘ၊ ဒေါသ၊ မောဟကင်းစင်သည့် ဤမိသားစုမှာ စိတ်ချမ်းသာသုခတို့သာ ပြည့်နှက်နေတာလေ။ ဝမ်းဝရဲ့၊ ခါးလုံရဲ့၊ လှူရရဲ့သာ စီးပွားရှာကြတာမို့ လောဘကင်းတာ မဟုတ်ပါလား။

ခရာ့မှာသာ မေမေ့ကျန်းမာရေးအတွက် မေမေမျက်စိ ခွဲဖို့ အိမ်စားဖို့ စုဘူးထဲသိမ်းဖို့ဆိုပြီး မျက်လုံးပြူးပြူးရှာဖွေနေရတာ





ဒါလေ။ အမေတစ်ခုသမီးတစ်ခုသာမို့ ငိုစားရယ်စားမရှိသော်ငြား စားသောက်ဖို့အပူကတော့ ရှိနေတာပါပဲ။

မေမေကတော့ တစ်ယောက်တည်း ရှာဖွေနေရသည့် သမီးဖြစ်သူကို သနားကရုဏာသက်ပေမယ့် ခရာကတော့ လူ ထိုင်း ဆပ်ခွင့်မရသည့်မိဘကျေးဇူးကို အနည်းနဲ့အများ ဆပ်ခွင့် ရတဲ့ဘဝကို ကျေနပ်ပြီး မုဒိတာပွားမိတာ အမှန်ပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ရေချိုးသနပ်ခါးလူးကာ ဆံထုံးပုံပုံလေး ထုံးလိုက်ပါ၏။ လက်စက ခါးတင်အင်္ကျီရင်စေ့အဖြူလေးကို ပြောင်လုံချည်အနီရောင်လေးနှင့် တွဲဝတ်လိုက်ပါသည်။ ညနေစာချက်ထားပြီးပြီမို့ မီးဖိုမီးခဲရှိမရှိ သေချာကြည့်ပြီးမှ မေမေဆာရင်စားဖို့ ထမင်းစားပွဲပေါ်မှာ ဟင်းအဆင်သင့်ပြင်ထားပေးလိုက်ပါ၏။ ထမင်းအိုးလေးကိုပါ စားပွဲအောက်နားမှာ ချထားပေးလိုက်ပြီး အဖုံးထက်မှာ သစ်သားယောင်းမလေး တင်ထားပေးပါသည်။

ခြံဝင်းလေးထဲမှာ ဝါးတုတ်ကလေးထောက်ရင်း လမ်းလျှောက်နေရာမှ မေမေက အိမ်ရှိရာဆီသို့ ပြန်လာပါ၏။ ညမှောင်လျှင်ထွန်းရန် လျှပ်စစ်မီးအိမ်လေးကို အုပ်ဆောင်းအုပ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားပွဲထက်မှာပင် တင်ထားလိုက်ပါသည်။ ခရာတို့အိမ်က မီးမရှိပေမယ့် ဘေးခြံက ကြီးကြီးမြတို့က ဘုရားစင်အတွက် မီး လုံးတစ်လုံးစာနှင့် မီးချောင်းထွန်းပြီး အိမ်လေးလင်းစေရန် မီး ခလုတ်ဆင်ပေးထားတာမို့ ခရာပြန်သည့်အချိန် ညရှစ်နာရီမှသာ ဒီမီးကိုဖွင့်ဖြစ်တာပါ။

ညခြောက်နာရီကျော် စမှောင်တဲ့အခါ အဆင်သင့်ထွန်း ဖို့ မီးအိမ်လေးနှစ်ခုလောက် ဝယ်ထားတာမို့ အဆင်ပြေနေပါ၏ ရေကိုလည်း ကြီးကြီးမြတို့အိမ်ကပင် သံတိုင်ကီတစ်လုံးနှင့် ရေ အိုးတစ်အိုးစာ ယူတာမို့ လကုန်ရင် ရေဖိုးမီးဖိုးရှင်းပေးရပါသည် ဦးကျော်တို့မိသားစုက လျှပ်စစ်မီးရရန် လုပ်ပေးမည်ဟုပြောသေ ပြား ခရာက မေမေ့မျက်စိခွဲဖို့ကိုသာ အရင်ဆုံးလုပ်ချင်၍ မီး မလုပ်ဖြစ်သေးပါချေ။

"သမီးသွားတော့မှာလား"

"ဟုတ်ကဲ့မေမေ၊ ဩော်. . . ညခြောက်နာရီလော ဆို ဦးကျော်တို့ခြံက ကိုမောင်စိုး ဒီကို စပယ်ဖူးပန်းကုံးလာပို့လိ မယ်နော်။ အဲဒါ မေမေယူထားပေးပါဦး"

"အေးအေး. . . သမီး၊ အပြန် ကားကြည့်ပြီး သ ထားဦးနော်"





"ဟုတ်ကဲ့ပါမေမေ"

ထုံးစံအတိုင်းပင် လုပ်နေကျအလုပ်ဖြစ်သည့် မေမေ့ကို (အပြင်ထွက်ခါနီး) ကန်တော့သည့်အလုပ်ကိုလုပ်ပြီးမှ စက်ဘီးလေးတွန်းကာ ခြံဝင်းလေးထဲမှ ထွက်လာခဲ့ပါ၏။ လမ်းသွယ်လေးမှတစ်ဆင့် ကားလမ်းမကြီးထက်သို့တက်ခဲ့စဉ် ကားတွေကို သတိထားပြီး စက်ဘီးနင်းလိုက်ရလေသည်။

လစဉ်ရသမျှ လခလေးကို ခြစ်ခြုပ်စားသောက်ချွေတာ စုဆောင်းခဲ့တာ ကြာခဲ့ပါပြီ။ အမေ့အတွက်ရည်စူးပြီး စုထားတဲ့ နို့မှုန့်ပုံးစုဘူးလေးက အတော်လေး လေးနေပြီမို့ ငွေတော်တော် များနေပြီမှန်း သိလိုက်ပါသည်။ ခွဲစိတ်ရမယ့်ကိစ္စတွေက အနည်း ဆုံး လေးငါးခြောက်သိန်းခန့်ရှိတာမို့ ဒီလောက်ငွေပြည့်ဖို့ကို ဘယ် လိုနည်းနဲ့များ စုရမှာပါလိမ့်နော်။

"တီ!"

"အမေ့!"

လမ်းသွယ်တစ်ခုထဲမှ ခေါင်းထိုးထွက်လာသည့်ကားတစ် စီးကြောင့် Platform ဘေးမှ နင်းလာရင်း လန့်ကာ လဲကျလေ ၏။ လန့်သွားတာထက် မျက်လုံးထဲ ပြာခနဲဖြစ်သွားမှုက ပိုလေ သည်။ စောစောကလေးတင် မေမေက မှောင်ရင် ကားသတိထား

www.burmeseclassic.com



ဖို့ မှာလိုက်ပါလျက် ညနေငါးနာရီ လင်းလင်းထင်းထင်းအချိန်ကြီးမှာမှ ဒီလိုဖြစ်ရတယ်လို့။

စက်ဘီးက ခြေတစ်ဖက်ပီအနေအထားမျိုးဖြင့် လဲနေတာမို့ ဘယ်ဘက်ခြေထောက်က အတော်နာသွားရပါ၏။ ဘရိတ်ကိုဖမ်းညှစ်လိုက်တာမို့ တံ့ခနဲအရပ် ဗိုင်းခနဲလဲကျတာမဟုတ်ပါလား။ ပြဿနာပါပဲ၊ ခြေသလုံးတွေတော့ စုတ်ပြတ်သပ်ကုန်ပါပြီ။

ကားတံခါးဖွင့်လိုက်သံကြောင့် ကားပိုင်ရှင်ဆင်းလာပြီမှန်း သိလိုက်ပါသည်။ စက်ဘီးကိုမ,လျက် ခြေရွှေ့လိုက်စဉ် မျက်ခနဲဖြစ်သွားသဖြင့် နာကျင်မှုကြောင့် မျက်နှာလေး ရှုံ့သွားရပါ၏။

"အား. . . ကျွတ်! ကျွတ်!"

"ဘာဖြစ်သွားသေးလဲ"

ဘာမှပြန်မပြောဘဲ ထရပ်ရန်ကြိုးစားနေတာမို့ ထိုလူက ခရာ့ဘီးကိုကိုင်လျက် ထောင်ပေးလိုက်လေ၏။ ပြီးနောက် ထိုင်လျက်သားလေးဖြစ်နေသည့် ခရာ့လက်မောင်းနှစ်ဖက်ကို ဖျပ်ခနဲကိုင်လျက် ဆွဲထူပေးလိုက်လေသည်။

"အ!"

"ဘာလဲ၊ ဘာမှမဖြစ်ဘဲနဲ့ လျော်ကြေးလိုချင်လို့ ဉာဏ်





များနေတာလား"

"ရှင်!"

"ဟုတ်တယ်လေ၊ ကိုယ့်ကားနဲ့မတိုက်မိပါဘဲ ကားရှေ့မှာ မင်းစက်ဘီးလဲချလိုက်တာ ကိုယ်မသိဘူးထင်နေလို့လား အမိရဲ့"

နာကျင်သည့်ကြားမှ ဒေါသက ဆောင့်ထွက်သွားရပါ၏။ ကြည့်စမ်း! လူပါးဝလိုက်တာ။ တကယ်ဆို ကိုယ်မမှားတောင်မှ Sorry လေးတစ်ခွန်းပြောလို့ ဘာများခက်ခဲမှာလဲ။ လူကိုလမ်းဘေးကဆိုပြီး အထက်စီးဆန်ဆန်ဆက်ဆံရတယ်လို့။ ဒါကြောင့် လူကုံထံတွေနဲ့ ခရာ ဝေးဝေးနေတတ်တာပါလေ။

"ရှင်စကားပြောတာ လွန်ပြီနော်၊ ခရာက လမ်းမကြီးအတိုင်း စီးလာတာ လမ်းမှန်တယ်ရှင့်"

"ဒါဆို ကိုယ်က လမ်းသွယ်ကထွက်ပြီး မင်းကိုတိုက်မိလို့လား။ ပြောပါဦး"

"ရှင် ဘာလို့ကားဟွန်းတီးလိုက်ရတာလဲ"

"ဟ! လမ်းမကြီးပေါ်တက်ဖို့ အချက်ပြလိုက်တာလေ။ မင်းဘာသာမင်း ဘာတွေတွေးပြီး စက်ဘီးစီးလာသလဲမှမသိတာ"

ကဲ! တောင်းပန်စကားပြောဖို့ ဝေးစွ၊ လူကို ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတန်မဲ့ ရန်စကားပြောနေပါသည့်လူကို စိတ်တိုတိုဖြင့် မျက်စောင်းခဲလိုက်မိတော့၏။ ဒီနေ့တစ်နေ့လုံး အဆင်ပြေချောမွေ့ခဲ့ပါလျက် ဒီညနေ ဒီလိုလူနဲ့တွေ့မှ ခရာ ကံဆိုးရတာလေ။

"ဟား. . . မျက်စောင်းက ရင့်လှချည်လား"

"ရှင်တောင်မှ ကိုယ့်ထက် အားနွဲ့တဲ့မိန်းကလေးကို ဘုကျကျပြောနေရဲသေးတာပဲလေ။ ထားပါတော့၊ အခုကိစ္စက ခရာမှားတာဆိုရင်ပေါ့။ ဒါပေမဲ့ ရှင်သိထားဖို့တစ်ခုတော့ ပြောခဲ့မယ်"

"ဘာလဲ"

"ကားမစီးနိုင်လို့ လမ်းပေါ်သွားလာနေရတဲ့လူတွေကို တိရစ္ဆာန်လို့မမြင်ဘဲ လူလိုတန်ဖိုးထားမြင်တတ်ဖို့ပါ လူကြီးမင်းရဲ့"

"ဘယ်လို"

ထိုလူက ခရာပြောသည့်စကားကို အံ့သြဟန်ပြလိုက်ပြီး သဘောကျသည့်နှယ် ခပ်တိုးတိုးရယ်လိုက်လေ၏။ မြင်ပြင်းကပ်လိုက်တာနော်။ ပုံစံက ရုပ်ရှင်မင်းသားရုပ်မျိုးလို ပြင်ဆင်ဝတ်စားထားပြီး မွေးကြိုင်ရနံ့တွေက မွှန်ထူနေတာမို့ ခေါင်းတောင်မူးသွားသလိုပါပဲ။

"ဘာရယ်တာလဲရှင့်"





"ဟင်းဟင်း. . . မင်းစကားက ကိုယ့်ကိုဆုံးမနေသလိုဖြစ်နေတာကိုး အမိရဲ့။ နေပါဦး၊ မင်းအသက် ဘယ်လောက် ရှိပြီလဲ"

"အဲဒါ ရှင်သိစရာမလိုပါဘူး"

"ဒါဆိုရင် ကိုယ်ကလည်း ကိုယ့်ထက်ငယ်ပုံရတဲ့ ချာတိတ်မလေးရဲ့စကားကို ဘာမှနားထောင်စရာမလိုဘူးပေါ့"

"ရှင်နော်"

"ကိုယ်ဘယ်သူလဲ သိရဲ့လား"

"မသိဘူး၊ သိဖို့လည်းမလိုပါဘူး"

ကဲ! မှတ်ထား။ သူ့ကိုယ်သူ Proud ဖြစ်ပြီး အထင်ကြီးနေတဲ့လူတန်းစားတွေကို ကြည့်မရတဲ့ခရာ့ကိုမှ မေးရတယ်လို့။ အလိုလိုနေရင်း လူတွေကို အဆင့်မတူသလို လူတန်းစားခွဲခြားပြီး အထင်တသေးနဲ့ကြည့်တတ်တဲ့ ဒီလိုလူကုံထံတွေကို တစ်ခါမှ ရင်းနှီးခင်မင်တဲ့မိန်းကလေးမှ မဟုတ်တာလေ။

"တကယ်ပဲ မသိတာလား"

"ရော်! မသိပါဘူးပြောနေတာကို ဇွတ်ကြီးမေးနေပြန်ပြီ။ ခရာတို့က ရှင်တို့လိုအချိန်ဖြုန်းပြီး လပ်လျားလပ်လျားလုပ်တဲ့လူတန်းစားမဟုတ်ဘူးရှင့်။ တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



သမားတွေ။ အချိန်ကိုလည်း တန်ဖိုးထားတတ်တဲ့သူ။ ကဲ! ရှင်နဲ့ဘာဆက်ပြောစရာမှမရှိတော့ဘူး။ သွားပြီ. . . ဒါပဲ''

ဘုဘောက်ပြောပြီး စကားကိုမြန်မြန်ဖြတ်လိုက်ပါ၏။ စက်ဘီးကိုတွန်းထုတ်လာခဲ့ပြီး နင်းစီးခဲ့ပါ၏။ ညှိုသကျည်းဆီမှ စပ်ဖျဉ်းဖျဉ်းနာကျင်မှုကြောင့် ခြေထောက်ပွန်းသွားပြီမှန်း သိလိုက်ပါသည်။ မတတ်နိုင်ဘူးလေ၊ ဆေးခန်းရောက်မှပဲ ရေဆေးတန်ဆေးပြီး အရက်ပျံဆွတ် ဆေးထည့်ရတော့မှာပဲ။

ဆေးခန်းရောက်တော့ ဆေးခန်းတံခါးဖွင့်ကာ ပြတင်းပေါက်တွေပါ ဖွင့်လိုက်ပါ၏။ ကြက်မွေးဖြင့် စားပွဲတွေ ဆေးဗီရိုတွေ ခုံတွေထက် ဖုန်ခါကာ ကြမ်းပြင်သံမံတလင်းကို မြက်တံမြက်စည်းဖြင့် လှဲကျင်းလိုက်ပါ၏။ လူနာစမ်းသပ်ရန်ကုတင်နှင့် လူနာစောင့်သည့်ခုံတန်းတွေကို သန့်ရှင်းပေးပြီးမှ ဒေါက်တာသုံးသည့် ပစ္စည်းပစ္စယတွေကို သန့်ရှင်းစင်ကြယ်အောင် ဆေးကြောလိုက်ပါ၏။

ရေဖန်ခွက်နှင့်ကော်ဖီခွက်တွေ ဖွန်းတွေမုန့်ပန်းကန်ပြားတို့ကို ရေခြောက်အောင် လက်သုတ်ပဝါဖြင့် အစိုတစ်ခုအခြောက်တစ်ခု နှစ်ခါသုတ်ပြီးမှ Plastic စင်လေးထက် မှောက်တင်ထားလိုက်ပါသည်။ ရေခဲသေတ္တာအသေးလေးထဲမှာ ရေသန့်ဘူးတွေ





ရှိမရှိ စစ်ဆေးပြီးမှ စားပွဲထက်တင်ထားသည့်ရေသန့်ပုံး ဘုံဘိုင်ခေါင်းကို လျှပ်စစ်ရေနွေးအိုးလေးထဲ တစ်ဝက်ခန့်ထည့်ပြီး မီးပလပ်ထိုး တည်လိုက်ပါ၏။ ငါးမိနစ်ကျော်လေးနဲ့ ဆူတာမို့ ခလုတ်ဘူးထဲလောင်းထည့်ပိတ်လိုက်ပါသည်။

ခရာထိုင်ရသည့် ဆေးပေးကောင်တာစားပွဲပေါ်မှ ဆေးဘူးတွေ ပုလင်းတွေကို ပိုသေသပ်စေရန် စီလိုက်ပြီး ခုံမှာထိုင်ချလိုက်ပါ၏။ လုံချည်ကို အသာမကြည့်လိုက်တော့ ဇကယ်ပင်ညိုသည့်နေရာညို၊ နီသည့်နေရာနီဖြင့် ခရော့ခြေထောက် ဒဏ်ရာရသွားတာလေ။

''ကျစ်! . .''

မေတ္တာတွေ အတုံးလိုက်အတစ်လိုက်ပို့ရင်တော့ ဒင်းဒုက္ခရောက်တော့မှာလေ။ စိတ်တိုလိုက်တာ။ နေ့နေ့ညည ရှိခိုးပူဇော်နေတဲ့ကုသိုလ်တွေက ဘယ်ချောင်ကိုများ ရောက်နေလို့ အခုလို အကုသိုလ်ဝင်လာရတယ်လို့။ ကိုယ့်အနာကိုယ်ပင် ပြန်ပြုစုပြီး လက်ဆေးနေစဉ် လူနာတွေ ရောက်လာတာမို့ လယ်ဂျာစာအုပ်ထဲမှာ ဒီနေ့ Date တပ်ပြီး အမှတ်စဉ်မှတ်၍ နာမည်စာရင်းသွင်းတာကို လုပ်လိုက်ပါ၏။

မမက အရေးကြီးလူနာပါပါက ဦးစားပေးရန်မှာထားတဲ



www.burmeseclassic.com

www.burmeseclassic.com



မို့ အသက်အရမ်းကြီးတဲ့ဘကြီးတွေဒေါ်ကြီးတွေနှင့် ကလေးပိစိလေးတွေကို ဆေးကုသခန်းထဲသို့ အရင်ဆုံးခေါ်ထည့်ပေးတတ်ပါ၏။ လာပြသည့်လူနာများလွန်းနေရင် အဖွားတိုင်းသည့်အလုပ်ကို ခရာပဲ တစ်ဦးချင်း ကြိုပြီးတိုင်းတာရပါသည်။

''ဟော! ဆရာမလေး လာပြီ''

လူနာတွေ ဝမ်းသာအားရဖြင့် ရေရွတ်လိုက်တာမို့ ခရာက Platform ဘေးမှာ ကားရပ်လိုက်သည့် ဒေါက်တာ့အနီးကို ခပ်သွက်သွက်သွားကြိုလိုက်ရလေသည်။ မမလိုဒေါက်တာမျိုးက အရှားသားပါပဲ။ တစ်နေ့လုံးလည်း ဆေးရုံမှာ အကြာကြီးလုပ်ခဲ့ရတာလေ။ ညနေတိုင်းလည်း Sunday တောင်မရှောင် ဒီဆေးခန်းမှာ လာကုပေးပြန်တာပါ။

ရပ်ကွက်ဆေးခန်းမို့ ကုသစရိတ်က အလွန်ဆုံးရလှထောင်ကျော်ရုံသာ။ ဒီကြားထဲ အကြောဆေးတွေ Drip တွေ ချိတ်ရတာမျိုးဖြစ်ရင် လေးငါးထောင်ကျော်ကျပေမယ့် လျှော့ပေါ့ယူစေတာပါလေ။ အရမ်းနွမ်းပါးလွန်းတဲ့လူနာတွေပါရင် ဆေးစာရွက်ထဲမှာ Pass ဆိုပြီး ခရာနားလည်တဲ့စကားလုံးနဲ့ ဆေးဖိုးမယူဖို့ ရေးပေးလိုက်တာပင်။

ဘယ်၍ ဘယ်မျှယူရမည်ဆိုတာကို အင်္ဂလိပ်အက္ခရာ





စာလုံးကြီးအတိုကောက်ဖြင့် ခရာ့ကိုသင်ပေးထားတာမို့ ခရာနှင့် မမသာ ဒီစာရင်းကို နားလည်နိုင်တာပါ။ ဆေးခန်းပိတ်ချိန်ကို ညရှစ်နာရီသတ်မှတ်ထားပေမယ့် လူနာမကုန်သေးရင် ကုန်တဲ့အထိ အချိန်ယူကုသပေးပါ၏။

ဆေးရုံကနေ ဒီကိုတန်းလာတာမို့ ဆေးခန်းဖွင့်ချိန် ငါးနာရီခွဲကို အချိန်မီမရောက်နိုင်ဘဲ ခြောက်နာရီနားနီးမှ ရောက်လာတတ်ပေမယ့် လူနာတွေက မမကိုအပြစ်မမြင်ကြပါချေ။ ဘာငွေကြေးကိုမှ ရှေ့တန်းမတင်ဘဲ စေတနာဗလပွနှင့် ဆေးကုသပေးသည့်မမဒေါက်တာ၏ ဖြူစင်သည့်စိတ်နှလုံးကို အလိုလိုသိနိုင်သည်ကိုး။

“လူများလား ခရာ”

“ဆယ်ယောက်ကျော်လောက်တော့ ရှိပြီမမ၊ နောက်မှရောက်လာတဲ့လူတွေကို ခရာ စာရင်းမသွင်းရသေးဘူး”

“ဟုတ်လား။ ဆားလိုက်တာကွယ်၊ ဘာမှစားမလာဖြစ်ဘူး”

“ခရာ ကော်ဖီဖျော်ပေးမယ်လေ မမ”

“အေးကွယ်၊ Dash board ပေါ်မှာ မမ Sandwish ဝယ်လာတယ်။ မေ့တော့မလို့။ ယူလိုက်ပါဦး ခရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မမ"

မမလက်ထဲမှ ဆေးသေတ္တာကိုယူလိုက်ပြီးမှ ကားရှေ့ခန်းသို့ ငုံ့ဝင်ကာ မုန့်ထုပ်ကိုလှမ်းယူလိုက်ပါ၏။ ဇိမ်ခံကားထဲမှာ ယခုတိုင် Air-con က အေးနေတုန်းပါလေ။ ဤမျှပြည့်စုံချမ်းသာတဲ့မမဒေါက်တာလိုမျိုး နေချင်လိုက်တာဟူသည့် မစ္ဆရိယမျိုးကိုတော့ ခရာ ယောင်လို့တောင် မတွေးရဲခဲ့ပါချေ။

"လူနာနည်းနည်းရှင်းမှပဲ စားကြတာပေါ့"

"ဟုတ်ကဲ့ မမ"

ဆေးခန်းမှာဖြစ်ပေမယ့် ခရာအဝတ်အစားသက်သာစေရန် Nurse uniform ကို မမက ဝတ်စေတာပင်၊ ခရာကလည်း သာမန်ထက် ဒီဝတ်စုံလေးဝတ်လိုက်ရင် ကိုယ့်ကိုယ်ကို ပိုပြီးယုံကြည်မှုရရှိစေသလို ခံစားချက်ရှိတာမို့ ပိုနှစ်သက်ပါ၏။

လူနာပါးသွားချိန်မှာ မမနှင့်အတူ ကော်ဖီနှင့်မုန့်စားရင်း ဒီနေ့ကုသခငွေစာရင်းကို ပေါင်းလိုက်ပါ၏။ မမက နေ့တိုင်းငွေမသိမ်းဘဲ ခရာ့ကို တစ်ပတ်တစ်ခါ ဒါမှမဟုတ် နှစ်ပတ်တစ်ခါလောက်မှ စာရင်းစာရွက်နှင့်အတူ ငွေသိမ်းပါ၏။

ငွေအပ်တိုင်း ခရာ့လခကပင် လူနာကုသခငွေထက် များနေတာမို့ မမကို မျက်နှာပူ အားနာမိရလေ၏။ စိတ်ရင်းကောင်း





သော စေတနာထားတတ်သော နှလုံးသားဖြူစင်သော မမဒေါက်တာ ယုသီဂီကို ကျေးဇူးရှင်အဖြစ်သတ်မှတ်ပြီး ဘုရားရှိခိုးတိုင်း ဆုတောင်းမေတ္တာပို့သတတ်တာကို ခရာကိုယ်တိုင်သာ သိနေတာပါလေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"ဘာပြောလိုက်တယ်"

သူငယ်ချင်းတွေက သူပြောတာကို နားမလည်တာမို့ မေးခွန်းထုတ်နေကြလေ၏။ Waiter လာချပေးသည့် Coat ဘူးမှ ကလစ်တံကိုဆွဲဖွင့်ရင်း မော့ချလိုက်မိသည်။ အအေးက ရင်ထဲအေးမသွားဘဲ လည်ချောင်းတစ်လျှောက် ပူသွားသည့်နှယ်ပါလေ။

"ဪ. . . ငါ့ကိုယ်ငါ ဘာမှမဟုတ်သေးတဲ့ကောင်ပါလားဆိုတာ ဒီနေ့မှသိလိုက်ရတယ်လို့ ပြောတာပါ"

"မင်းဘာတွေဖြစ်လာခဲ့လို့လဲ"

နန္ဒအမေးကို မဖြေဖြစ်သေးဘဲ အတွေးက လွင့်သွားရ



www.burmeseclassic.com

www.burmeseclassic.com



ပါး၏ ဆံထုံးပုံပုံလေးထုံးထားသည့်မျက်နှာနုနု၊ ဖြူဖွေးဆွတ်နေသည့် အကျီဖြူဖြူအောက်မှ ဝင်းဝင်းမွတ်မွတ် အသားဝါဝါသွေးလေး၊ လုံချည်နီနီရဲရဲလေးအောက်မှာ အနည်းငယ်မျှပေါ်လွင်သွားပါသည့် ခြေသလုံးသားဖွေးဥဥ သွယ်လျလျ၊ အဘယ်မျှ ကျက်သံရေရှိလိုက်ပါတဲ့ နာ့စ်မလေးပါလိမ့်။

ဤသို့သော ခပ်လန်းလန်းခေတ်သမီးပျိုတွေထဲမှာ ဤသည်သော ခပ်ရိုးရိုးမိန်းကလေးမျိုးက အရှားသားမဟုတ်လား။ ထိုသို့သော ခပ်ရှားရှားမဒီပျိုလေးက သူ့ကိုမသိဘူးတဲ့လေ။ သူ့လို နာမည်ကြီး Model အဆိုတော်တစ်ယောက်ကို 'မသိဘူး'လို့ တုံးတိကြီးပြောချလိုက်တာ အဘယ်မျှအောက်လိုက်ပါသလဲ။

ဟန်ဆောင်ပုံမရပါ။ တကယ့်ကိုမသိ၍သာ သူမ ထိုသို့ ပြောမှန်း ထိုမျက်ဝန်းနက်တို့က အလိုလိုပြောနေတာလေ။ ဟုတ်တယ်၊ သူ့အနီးဝန်းကျင်က မျက်တောင်တုတွေတပ်ပြီး ဆေးခြယ်ထားတဲ့မျက်လုံးမျိုးမဟုတ်ဘဲ ပကတိ မည်းနက်နေသည့်စိမ်းဖန့်ဖန့်မျက်ဝန်းတစ်စုံရယ်ပါလေ။

"ဟော့ကောင်! ဖွဲ ဟာ. . . ဒီကောင်တော့ ငုတ်တုပ်ကြီး ဂန့်ပြီလားမသိဘူး"

"အေးလေ၊ စိတ်နဲ့လူ မကပ်ဘဲ ဘယ်ပရေရှိမြက်ခင်း





ထဲ လွင့်နေသလဲမှမသိတာ"

"ဟောကြည့်! ငါးသလဲထိုးအပြုံးမျိုး ပြုံးနေပြန်ပြီ"

"အဟွတ်. . . အဟွတ်. . ."

တစ်ယောက်တစ်ပေါက် ဝိုင်းစနေသည့်သူငယ်ချင်းတွေကြောင့် အအေးကိုကုန်အောင် မော့နေမိစဉ် သီးလေ၏။ မျက်စိရေ့တည့်တည့်ထိုင်နေသည့်ကျော်စွာ့ထံ ဘူးခွံဖြင့် ပေါက်လိုက်စဉ် (တရုတ်သိုင်းကားတွေကို အရူးအမူးဖြစ်သည့်) ငကျော်က ဖျပ်ခနဲ ကိုယ် ယိမ်းရှောင်လိုက်လေသည်။

"ဘယ်ရမလဲ ဖွဲ့ဇာနည်ရယ်"

ဘူးခွံက နောက်ဘက်နံရံကို သွားထိကာ Back ပြန်လာပြီးမှ ဒင်းခေါင်းကို မှန်လေ၏။ တစ်အုပ်စုလုံး၏ 'အိုး'ခနဲ ရယ်သံက လူရှင်းသည့်ဆိုင်ထဲမှာ ခပ်ကျယ်ကျယ်ထွက်သွားလေသည်။

"ဘယ်လိုလဲ ဂန္ဓဝင်ဘောလုံးသမားကြီးရဲ့၊ ကာတင်ကစ်ကိုတော့ မင်းမရှောင်နိုင်ဘူးမဟုတ်လား"

"နောက်မှာ နံရံရှိတာကို ငါမေ့သွားလို့ပါကွ"

"ကဲပါ၊ လင်းစမ်းပါဦး"

လက်ကို တစ်ရှူးစက္ကူဖြင့်သုတ်ရင်း သူ ခုံကိုခပ်မှီမှီထိုင်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပါသည်။ ဒီဆိုင်က Net လည်း ုးလို့ရသလို အစားအသောက်မျိုးစုံလည်းရနိုင်တာကြောင့် သူတို့အုပ်စုရောက်တတ်တာပင်။ တစ်ယောက်တည်းဆိုရင်တော့ အိမ်မှာသာ အောင်းနေတတ်ပြီး များသောအားဖြင့်တော့ ဒီသူငယ်ချင်းသုံးယောက်နှင့်အတူ ထိုင်လေ့ရှိတာပါပဲ။

"ဒီကိုလာရင်းနဲ့ ငါ့ရှေ့ကို ပန်းကလေးတစ်ပွင့် ကြွေကျတာ ကြုံခဲ့ရလို့"

"ဘာပန်းလဲ"

"ခရေပန်းလား"

"တရုတ်စကားပန်းလား"

သူခေါင်းခါပြလိုက်တော့ သူတို့အုပ်စုထဲမှာ ဗရုတ်အကျဆုံးဖြစ်သည့်သူရက အရွှန်းထဖောက်ပြန်၏။

"မဟုတ်မှလွဲရော၊ ခွေးသေးပန်းပဲဖြစ်ရမယ်"

"မင်းဘကြီး ခွေးသေးပန်းက ဘယ်မှာကြွေလေ့ရှိလို့လဲ"

"အေးလေ"

"ငါပြောတဲ့ပန်းဆိုတာ မိန်းကလေးလှလှလေးကိုဆိုလိုတာ လဒရဲ့။ မသိရင်မှတ်ထား"





"လာတယ်. . . လာတယ်. . . ဖိနပ်ကြီးနဲ့"

"ကဲ! ဆိုစမ်းပါဦး ဖွဲဇာနည်၊ မင်းလိုနာမည်ကြီး Model အဆိုတော်တစ်ယောက်က ဘေးနားမှာခါချရလောက်အောင်ကို များလွန်းနေပါလျက်နဲ့ ထူးထူးဆန်းဆန်းညွှန်းရတဲ့ မဒီကလေးအကြောင်း"

"ခရာတဲ့"

"ဘာ!"

"ဟာ. . . တိုးတိုးပြောပါ ခွေးနာရဲ့၊ လန့်လိုက်တာ"

"နာမည်ကလည်း ဆန်းဆန်းပြားပြား"

"လူကတော့ ရိုးတယ်မောင်"

"ဘယ်လို"

"လုယဥ်ကျေးမယ်ကိုယ်လုံးလေးလို အချိုးအစားကျကျ သေးသေးသွယ်လေးနဲ့ ယဉ်ယဉ်လေးလှတာကွ"

"သွားပြီ၊ ဒီကောင်တော့ ဆေးစားမှားပြီထင်ပါရဲ့"

နီးတဲ့လူက သူ့ရဲ့လက်မောင်းကို လှမ်းထိုးလိုက်တာမို့ ရှောင်ချိန်မရလိုက်။ ဒီအုပ်စုက ငယ်စဉ်ကတည်းက အတူအိပ်အတူဆော့ခဲ့တာမို့ ညီအစ်ကိုတွေလိုချစ်ခင်ပြီး ပြောမနာဆိုမနာဖြစ်ခဲ့တာပင်။ ဝမ်းကွဲအစ်ကိုဖြစ်သူ 'နေဝန်းနီ' နဲ့တောင် ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



မချစ်။ ကိုကိုက အစ်ကိုသာဖြစ်တာ သူ့ကိုလည်း ညီလိုသဘောထားတာမှမဟုတ်တာလေ။

မျက်နှာက တစ်လောကလုံးကို သူပဲတင်ကျွေးထားရသလို ရှစ်ခေါက်ချိုးမျက်နှာ။ မျက်မှောင်ကြီးကြုတ်ပြီး မျက်နှာကိုလည်း စူပုပ်ထားတာလေ။ မျက်နှာမြင်ချစ်ခင်ပါစေဆိုတဲ့ဆုနဲ့ပြည့်တဲ့ အပြုံးရှိသူက 'ဖွဲ့ဇာနည်'ဆိုတဲ့သူပါပဲ။

ကိုကိုဆိုလို့ အန်တီကြီး (ဒေါ်လေပြည်အေး)က ကိုကို့ဆီကို သူသွားတွေ့ဖို့ မာမီ(ဒေါ်သက်မြတ်နိုး)ကိုမှာထားမှန်း သတိရသွားပါ၏။ အခြေကလည်း ကြီးပုံ့။ သူလိုနာမည်ကြီးတဲ့လူက လူကြားထဲ ကိုကို့ကိုသွားတွေ့စရာလား။ ဟာကယ်ဆို တွေ့ချင်တဲ့လူက လာတွေ့သင့်တာပေါ့နော်။ ဒါပေမဲ့ အငယ်ဆိုတဲ့ခေါင်းစဉ်နဲ့ ကိုကို့ဆီကို သူပင်သွားတွေ့ရတော့မှာလေ။

"လူကသာ ရိုးတာကွ၊ စွာလိုက်တာတော့ မပြောနဲ့"

"ဟော!"

"ဒါပေမဲ့ ငါ့ကိုရန်တွေ့တဲ့နှုတ်ခမ်းလေးက ဒီနေ့ရာကို ထိတယ်ကွာ"

ဘယ်ဘက်ရင်အုံနေရာကို သူထိပြလိုက်တော့ သူငယ်ချင်းတွေ၏အသံသေးအသံကြောင်တွေ ထွက်လာလေ၏။ လှောင်





ကြပေမပေါ့။ ဖွဲ့ဇာနည်ရဲ့ဘဝမှာ မိန်းကလေးဆိုတာ အပျင်းပြေအပျော်တွဲအဆင့်မှာသာ ရှိတာလေ။ အခုလို Heart ထိတဲ့ပုံစံမျိုးကို သူ့နှုတ်က တစ်ကြိမ်တစ်ခါမှပြောခဲ့တာမှမရှိပါချေ။

"အတည်လား"

"အေး"

"ကျားသားမိုးကြိုး မင်းမားသားကြီး ကြားရင်လည်း ယုံမယ်မထင်"

"ဟုတ်ပါ့. . . အနောက်အရပ်က နေထွက်တယ်ဆိုရင်တောင် ပုံပြင်မှတ်ပြီး ယုံရင်ယုံဦးမှာ သေချာသေးတယ်"

"အပိုတွေပါကွာ၊ ဟိုတလောက စင်္ကာပူပြန် ကပြားModel လေးနဲ့တုန်းကလည်း အဲဒီလိုပြောခဲ့တာပဲလေ။ တွဲတာ ဘာကြာလို့တုန်း၊ နှစ်လလားပဲ။ ပြီးတော့လည်း Go, went, gone ဖွဲ့ဇာနည်ပါကွာ"

ဟုတ်ပါတယ်လေ၊ သူက ပန်းခင်းအလယ်မှာရှိတဲ့ လိပ်ပြာလေးလို ဘယ်ပန်းကိုမဆို ဟိုကူးဒီကူးနမ်းရှိုက်တတ်တဲ့ အခွင့်အရေးပိုင်ဆိုင်တဲ့လူမဟုတ်ပါလား။ ဒီလိုလူရဲ့ရင်ထဲကချစ်ပြသနာကို ဘယ်သူက ယုံကြည်ကြပါ့မလဲလေ။ သို့သော် ဘယ်ပုရိသရဲ့ရင်ထဲမှာမဆို စစ်မှန်သည့်ချစ်ခြင်းတွေရှိတာကိုတော့ သိစေချင်



www.burmeseclassic.com

www.burmeseclassic.com



ပါရဲ့။

"မင်းတို့ကလည်းကွာ၊ ငါ့ရင်ထဲမှာ အချစ်စစ်အချစ်မှန်က မရှိရဘူးလား"

"ဟ! မင်းလိုလူမှာလေ"

"အေးလေ၊ ငါတို့ဆို တစ်ယောက်ဆိုတစ်ယောက်ပဲ တွဲတယ်မောင်။ ဒီလူနဲ့အဆင်မပြေဘဲ ကွဲ့ခ်ပွဲပြီး ပြတ်သွားရင် အနည်းဆုံး လေးငါးခြောက်လလောက် အိပ်ရာထဲလူးလိမ့်နေရတာ။ နေသားတကျဖြစ်သွားမှ နောက်တစ်ယောက်ထပ်ရှာရတာတောင် အနိုင်နိုင်ရယ်"

"အေးလေ၊ မင်းလိုဟောတစ်ယောက်ဟောတစ်ယောက်ဆိုပြီး အင်္ကျီဘောင်းဘီလဲသလို ပြောင်းနေတာမျိုးမဟုတ်ဘူး"

"မင်းတို့ပြောမှပဲ ငါ့ကိုယ်ငါ ဗီလိန်လိုလိုဖြစ်နေပြီလားတွေးမိတော့တယ်"

"မဟုတ်လို့လား"

သူ့မျက်နှာကို ရှုံ့တွလိုက်မိတော့၏။ တကယ်ဆို သူက မျက်နှာများတဲ့မောင်မှမဟုတ်ပါလေ။ ကောင်မလေးတွေနဲ့ ရည်းစားမဟုတ်ဘာမဟုတ် ဟိုမရောက်ဒီမရောက်မိန်းကလေးတွေနဲ့သာ တွဲခဲ့မိတာပါ။ အခုတော့ နာမည်ထွက်တဲ့ကောင်ဖြစ်နေပါ





ရောလားနော်။

"ဘယ်လိုပဲဖြစ်ဖြစ် အချိန်တန်ရင် မင်းတို့လည်း တစ်ယောက်တော့ ယူမှာမဟုတ်လား"

"ဒါပေါ့. . . မင်းလိုသာ လျှောက်ဖမ်းနေရင် ငါးရံ့တစ်ကောင်မှမိမှာမဟုတ်ဘူး"

"ငါတို့ကသာ မိန်းမယူဖို့စဉ်းစားနေတာ၊ ငါ့အစ်ကိုဆို ခုထိငြင်းတုန်း"

"ဟေ! ကိုနေဝန်းလား"

"ဟုတ်ပ"

"ဘာလို့လဲ"

"မသိပါဘူးကွာ၊ အန်တီကြီးရော ဘဘပါ ကိုကို့ကြောင့် ခေါင်းခဲနေရပြီ။ ဘယ်လိုလူမှန်းကိုမသိ၊ ခေါ်လာသမျှမိန်းကလေးတိုင်း No ချည်းငြင်းနေတာပဲတဲ့"

"သူ့မှာ ချစ်သူတွေဘာတွေ ရှိလားမှမသိတာ"

"ရှိကိုမရှိတာတဲ့၊ ရည်းစားထားဖို့လည်း စိတ်ဝင်စားပုံမရပါဘူး။ တစ်နေ့တစ်နေ့ သူ့ကုမ္ပဏီမှာပဲထိုင်ပြီး အလုပ်ရှုပ်နေတာ။ သူပေသီးကျပုံနဲ့ သူ့ကုမ္ပဏီမှန်ထမ်းမြဲတာပဲ ကံကောင်း။ အလုပ်နဲ့ပတ်သက်ရင် နည်းနည်းလေးတောင်မှ အတိမ်းအစောင်း



www.burmeseclassic.com

www.burmeseclassic.com



ခံတာမဟုတ်ဘူးကွ။ အဲဒီမိန်းကလေးကိုစွပ် မစွဲတာ''

''သူမရှာနိုင်တာတောင် မိဘတွေရှာပေးတာကိုငြင်းတယ် ဟုတ်လား''

''အေး''

''ဒါဆိုမဟုတ်မှလွဲရော၊ မင်းအစ်ကိုက အပုံးကြီးဖြစ်နေလားမှမသိတာ ဖွဲ့ရ''

ဝေါခနဲရယ်ကြပြန်လေ၏။ များသောအားဖြင့် ဖြူဖြူနွဲ့နွဲ့ယောကျ်ားလေး၊ အစ်မတွေညီမတွေကြား ကြီးပြင်းလာရတဲ့ယောကျ်ားလေးမျိုးသာ ဒီလိုစိတ်မျိုးရှိတတ်တာပါ။ မိန်းကလေးဆန်ဆန် သိပ်ချောလွန်းနေရင် အတွင်းစိတ်က အဲဒီလိုဖြစ်တတ်တာမဟုတ်ပါလား။

ကိုကိုက သူ့လိုခပ်ဖြူဖြူကောင်လေးမှမဟုတ်တာလေ။ ယောကျ်ားပီသသည့်ခန္ဓာကိုယ်အချိုးအစားဖြစ်သလို သိပ်မဖြူသိပ်လည်းမညိုဘဲ အနည်းငယ်သာညိုသည့် (မာမီ့အခေါ်) ခပ်လတ်လတ်အသားရောင်ကို ပိုင်ဆိုင်ထားတာပါလေ။ သူရော ဒက်ဒီပါ အသားဖြူကြတာမို့ မာမီက ဘဘနဲ့ကိုကိုတို့လို အသားရောင်မျိုးကိုမှ သဘောကျသည်ဟု မကြာခဏချီးမွမ်းဖူးလေ၏။

''အဲဒီလိုတော့ မဟုတ်ပါဘူး မိန်းမတွေနဲ့ပတ်သက်ရင်





စိတ်ရှုပ်လွန်းတယ်ပြောဖူးလို့''

''ဒါဖြင့် သူ့ရုံးက မမတွေနဲ့ရော အဆင်ပြေရဲ့လား''

''ပြောမနေနဲ့၊ တစ်နေ့တစ်နေ့ အော်ဟစ်နေတာတဲ့''

''သူ့ Secretary နဲ့ရော''

'အေး. . . အဲဒီနာမည် ဘယ်သူ၊ ခပ်ဆန်းဆန်းပဲ၊ သြ ဟုတ်တယ်၊ ပြာလဲ့လဲ့ဆိုတဲ့ကောင်မလေးက ပေါက်ကျော်မ၊ ရမ်းပုံ့တဲ့။ မျက်နှာလေးကတော့ ချစ်စရာလေး၊ အဲဒါလေးကိုလည်း မျက်စိနောက်လွန်းလို့ နေ့တိုင်းဝေါက်ဆိုပဲ''

''အဲဒါလည်း သည်းခံလုပ်နေတာပဲလား''

''ဒါပေါ့၊ ပြာလဲ့လဲ့က အန်ကယ်ကြီးသူငယ်ချင်းရဲ့တူမဆိုလား။ နည်းနည်းရင်းတာမို့ သူ့ဒယ်ခံနိုင်တာ''

''မင်းအစ်ကိုက ဘာကြီးလဲ''

''အေး. . . အဲဒါကြီးပဲ၊ အဲဒါကြီးဆီကို ငါသွားတွေ့ရဦးမှာ''

''ဘယ်မှာလဲ၊ အိမ်မှာလား''

''ဘယ်ကသာ၊ သူ့ကုမ္ပဏီကိုသွားရမှာပေါ့။ လိုက်ကြမလား''

''ဘယ်တော့လဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရွှေတစ်ပတ်ထဲ"

'မလိုက်ပါဘူး။ အိမ်ဆိုရင်တောင် အန်တီအေးက ငါတို့ကို ချက်ကျွေးဦးမယ်"

"ရုံးသွားတော့လည်း ဘာဖြစ်လဲကွ၊ ကိုကို့ကို ကျွေးခိုင်းမှာပေါ့"

"ကျွေးပါလိမ့်မယ် အားကြီးကြီး၊ မင်းအစ်ကိုက ကပ်စေးနှဲဆို"

"ငါ့ကိုတော့ သဒ္ဓါပါတယ်ကွ၊ ဒီလောက်မကပ်ပါဘူး။ မြာပွေတဲ့ကောင်ထင်ပြီး ကိုမြာစွဲလို့ခေါ်တာပဲရှိတာ"

"၂ ဝင်တာလား"

"အဲဒီလိုတော့လည်း မဟုတ်ပါဘူး။ အခုက အန်တီကြီးတို့ရှာပေးတာ မယူချင်ရင် ငါရှာပေးတဲ့အထဲက ရွေးမလားလို့ သွားညှိရမှာ"

"လူပွဲစားပေါ့လေ"

"ကြည့်လည်းလုပ်ဦး၊ တော်ကြာ ပွဲစားလုပ်ရှာပေးတဲ့ မဒီလေးနဲ့ သူမငြိဘဲ မင်းနဲ့ငြိရင် ပွဲသိမ်းသွားဦးမယ် ငဖွဲရဲ့"

ဘာရယ်မဟုတ် ရယ်ဖြစ်ကြပြန်လေ၏။ ပွဲစားနဲ့သွားတာ ထားပါတော့။ ကိုကိုက ဘယ်လိုပုံဘယ်လိုမိန်းကလေးကို နှစ်





သက်သလဲဆိုတာကိုမှ သူမသိသေးတာလေ။ သူကတော့ Colour စုံမမတွေ ထည်လဲတွဲနေတဲ့ကြားက သနပ်ခါးနဲ့သင်းသင်းလေး ရတဲ့မိန်းကလေးကြောင့် ရင်ခုန်သံမြန်ခွင့်ရခဲ့တာမဟုတ်ပါလား။

'ခရာ'တဲ့။ မင်းနဲ့ထပ်ဆုံချင်ပါသေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

ကားကို ကုမ္ပဏီဝင်းထဲမှာ ရပ်လိုက်ပါ၏။ ကားသော့ကို လက်ညှိုးဖြင့် လှည့်ပတ်ဆော့ကစားရင်း ကုမ္ပဏီထဲ ဝင်ခဲ့ပါသည်။ ဝန်ထမ်းတွေက သူ့ကိုဘယ်သူမှန်းသိနေတာမို့ ပြုံးပြသူက ပြုံး၊ နှုတ်မှနှုတ်ဆက်သူက ဆက်ဖြင့် ပြန်ဖြေရင်း အလုပ်ရှုပ်သွားရလေ၏။ Lift ဖြင့် တက်လာတော့ နေ့လယ် (၁၁)နာရီကျော်နေချေပြီ။ ခဏနေ ထမင်းစားနားချိန်မို့ အချိန်တော့ပေးလောက်ပါရဲ့။

အပေါ်ထပ်ရုံးခန်းရှိရာကိုလာတော့ သူ့ရုံးခန်းထဲမှာရှိရင် မျက်စိနောက်တာမို့ အပြင်မှာထားသည့် Secretary ပြာလဲ့လဲ့က သူ့ကိုအရင်လှမ်းမြင်သွားလေ၏။ အလုပ်တွေ ဖယ်စက်သလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်နေရတာမို့ ဒီခန္ဓာကိုယ်ပါးပါးလေးက ဘယ်အချိန်မှပြည့်တော့မှာလဲ။

"ရှိလား"

"ရှိတယ်၊ ခဏလေး။ မေးပေးမယ်"

"ဘာလဲ၊ ညှိသည်ရှိနေလို့လား"

"ဟုတ်ဘူး. . . ခုန စာရင်းသွားပို့တာ ငွေကွာနေလို့ ဒေါသထွက်လို့လေ"

"နင့်စာရင်းလား"

"ဟုတ်ပါဘူး မန်နေဂျာ့ကိစ္စ"

ပြာလွဲ့လွဲ့က Intercon ခလုတ်ကိုနှိပ်လိုက်ပါ၏။ ကိုကိုက သူ့ရုံးခန်းထဲကို Secretary ဝင်ဟယ်ထွက်ဟယ် ခဏခဏ လုပ်တာကို မကြိုက်တဲ့လူပါလေ။

"ဘာလဲ"

"ညှိသည်ပါ MD "

"ဘယ်ကညှိသည်လဲ၊ ဒီလောက်အလုပ်ရှုပ်နေတဲ့ဟာကို။ ရှုပ်ရှုပ်ယှက်ယှက်"

ကဲကြည့်! အဘယ်မျှ စိတ်ဆတ်တဲ့လူပါလိမ့်။ လူကြီးလူကောင်းတွေလာရင်လည်း ဒီလိုဘုဘောက်ပြောချတာပဲလား။





လုပ်ငန်းပါတနာတွေဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ။ အားနာစရာပါပေ။

"MD ရဲ့ညီပါ"

"ဘာ"

ကဲ! ခွင့်ပြုပြုမပြုပြု ဘာမှထပ်ထွက်မလာစဉ် သူက ရုံးခန်း DoorLock ကိုလှည့်ဖွင့်ကာ ဝင်လိုက်ချေပြီ။ ခုံမှာထိုင်ရင်း ရှုတည်တည်ကြီးဖြင့် လှမ်းကြည့်လိုက်တာမို့ သူက ပခုံးတွန့်ပြလိုက်မိပါ၏။ ကောင်မလေးတွေတော့မသိ၊ ယောကျ်ားချင်းကတော့ ထရိုက်ချင်စရာပုံစံ 'နေဝန်းနီ'ပါလေ။

"ဘာလာရှုပ်ရပြန်တာလဲ"

"မာမီလွှတ်လိုက်လို့ လာခဲ့ရတာပေါ့ ကိုကိုရ"

"ဘာကိစ္စရှိလို့လဲ"

"ရှိလို့လာတာပေါ့ဗျ၊ အကြောင်းမရှိဘဲ ကိုကို့ဆီ အားအားလျားလျားမလာနိုင်ပါဘူး။ ကျွန်တော်လည်း အလုပ်ရှုပ်တဲ့သူပဲဟာ"

"မင်းရှုပ်တာ အလုပ်မှမဟုတ်ဘဲဟာ၊ အလကား. . . ကောင်မလေးတွေနဲ့ ခြေရှုပ်ချင်တိုင်းရှုပ်နေတဲ့လူကများ ကြီးကြီးကျယ်ကျယ်နဲ့ပြောနေပြန်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လုပ်နေတဲ့အလုပ်ကိုက မိန်းကလေးတွေနဲ့ တွဲလုပ်ရတဲ့အလုပ်လေ ကိုကို့ရဲ့။ ကိုကို့မှာ ထည့်လဲတွဲစရာရှိလို့လား။ မူးလို့ရှူစရာဖြင့် တစ်ယောက်တလေလေးတောင် မရှိတာများ"

"ဟော့ကောင်!"

ပြောရင်း တရှူးရှူးနဲ့ ဒေါသကထွက်ပြပြီ။ ဟုတ်တာပြောရင် နာတယ်ဆိုပဲ။ လူကိုချိုးချိုးဖဲ့ဖဲ့ပြောတဲ့ကိုကို့ကို သူလည်း ပြန်ပက်တတ်တာပါလေ။

"မင်းဟာမင်း ပွေချင်ပွေ ရှုပ်ချင်ရှုပ်။ ငါ့ကိုလာဖွဲ့မနေနဲ့"

"မဟုတ်ပါဘူး။ ကျွန်တော်က မာမို့ကို အန်တီကြီးပြောထားလို့ အကူအညီပေးမလို့ ကိုကို့ဆီရောက်လာတာပါဗျ။ ညီအစ်ကိုအချင်းချင်း စကားများဖို့မှမဟုတ်တာ"

"ဘာပြောထားလို့လဲ"

"ကိုကို့ကို တစ်သက်လုံး မလွတ်စေမယ့် ထောင်ချဖို့လေ။ အိမ်ထောင်"

မျက်နှာက ကြည့်မကောင်းလောက်အောင်ပင် ရှုံ့တွသွားလေ၏။ ဘယ်လိုဖြစ်ပြီး ဒီကိစ္စကို အသည်းအသန်များ ကြောက်





နေရတာပါလဲ။ လူမှန်ရင် အချိန်တန်တော့ အိမ်ထောင်ပြု မျိုးဆက်မွေးရမှာ တာဝန်ရှိတာပါလေ။ အခုတော့ နေဝန်းနီဆိုတဲ့ လူပျို (မကြီးတကြီး)က အိမ်ထောင်ပြုဖို့ကိစ္စကို ရွံနေသလိုပါပဲလား။

"အိမ်ထောင်ပြုချင်တာများ မင်းဘာသာမင်း ပြုပါလား။ ဘာလဲမသိ၊ မကောင်းကျောင်းပို့ပုံစံနဲ့ ငါ့ကိုလာဆွဲထည့်ရတယ်လို့"

"Senior ပြီးမှ Junior အလှည့်ပေါ့ကိုကို့ရဲ့၊ ကျွန်တော်က ကိုကို့ထက် သုံးနှစ်ငယ်တဲ့လူပဲဟာ"

"ကြီးတာငယ်တာမဆိုင်ပါဘူး။ မင်းသာ မိန်းမဖျပ်ဖျပ်လူး ယူချင်နေတာ။ မိန်းမဆိုတာ ဘာများထူးဆန်းလို့လဲ၊ အလကား. . ."

လာပြန်ပြီ အလကားဆိုပဲ။ သူတဟားဟားရယ်ချလိုက်မိပြန်လေ၏။ အဲဒီအစ်ကိုကတော့ လူရယ်ချင်စရာပါပဲလား။ ဘယ်လိုဖြစ်ပြီး မိန်းမတွေကို ကြောက်နေရတာပါလိမ့်နော်။

"အလကား အလကားဆိုပြီး ပြီးစလွယ်မပြောပါနဲ့ဗျ၊ အန်တီကြီးရောမာမိပါ မိန်းမတွေပဲမဟုတ်လား။ အန်တီကြီးသာ မမွေးခဲ့ရင် ကိုကိုသာ ဒီလောကလူဖြစ်ဖို့ ဘယ်မှာရှိမှာလဲ။ ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါဦး"

"ဟော့ကောင် ငဖွဲ၊ ကပ်ကပ်သပ်သပ်လျှောက်ပြောမနေနဲ့"

"ဟာ! အမှန်တရားကိုပြောနေတာလေ ကိုကိုရ"

"မပြောနဲ့"

"ကိုကို ဘာလို့ မိန်းမတွေကို ရွံ့ကြောက်ကြီးဖြစ်နေရတာလဲ"

"ငါဘယ်မှာကြောက်လို့လဲ"

"မပြောနိုင်ဘူးလေ၊ ကိုကို့ပုံစံက အဲဒီလိုကြီးဖြစ်နေတာကိုး။ ကျွန်တော့်သော်ဒါတွေကတော့ ကိုကို့ကို ဂျီပုန်းလို့ခေါ်ကြသေး"

"ဘာ!"

"Sorry...Sorry...ချစ်လို့စသလိုပြောတာပါဗျ၊ စိတ်မဆိုးပါနဲ့"

မျက်နှာကြီးရဲရဲနီသွားတာမို့ သူအမြန်တောင်းပန်လိုက်ရပါ၏။ ကိုကိုက သူ့ထက်အသက်သုံးနှစ်ကြီးပေမယ့် တကယ့်လူကြီးလို ဣန္ဒြေရှိပြီး တည်ငြိမ်သည့်လူငယ်လိုဖြစ်နေတာလေ။ သူတို့အုပ်စုက ဗရုတ်ကျကြပေမယ့် ကိုကိုကတော့ တစ်ခါမှ





ခေါက်ကရပြောတာမျိုး ရှိမှမရှိတာကိုး။

"ဘာလို့ မိန်းမမယူချင်ရတာလဲ"

"ငါ့ဘာသာငါ မယူချင်လို့ပေါ့ကွ"

"မြတ်စွာဘုရားတောင်မှ ပါရမီဖြည့်ဘက်ရှိလို့ ပွင့်လာရတာလေ"

"အံမာ! မိန်းမယူချင်တာနဲ့ နေရင်းထိုင်ရင်း မန္တိုင်းကောင်းမစီရာကိုပြောရတယ်လို့၊ ငရဲအိုးမျက်စောင်းထိုးချင်နေတာလား"

"ဟုတ်တယ်လေ၊ နွယ်ပင်ဆိုတာတောင် တွယ်စရာရှိမှ အပေါ်ကိုတက်လို့ရတဲ့ဟာ"

"မတတ်ဘဲနဲ့ လျှောက်ရှီးချင်မနေနဲ့၊ မင်းပြောတဲ့ကိစ္စနဲ့ မင်းဥပမာက ဘုန်းကြီးနဲ့ဘီးလို ဘာမှမဆိုင်"

သူ ဟက်ခနဲရယ်မိပြန်လေ၏။ စကားကြွယ်ဝတဲ့နေရာမှာတော့ ကိုကိုက သူ့ထက်ပင် သာနေသေးတာလေ၊ အနုပညာသမားဖြစ်ပြီး သူ့အတော်ညံ့သေးတာပါပဲလား။

"ဘာလဲ၊ မိန်းမမယူတဲ့ ရာသက်ပန်ဘုန်းကြီးဝတ်ဖို့ စိတ်ကူးထားလို့လား"

"ကြုံကြုံဖန်ဖန်၊ ငါအဲဒီဘက် ပါရမီမပါပါဘူး"

"ဒါဆိုလည်း စိတ်ကူးယဉ်ကြည့်ပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းတို့လို စိတ်ကူးပေါက်ရာ ပေါက်တတ်ကရလျှောက်လုပ်တတ်တဲ့လူမဟုတ်ဘူး။ နေဝန်းနီဆိုတာ လက်တွေ့သမား။ လက်တွေ့ဘဝမှာပဲ ရပ်တည်နေတာ"

"အေးလေ၊ ဒါဆိုရင်လည်း မိန်းမကို လက်တွေ့ကျကျယူပေါ့ဗျ"

"ဟော့ကောင်! မိန်းမယူတာ Pratical ဆင်းပြီး ယူရတာမှမဟုတ်တာ။ လူကြားမကောင်းသူကြားမကောင်း"

"ကိုကို့ခန္ဓာကိုယ်ပေါ်မှာတောင် လက်မခြေမဆိုပြီး ပါလာပြီးသားကို။ ဘာဖြစ်လို့ 'မ'တွေကို အလိုလိုလန့်နေရတာလဲ"

"ကြည့်! မင်း တော်တော် ဆိုလိုအပေါက်ရှာတတ်တဲ့ကောင်ပဲ။ ငါအလုပ်ရှုပ်နေတာကို လာနှောင့်ယှက်ရတယ်လို့"

"ဘာလုပ်လို့လဲ၊ ဒီတိုင်း File တစ်ခုဖွင့်လိုက်၊ ပြန်ပိတ်လိုက်နဲ့၊ ဟန်ဆောင်လုပ်ပြနေပြီးတော့များ"

"တောက်!"

ကိုကိုက သူပြောတာကို ဒေါသထွက်ပြီး စားပွဲထက်ရှိ File တွေကို အသံမြည်အောင် ပုံလိုက်လေ၏။ ပြီးနောက် လက်မှတ်မထိုးရသေးတာတွေရှိတာကိုသတိရပြီး ရောသွားသည့် File ထပ်တွေကို ပြန်ချကာ ရှာရပြန်လေသည်။





"ပြာလဲ့လဲ့ . . . ပြာလဲ့လဲ့"

"ရှိပါတယ် MD "

"နင်ထည့်လိုက်တဲ့အမှိုက်ကို အခု လာပြန်ခေါ်ချည်အဲ"

သူ ခုံကိုလှည့်ဆော့ရင်း ကျိတ်ရယ်ရပြန်လေ၏။ ရက်ချမ်းရမ်းတယ်ဆိုတာ ဒါမျိုးပေါ့။ ကိုကို့ပြာလဲ့လဲ့က သူလိုနာမည်ကြီးတစ်ယောက်ကို လာဆွဲထုတ်ရုံမှာတဲ့လား။ တကယ့်ကလေးအတွေးပါလေ။

"ဟဲ့! ငါခေါ်နေတာမကြားဘူးလား။ နင်မလာရင်အလုပ်အပြုတ်ပဲနော် ပြာလဲ့လဲ့"

Intercon ခလုတ်ကို ဖိကာပြောရင်း သူ့ကိုပါ မျက်စောင်းခဲလိုက်လေ၏။ ကိုကိုရမယ့်မိန်းမတော့ ဘယ်လိုနေမယ်သေး။ သူကတော့ သူ့အစ်ကိုကို တကယ့်ကလေးဆိုးကြီးလိုသာမြင်မိနေတာလေ။

"ပြာလဲ့လဲ့ကို ကိုကိုဖြုတ်ချင်တိုင်း ဖြုတ်လို့ရတာမှမဟုတ်တာ"

"အံမာ! ဘာလို့မရရမှာလဲ၊ ငါက သူ့ MD ကွ"

"MD ဆို MD လိုနေပေါ့ပြောပေါ့ ကိုကိုရ။ အမြဲတစေ



www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံကြီးမ်ားမောင်းနေမှတော့ ကိုကို့ဝန်ထမ်းတွေက ကိုကို့ကို MD လို့မမြင်ဘဲ အန်တီလို့ပဲမြင်ကြမှာ"

"ငါ. . . ကဲ!"

စားပွဲထက်ရှိ ကြွေဖိုဖန်တုံးဖြင့် သူ့ကိုလှမ်းပေါက်လိုက်တာမို့ အမြန်ရှောင်လိုက်ရပါ၏။ ခပ်လန့်လန့်ပါပဲလား။ တော်ကြာ မိန်းကလေးခေါ်လာပြလို့မှ စိတ်မထင်ရင်မထင်သလို အခုလို ထလုပ်မှ အခက်ပါပဲ။

"မင်းမပြန်သေးဘူးလား။ တော်တော်အချိန်ပေါ်နေတယ် ပေါ့လေ"

"ဘယ်ကသာ၊ ကျွန်တော်က ကိုကို့ထက် ပိုအလုပ်ရှုပ်တာ သိရဲ့သားနဲ့။ အစ်ကိုဖြစ်သူကို စေတနာဗလပွနဲ့ကူညီဖို့ လာပါတယ်။ လူကိုခွေးမောင်းသလို ထုရလားဗျ"

"မင်းလုပ်ပုံကိုလည်း ကြည့်ဦးလေ"

"ညနေသုံးနာရီ ကြော်ငြာရိုက်စရာရှိပါတယ်ဗျ။ ဘယ်လိုလဲ. . . ခေါ်လာရမလား"

"ဘာကိုလဲ"

"မိန်းမ. . . Girl or Lady"

"မင်းကြီးဒေါ်ပဲ ခေါ်လာ"





"ကျွန်တော် ပေါ်တင်ကြီးတော့ ခေါ်မလာပါဘူး ကိုကိုရ။ ဒီလိုပဲ ဘော်ဒါတွေကို အစ်ကိုနဲ့မိတ်ဆက်ပေးမယ်ဘာညာဆိုပြီး ရှီးခေါ်လာမှာပေါ့"

"ရပါမယ် အားကြီး၊ မင်းနား ဝိုင်းဝိုင်းလည်နေသမျှ အားလုံးက လူကိုမြင်တာမှမဟုတ်ဘဲ။ ငဝိုင်းတွေ ငွေ့ချွေတွေပဲ မြင်ကြတာကိုး"

"အမုန်အကန်တွေလည်း ရှိပါတယ်ဗျာ"

"မရှိနိုင်ဘူး၊ အားလုံး မိတ်ပိုက်ဆံကို မကုန်ကုန်အောင် ဘယ်လိုရှာကြံဖြုန်းတီးရမလဲဆိုတဲ့ ရေပေါ်ဆီတွေပဲဖြစ်မှာသေချာတယ်။ ခေါ်မလာစမ်းပါနဲ့ မျက်စိနောက်လွန်းလို့"

ရေပေါ်ဆီတဲ့၊ တကယ်အလုပ်လုပ်ပြီး ငွေရှာနေတဲ့ ဟိုကောင်မလေးဆိုရင်ရော။ အာရုံက 'ခရေ့'ကို ဖျပ်ခနဲသတိရသွားတာမို့ အလိုလိုပြုံးမိသွားရလေ၏။ ခရာတော့ ဘယ်ဖြစ်ပါ့မလဲ။ သူ့နှလုံးသားကို ရိုက်ခတ်စေတဲ့အရုပ်မလေးပေကိုး။

"ကိုကိုက အဲဒီလောက် ကပ်စေးမနဲ့နဲ့လေကွာ။ မိန်းမရဖို့အတွက် နည်းနည်းပါးပါးတော့ ရင်းနှီးရမှာပေါ့"

"တော်စမ်းပါ၊ မရခင်ကတည်းက ပေးနိုင်ကျွေးနိုင်မှန်းသိလို့ကတော့ ရပြီးသွားရင် ငါ့ရှာဖွေသမျှ တက်တက်ပြောင်အောင်



www.burmeseclassic.com

www.burmeseclassic.com



သုံးပြတော့မှာ။ ဒီခေတ်မိန်းမတွေများ ခေါင်းဖျားခြေဆုံး အလှခြယ်တတ်ကြပါရဲ့။ နှာကိစ္စနဲ့တော့ ငွေကုန်မခံနိုင်ဘူး ဖွဲ့ဇာနည်ရေ့။ ဘူးကျတဲ့အဘိုးကြီးတွေသာ ဒီလိုကိစ္စမှာ ငွေအလျှံပယ်သုံးကြမှာ။ ငါကတော့ လုံးဝပဲ''

''ဟား. . . ကုမ္ပဏီဒါရိုက်တာဖြစ်ပြီး ဒီလောက်ကပ်သပ်နေရသလားဗျ။ အံ့ပါရဲ့။ မာမီသာသိရင် သူ့တူကို ဒီလိုကပ်စေးနဲဆိုပြီး သွေးတက်သွားမှာအမှန်ပဲ''

''ငါပြောတာ မှားနေလို့လား။ အိမ်ပြန်လာတာနဲ့ အမောပြေသနပ်ခါးနံ့လေးပေးမယ့် မိန်းမမျိုး။ ငါရှာဖွေပေးသမျှ စီးတဲ့ရေ ဆည်တဲ့ကန်သင်းလို စေ့စေ့စပ်စပ် သုံးစွဲသိမ်းဆည်းနိုင်မယ့် ဇနီးမျိုး။ ငါနဲ့ငါ့မိဘတွေကို ကျိုးကျိုးနွံနွံနဲ့ ခြေဆုပ်လက်နယ် ရှိသေပြုစုမယ့် အိမ်ထောင်ဘက်မျိုးရှာလို့ရရင် ငါ့ရှေ့ကိုသာခေါ်လာခဲ့။ တစ်ခါတည်းစာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ပါ့မယ်လို့ ကတိပေးတယ်။ အခုတော့ ကြွပေဦး မောင်မင်းကြီးသား ဖွဲ့ဇာနည်ရေ့''

သူ ပါးစပ်အဟောင်းသားဖြင့် ကိုကို့ကို ငေးကြည့်နေမိတော့၏။ ပြောလိုက်သမျှ ကရားရေလွှတ်တတွတ်တွတ် စကားလုံးတိုင်းက သူ့မျက်ဝန်းထဲမှာ ကွက်ကွက်ကွင်းကွင်းမြင်လာစေ





တာလေ။

ဘုရားရေ! ကိုကိုလိုချင်တဲ့ပုံစံမျိုးက သူ့ရင်ကိုဒိတ်ခနဲခုန်သွားစေတဲ့ 'ခရာ'လိုမိန်းကလေးမျိုးဖြစ်နေပါရောလား။

'နေဝန်းနီ'နဲ့ 'ဖွဲ့ဇာနည်'ဆိုတာ ညီအစ်ကိုဝမ်းကွဲတော်စပ်သလိုမျိုး အဘယ်ကြောင့် အကြိုက်ချင်းပါ ဘူနေရတာပါလိမ့်နော်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

ရေမိုးချိုးပြီး အဝတ်အစားဝတ်ကာ ဆံပင်ကို သပ်သပ်ရပ်ရပ်ဖြီးလိုက်ပြီး အိပ်ခန်းထဲမှထွက်ခဲ့ပါ၏။ လှေကားမှဆင်းလာရင်း ရှပ်အင်္ကျီလက်ရှည်ကို လက်ဖျံပေါ် ခေါက်တင်နေစဉ် သူ့နောက်မှ ဖေဖေလိုက်လာလေသည်။

"သား. . . နေဝန်း"

"ဗျာ"

"ဒီနေ့ရော နောက်ကျဦးမှာလား"

"ဘာလို့လဲ ဖေဖေ"

"မေရှိတုန်းမလေးနဲ့ Date ပေးမလို့လေ"

သူ့မျက်နှာ ရှုံ့တွသွားပြန်ပါ၏။ စောစောစီးစီး ဖာတ်



www.burmeseclassic.com

www.burmeseclassic.com



က စပြီ။ ဟိုတစ်နေ့ကပဲ သူ့ဆီကို ညီတော်မောင်ရောက်လာပြီး မိန်းမယူဖို့လာပြောခဲ့တာလေ။ ရှာပေးမယ်ဆိုပဲ။ သူ့ရဲ့ဇာတာက ဒီနှစ်ထဲမှာ အိမ်ထောင်ကျမယ်ဆိုပြီး ဗေဒင်ဟောလို့ပဲလား။ စိတ်ညစ်လိုက်တာနော်။

"အေးအေးဆေးဆေးနေလို့မရဘူးလား ဖေဖေရာ"

"သားကလည်းကွာ။ ဒီအရွယ်မှာ အိမ်ထောင်ကျမှ သားသမီးတွေရှိရင် ဖေဖေတို့အရွယ်အကောင်းရောက်မှာပေါ့။ မင်းအမေ ဒီလောက်ချူချာနေတာကို မြေးသာထိန်းခိုင်းမှ ကျန်းမာရေးကောင်းမှာလေ"

ဗုဒ္ဓေါ! ဒါက နည်းတစ်မျိုးပေါ့လေ။ ကျန်းမာရေးကို အကြောင်းပြတဲ့ဘူတာကလည်း ဒီဘူတာပဲ လာဆိုက်တာကိုး။ တကယ်ဆိုရင် ဒီအရွယ်က ယောဂီဝတ်ပြီး ဘုရားတို့ ဘုန်းကြီးကျောင်းတို့မှာ ပုတီးစိပ် ဥပုသ်သီလယူသင့်တာပါလေ။ အခုတော့ မြေးတို့လို့တွဲလောင်းနဲ့ ကျောင်းပို့ကျောင်းကြိုလုပ်ချင်နေသလိုပါပဲလား။

"ကျွန်တော်အိမ်ထောင်ကျမှပဲ မေမေအသက်ရှည်မှာလား"

"ဒါပေါ့"





"ကလေးပိုင်းထိန်းပေးရလို့ အပူတွေထပ်ရမှာကို သိရဲ့သားနဲ့ ဖေဖေရာ"

"အမယ်လေးတော်၊ ဘယ်သူက ကလေးပိုင်းမထိန်းပေးဘူးပြောနေလို့လဲ။ မေမေက သန်တုန်းမြန်တုန်းပါသားရဲ့။ ချွေးမလေးသာမွေးရင် တစ်ယောက်မှမဟုတ်ဘူး၊ အမြွှာလေးသာမွေး၊ ဘောလုံးတစ်သင်းစာလောက် မြေးတွေကိုထိန်းပြီး အသက်ရာကျော်ရှည်ပါ့မယ်"

ဒုက္ခရေ! သူရယ်ချင်သလို ငိုချင်သလိုပါဖြစ်သွားရပါ၏။ ဂလေးတောင်မှ တစ်ယောက်နှစ်ယောက်လောက်နဲ့မဟုတ်ဘဲ ဘောလုံးတစ်သင်းစာလောက်မွေးတဲ့လေ။ သူ့ဇနီးလောင်းသာကြားရင် လူကိုသားဖောက်စက်ထင်ပြီး ယူတာလားဆိုပြီး ကောတော့မှာ အမှန်ပါပဲ။

ကဲ! ယုသိဂီရေ၊ မင်းက ဆရာဝန်ဆိုတော့ ဒီလိုအိမ်ထောင်ရေးကိစ္စကို ပွင့်ပွင့်လင်းလင်းဆွေးနွေးလို့ရမှာပေါ့နော်။ ဒီတော့ မေမေတို့သဘောကျ ကလေးမွေးပေးမယ်ဆိုရင်တော့ OK ပေါ့။ ဒီလိုမဟုတ်ရင်တော့ တာ့တာ, ဘိုင့်ဘိုင်ပြရုံပါလေ။

လေ့ကားရင်းမှာ ရပ်နေသည့်မေမေ့စကားကြောင့် ဘာမှဆက်ပြောစရာမရှိတော့သလိုပါလားနော်။ Breakfast စားရန်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာသည့်စိတ်က ကိုယ်နဲ့ဝေးဝေးပြေးချင်သလိုနှယ်ပါလေ။

"ဒါဆိုရင် မေမေတို့ရှာမယ့်ချွေးမကို အရင်ညှိရမှာပေ့ါ"

"ဘာကိုလဲ"

"ကလေးမွေးပေးဖို့ကိစ္စလေ"

"ဒါများ သားရာ၊ လူတိုင်း အိမ်ထောင်ပြုရင် ကလေးကို အနည်းဆုံးနှစ်ယောက်လောက်တော့ ယူကြတာပါပဲ"

"မေမေက တစ်ဒါဇင်လောက် ထိန်းမယ်တဲ့လေ"

"သဘောပြောတာပါသားရဲ့၊ ချွေးမလေးက မွေးပေးပါစေဦး"

"ဟုတ်ပါတယ်၊ ကျွန်တော်က ဘာများပြောမိလို့လဲ။ တွေ့တွေ့ဆိုင်ဆိုင်တွေ့ပြီးပြောရင် အဲဒီကိစ္စကို မဖြစ်မနေထည့်ပြောမှ ဖြစ်မယ်မှန်းသိလို့ပါ"

"ပြောပေ့ါသားရဲ့ ယုက ဆရာဝန်ဆိုတော့ ပွင့်ပွင့်လင်းလင်းဆွေးနွေးလို့ရမှာပါ။ မဟုတ်ဘူးလား"

ကဲ! ဘယ်လိုမှရှောင်လို့ရတော့မှာပါလိမ့်နော်။ ဖွဲ့ရာပေးရင် Model တွေ သရုပ်ဆောင်တွေ လပ်လျားလပ်လျားလျှောက်လည်မယ့် ဝေလေလေမိန်းကလေးတွေပဲ ရှိမှာပေ့ါ။ အဲဒါတွေ ထက်စာရင် ယုသီဂီဆိုတဲ့ဒေါက်တာမလေးက အများကြီးသာနေ





တာပဲကိုး။

"ဒါဖြင့်ရင် အဲဒီဒေါက်တိုနဲ့ပဲ သွားတွေ့ရမယ်ပေ့ါလေ။ ဟုတ်လား"

"တကယ်လားသားရေ ယုဒေါက်ဒီဒေါက်တာမိုးဦးနဲ့လည်း ဖေဖေခင်တယ်"

သေစမ်း! ဆရာဝန်အမျိုးတွေဖြစ်တော့မှာပါလား။ နဂိုကတည်းက သူ့ကို ဖေဖေက ဆရာဝန်ဖြစ်စေချင်မှန်းသိပေမယ့် စာမကျက်နိုင်လို့ပါအကြောင်းပြပြီး ရှောင်ခွင့်ရခဲ့တာလေ။ အခုတော့ ဒီဆေးထိုးအပ်ထောင်ချောက်ထဲကို ဇောက်ထိုးမိုးမျှော်ကျပြီး အိမ်ထောင်ကျတော့မှာပဲထင်ပါရဲ့။

"အားလုံးထဲက ချွေးဆိုရင်တော့ ယုသီဂီက နံ့သာဖြူပေ့ါ ဖေဖေရဲ့"

"OK! ဒါဖြင့် မေရီ့ကို ဖေဖေပြောလိုက်မယ်"

"နေဦးနော်၊ ကျွန်တော် ခေါင်းညိတ်သေးတာမဟုတ်ဘူး"

"အေးပါ သားရဲ့၊ ဖေဖေစကားမလွှန်မသာလေး ပြောထားမှပေ့ါ။ ဒီလောက်တော့ ဖေဖေလည်း နပ်ပါတယ်"

"မေမေ့သားက သိပ်လိမ္မာတာပဲ၊ ဘုန်းကြီးလို့ သက်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ပါစေတော်''

ဪ . . . ဘာကုသိုလ်မှ မလုပ်ရသေးဘဲ မေမေက သူ့အပေါ်ဆုတောင်းပေးနေရတာပါလိမ့်။ သူ့အဖြစ်က ဆုတ်ရော လာဘ်ရောပါ ဝင်ရမလိုဖြစ်ပြီး တကယ်ပဲ အိမ်ထောင်ကျဖို့ တည် နေပြီပဲလား။

Breakfast ဝိုင်းမှာ ကော်ဖီသောက်ရင်း မေမေ့မျက်နှာက အတော်လေးလန်းဆန်းနေတာကို မြင်နေရပါ၏။ သားဖြစ်တဲ့သူ့ကို မိန်းမပေးစားဖို့က ဒီလောက်အထိအားသန်ပြီး အရေးတကြီးဖြစ်နေပုံပါလေ။ သူကလည်းသူ၊ အိမ်ထောင်ပြုဖို့အတွက် စိတ်မပါတာအမှန်ပါ။ မျက်စိရှေ့တွေ့သမျှမိန်းမ (အများစု)ကို မျက်စိထဲကြည့်မရသလို အထင်တသေးဖြစ်တဲ့စိတ်က 70% လောက်ဖြစ်နေတော့ ရင်ခုန်လှုပ်ရှားဖို့ဘက်ကို အနည်းငယ်မျှတောင် မယိုင်ပါလေ။

ဖွဲပြောသလိုမျိုး လှတပတမိန်းကလေးမျိုးကို စွဲစွဲမက်မက် ချစ်ရင်တော့ တစ်မျိုးပေါ့။ ဒါပေမဲ့ ချစ်ဖို့က ထားပါတော့ နည်းနည်းပါးပါးလေးတောင်မှ အထူးတဆန်းရင်ခုန်တာမျိုးတစ်ကြိမ်မှမဖြစ်ဖူးခဲ့ပါလေ။ ဒီတော့ ဘဝနှစ်ခုပေါင်းစပ်ဖို့ဆိုတဲ့ကိစ္စက သူနဲ့အဝေးတကာ့အဝေးဆုံးမှာရှိနေတာ ဘာဆန်းတော့မှာလဲ။





''မေမေ တော်တော်မှပျော်နေသလား''

''ပျော်တာပေါ့သားရဲ့၊ ဒါတောင် သိပ်သေချာသေးတာ မဟုတ်ဘူး။ အဲဒီဆရာဝန်မလေးနဲ့သာ သားညှိလို့ရပြီးရင် မေမေ့အတွက် ရာနှုန်းပြည့်အပျော်မျိုးဖြစ်မှာ။ သိရဲ့လား''

ခက်ပါရောလား။ အခုမှပဲ ဆိုင်းသံကြားရင် ထကတဲ့ ကလေးလိုဖြစ်နေပြီလေ။ ဒီပုံနဲ့ဆိုရင်တော့ မေမေသဘောကျတဲ့ မိန်းမကို သူမျက်စိမှိတ် ခေါင်းညိတ်ပြီး လက်ထပ်ရတော့မယ် ထင်ပါရဲ့လေ။

ကုမ္ပဏီရောက်တော့ အလုပ်တွေရှုပ်ရင်း ဘာကိုမှသတိမရတော့ပါချေ။ လက်ကုန်ပတ်ရောက်နေပြီမို့ ဝန်ထမ်းတွေကို လစာပေးဖို့အတွက် မန်နေဂျာနှင့် Supervisor တွေကို စည်းဝေးဖို့အတွက် အစီအစဉ်ဆွဲရဦးမှာပါလား။

''ပြာလဲ့လဲ့''

''ရှင် . . . MD ''

''ခဏ''

''ဟုတ်ကဲ့ပါ MD ''

အတွင်းရေးမှူးက သူ့ရုံးခန်းထဲသို့ဝင်လာစဉ် စားပွဲပေါ်မှာ လက်မှတ်ထိုးပြီးသွားသည့် File တွေကိုယူဖို့ လက်ပြလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ မရှုပ်ပြာကတော့ သူ့စားပွဲပေါ်မှ File ပုံကိုယူစဉ် အောက်ဆုံးမှ File နှစ်ချပ်က အောက်ကိုပြုတ်ကျသွားလေသည်။

"နင်ကတော့လေ"

"ဟို. . . Sorry...အဲ. . . ကန်တော့ပါ MD "

"အလုပ်ကို ဘယ်တော့မှ စိတ်ချလက်ချမျက်နှာလွှဲရတယ်လို့မရှိဘူး။ မန်နေဂျာကိုခေါ်ဦး၊ Meeting ရှိတယ်လို့"

"ဟုတ်"

အင်း. . . တစ်ယောက်တည်းရှိလို့ပါပဲ။ အဲဒီအတွင်းရေးမှူးမလေးကတော့ မျက်စိနောက်သလို ရှုပ်ပြာရှုပ်ပြာကောင်မလေးပါလေ။ တစ်အောင့်အကြာမှာ မန်နေဂျာဝင်လာတော့ ညနေမှာအစည်းအဝေးပြုလုပ်ဖို့အတွက် ပြောနေစဉ် Phone မြည်သံကိုကြားနေရပါ၏။ ပြောလက်စစကားမဆုံးသေးတာကို ဆက်ပြောနေစဉ် Phone သံက မရပ်ပါလေ။ ဘယ်ကဆက်တာမို့ပါလိမ့်။

"ဟဲလို. . . ဖေဖေလား"

"အေး! သားဘာတွေလုပ်နေသလဲ၊ Phone တောင်မကိုင်ရလောက်အောင်"

"မန်နေဂျာနဲ့စကားလက်စ မသပ်ဖြစ်လို့ပါဖေဖေ။ ဘာပြောစရာရှိလို့လဲမသိဘူး"





"မေရီ့ဆီကနေ ယုသီဂီရဲ့ Phone နံပါတ်သိလာရပြီသားရဲ့"

"အင်း"

"မေရီကတော့ ယုသီဂီကို သားတွေ့ချင်ရင်တွေ့လို့ရအောင် စီစဉ်ပေးချင်တာတဲ့"

"ဘယ်လိုမျိုးလဲဖေဖေ"

"ဒီလိုလေ၊ ခရီးသွားဟန်လွှဲပုံစံနဲ့ သွားတွေ့လို့ရရင် သားအတွက် တစ်မျိုးကြီးဖြစ်စရာမရှိနိုင်ဘူးပြောလိုက်လို့ပါ"

"အဲဒီတော့"

"အဲဒီတော့ ယုသီဂီ ညနေငါးနာရီခွဲထိုင်လေ့ရှိတဲ့ ရုပ်ရှက်ဆေးခန်းနားမှာ သွားစောင့်ကြည့်ပါတဲ့လေ"

"ကျွန်တော် ဒီညနေ Meeting ရှိတယ်ဖေဖေရဲ့"

"ရှိရှိပေါ့၊ ဘာဖြစ်လဲ။ ဆေးခန်းက ညရှစ်နာရီကျော်မှ ပိတ်တဲ့ဟာ။ ပိတ်ခါနီးသွားရင် ပိုအဆင်ပြေတာပေါ့"

"အင်း"

"သားသွားရင် အဲဒီလမ်းထိပ်မှာပဲတွေ့မှာပါ။ ဆေးခန်းနာမည်က နွေအရိပ်တဲ့"

'နွေအရိပ်'တဲ့လား။ တကယ့်ပူပြင်းတဲ့ရာသီမှာ အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



မှုကို ရစေလိုက်သလိုပါပဲလား။ နာမည်ရွှေတဲ့သူက အတော်လေး တော်သလိုပါပဲလား။ တွေ့ဆိုတော့လည်း သွားတွေ့ရုံပေါ့လေ။ တမင်တကာ တကူးတကကြီးချိန်းတာထက် အခုလို ခရီးသွား ဟန်လွှဲ လမ်းကြုံဝင်တွေ့ရတာက သူ့အတွက် မျက်နှာပူစရာမလို မှန်း သူသိနေတာပါလေ။

အစည်းအဝေးပြီးတော့ ညခြောက်နာရီကျော်နေချေပြီ။ အင်းပေါ့လေ၊ ခရီးလမ်းကြုံဝင်လိုက်ဆိုတော့လည်း အိမ်ပြန်ရေ မိုးချိုးစရာမလိုအပ်တဲ့ ဝင်တွေ့ရုံပဲရှိတော့တာပေါ့။ သွားကြစို့လေ၊ တွေ့တော့မှပဲ စကားပြောဆိုကြည့်ပြီး အဆင်ပြေတော့မှ Phone နံပါတ် လဲသင့်လဲကြတာပေါ့။

ဖေဖေပြောလိုက်သည့်ရပ်ကွက်ရှိရာဆီသို့ သူကားမောင်း ထွက်လာခဲ့ပါ၏။ ကျိုကျိုတက်ချမ်းသာသည့် ဒေါက်တာမိုးဦးနှင့် ဒေါ်ဆင်းသီဂီတို့၏တစ်ဦးတည်းသောသမီးက ဒီလိုပုံကျရပ်ကွက် လေးမှာ အချိန်ပေးပြီး စေတနာဆေးခန်းလာဖွင့်သတဲ့၊ ဆရာဝန် ဆိုတဲ့ဂုဏ်ပုဒ်နဲ့အမျိုးသမီးလေးကိုတော့ ကြားကြားချင်း အမှတ် ပေးလိုက်မိတာပါလေ။

'နွေအရိပ်'ဟု ဆိုင်းဘုတ်ထောင်ထားသည့်ဆေးခန်းထဲ မှာ လူနာအတော်များများရှိနေပါ၏။ Platform ခုံတန်းမှာ ကား





ကို ရပ်ထားရင်း သူစောင့်ကြည့်နေပါသည်။ မိုးတွင်းမို့ လူတွေ တုပ်ကွေးဖြစ်ကြတတ်တာကိုး။ လက်မှနာရီက ခုနစ်နာရီကျော် ကျော်အချိန်ပြနေစဉ် ဆေးခန်းမှာ လူအနည်းငယ်ကျဲသွားပါ၏။

သူ ကားပေါ်မှဆင်းကာ ဆေးခန်းရှိရာဆီ လှမ်းဝင်ခဲ့စဉ် ခြေလှမ်းတွေ တုံ့ခနဲရပ်သွားရသလို ရင်ထဲမှာ ဒိတ်ခနဲနှလုံးခုန် သံက ထူးဆန်းသွားရပါလေ၏။ အလို! ဘယ်လိုကြီးပါလိမ့်။

ဆေးခန်းထဲမှထွက်လာပြီး ဆေးကောင်တာခုံမှာ ထိုင် လိုက်သည့် လုံချည်နီနီနှင့် နာ့စ်မလေးက လူနာတွေကိုဆေးပေး ရင်း အပြုံးချိုချိုလေးဖြင့် နှုတ်ဆက်နေတာပါလေ။ လှတစ်မျက် နှာ ယဉ်တစ်ကိုယ်လုံးဆိုတာ ဤသို့သောမိန်းကလေးမျိုးကို ခေါ် ဆိုလေသလား။

"ဆေးမှန်မှန်သောက်ပါနော်၊ မသက်သာရင် သဘက် ခါ ပြန်လာခဲ့ပါ အဘွား"

"ကျေးဇူးပါပဲ ဆရာမလေးရယ်"

"ရေတွေရှုံ့တွေနဲ့နော်၊ အဘွားကို ကောင်းကောင်းတွဲ ခေါ်သွားဦး"

အတူပါလာသည့်ကောင်လေးကို သေချာမှာပြီးမှ ခုံမှာ ပြန်ထိုင်ကာ စာရင်းမှတ်နေပြန်လေ၏။ မျက်လွှာချထားသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်တောင်ရှည်ကော့ကော့၊ သွယ်ပြီးပေါ်သည့်နှာတံက စင်းစင်း၊ နှင်းဆီဖူးလို ပန်းသွေးရောင်ရှိသည့်နှုတ်ခမ်းလေးက ဖူးဖူး၊ မျက်နှာကျပုံ မေးရိုးသွယ်လျပုံကိုက ပို၍ပြေပြစ်ချောမွေ့နေစေတာပါလေ။

"နောက်တစ်ယောက်"

အထဲမှခေါ်သံကြောင့် သူမမျက်ဝန်းတို့က သူ့ထံ ဖျပ်ခနဲရောက်လာစဉ် ရင်ထဲမှာ လှပ်ခနဲအေးသွားရလေ၏။ အလို! လှလိုက်တဲ့မျက်ဝန်းတောက်တောက်လေးတွေပါပဲလား၊ မိုးမြင့်ထက်က သောက်ရှူးကြယ်ညီနောင် ခုန်ဆင်းလာသလို သက်ဝင်တောက်ပလွန်းနေသည့်မျက်ဝန်းတို့ကို သူအငေးသားကြည့်နေဖြစ်တာလေ။

တကယ်ပါ။ 'နေဝန်းနီ'ရဲ့ဘဝမှာ ဒီလောက်ထိ အံ့သြမင်သက်သွားစေတဲ့အဖြစ်အပျက်မျိုးက ဒီတစ်ကြိမ် ပထမဦးဆုံးပါပဲ။



# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com



## အတြည္

တစ်ကြိမ်မှမဖြစ်ခဲ့ဖူးတဲ့
တစ်မူထူးခြားတဲ့ရင်ခုန်သံက
ငါ့ရင်ဘတ်ထဲမှာ
"ဒိန်း" ခနဲ မြည်ခဲ့တာ ပထမ....

တစ်ခါမှမမြင်ခဲ့ဖူးတဲ့
တစ်မူဆန်းသစ်တဲ့ အလှတရားက
ငါ့နှလုံးသားထဲမှာ
"ဖျတ်" ခနဲ စွဲလန်းမိတာ ဒုတိယ....

တစ်သက်မှာ မရှိခဲ့ဖူးတဲ့
တစ်ခါသာဖြစ်တည်တဲ့ ချစ်ခြင်းတရားက
ငါ့သွေးကြောထဲမှာ
"ဝုန်း" ခနဲ စီးမျောသွားတာ တတိယ....

တစ်ဘဝမှာ မပိုင်ဆိုင်ခဲ့ဖူးတဲ့
တအိတ်စွဲလန်းတဲ့ မက်မောမှုက
ငါ့ရင်တစ်ခုလုံးကို ကိုင်လှုပ်ပြီး
တပ်မက်မှုဖြစ်တည်စေတာ ထာဝရ....



## အခန်း (၈)

"အခရာ"

"ရှင်. . . မမ"

"လူနာရှိသေးရင် လွှတ်လိုက်ဦးလေ"

'အခရာ'တဲ့။ အဘယ်မျှ လှပလွန်းတဲ့အမည်လေးပါလဲ။ မျက်နှာနုနုလေးနှင့် အင်မတန်မှလိုက်ဖက်လွန်းတာပါလေ။ ဆံထုံးပုံပုံလေး ထုံးထားသော်ငြား ရင်စေ့လက်စက အဖြူခါးတင်အကျီ ပုံရိုးရိုးလေး ဝတ်ဆင်ထားသော်ငြား ငယ်နုသည့်ပုံရိပ်က အလွန်ဆုံးရှိလှ (၁၉) (၂၀) ဆိုသည့်အသက်ကို ခန့်မှန်းနိုင်တာ အမှန်ပါ။

"နာမည်ပြောပါ"

စာရင်းစာအုပ်ကိုလှန်၍ ဘောပင်ကိုင်ထားပြီး သူ့ကိုမေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်တာကြောင့် သတိဝင်သွားရလေ၏။ အသံလေးက ချိုဆော်ဖြား ခပ်တည်တည်မျက်နှာထားလို အသံမာမာလေးပဲလား။ နာမည်တဲ့။ သူ့ကို ဆေးခန်းလာပြတဲ့လူနာလို့ ထင်သွားပြီပဲ။

"ဒီမှာရှင့်!"

"ဟင်"

"နာမည်ပြောပါဆိုတာ မကြားဘူးလား"

"အင်း. . . နေဝန်းနီပါ"

"အသက်ကရော"

"(၂၆)"

"ရပြီ ဝင်သွားတော့"

ကဲ! ဖြစ်ပုံက အဲဒီလိုလေ။ လူကိုဆေးကုလာတဲ့လူနာလို့ထင်နေတာ သေချာနေပါရောလား။ အခန်းထဲဝင်ဖို့တောင်မှ အမိန့်ပေးနေတာလေ။ သူမပြောတာကို ဘာမှပြန်မပြောဘဲ ဒီအတိုင်းရပ်နေမိစဉ် သူမက သူ့ကိုမျက်မှောင်ကြုတ်ပြီး ကြည့်လိုက်လေသည်။ အတွင်းခန်းထဲမှ လိုက်ကာစလေး ဖျပ်ခနဲ'မ'သွားပါသည်။

"အခရာ. . . လူနာ"

ဆရာဝန်မလေး၏အကြည့်က သူ့ထံရောက်လာတာမို့





မိတ်ခွေဖွဲ့သည့်အပြုံးမျိုးဖြင့် သူပြုံးပြလိုက်မိပါ၏။ မျက်လုံးဝိုင်းဝိုင်းလေးတွေ ကျယ်သွားသည်အထိ ဆရာဝန်မလေး အံ့သြသွားလေသည်။ အတော်လည်းဟုတ်တဲ့ဒေါက်တာနဲ့ Nurse ပါပဲ။ ဆရာဝန်မလေးကို ဣန္ဒြေရရလေးလှမယ်လို့ ထင်ထားပေမယ့် ကလေးဆန်ဆန်အလှက လူကိုပြုံးမိစေတာအမှန်ပါလေ။

"သူက"

"ကျွန်တော် နေဝန်းနီပါ ယုသီဂီ"

"နေဝန်း. . . ဟော်တော်! အန်ကယ်နေသွေးရဲ့"

"ဟုတ်ပါတယ်"

သူမမျက်နှာ တစ်မျိုးလေးဖြစ်သွားသလို ရှေ့ခန်းကိုထွက်လာလေ၏။ အင်ဒိုနီးရှားပါတိတ်ခပ်လွင်လွင်အရောင်ကို One set ချုပ်ဝတ်ထားတာပါလေ။ အပေါ်မှ Blouse အင်္ကျီကို လည်ပင်း၊ ရင်ဘတ်၊ ခါးပတ်လည့်နှင့် လက်ဖောင်းအောက်နားတို့မှာ ဖဲကြိုးအနားကပ်ပြီး ချုပ်ထားတာလေ၊ ဒီပုံစံဝတ်ထားတာမို့ မိန်းကလေးက မိန်းမဆန်မှုန်း သိသာစေပါသည်။ နောက်ထပ် တစ်မှတ်ပါပဲ ယုသီဂီ။

"ကိုနေဝန်းက"

"ဒီနားလာရင်း ဖေဖေပြောလိုက်လို့ဝင်တာပါ ယုသီဂီ"



www.burmeseclassic.com

www.burmeseclassic.com



"အို! ယုနဲ့တွေ့ချင်ရင် Phoneဆက်ပြီး ချိန်းရမှာပေါ့ ကိုနေဝန်းရယ်။ ဆေးခန်းကိုလာရတယ်လို့"

"ခရာက သူ့ကိုဆေးခန်းလာပြတဲ့လူနာလို့ ထင်သွားတာမမရဲ့။ တောင်းပန်ပါတယ်ရှင်"

ဒီလိုတော့လည်း ကိုယ့်ထက်အကြီးကို တောင်းပန်ဖို့ ဝန်မလေးပုံပါပဲလား။ နာရီက ရှစ်နာရီထိုးပြီမို့ ဆေးခန်းပိတ်ဖို့ ပြင်ဆင်တော့မှာလေ။ ယုသီရိက အားနာသည့်မျက်နှာဖြစ်နေပေမယ့် အခရာဆိုသည့်မိန်းကလေးကတော့ ခပ်တည်တည်မျက်နှာပေးနှင့်သာပါလေ။

"ကျွန်တော်မှ ယုသီရိရဲ့ Phone နံပါတ်ကို သိမှမသိတာ ကိုး"

"ဟုတ်သားပဲ၊ ယုက Visiting card မရှိဘူး ကိုနေဝန်းရဲ့"

"ရပါတယ်၊ ကျွန်တော့် Phone ထဲမှာပဲ ထည့်ပေးလိုက်ပေါ့"

"အားနာလိုက်တာ"

တကယ့်ကို စိတ်ထားဖြူစင်တဲ့ဆရာဝန်မလေးပါပဲလေ အားနာရိပ်သန်းနေပေမယ့် နှုတ်မှတောင်းပန်သည့်စကားက ‌





ထွက်နေတာပါ။ ဘယ်လိုလဲ၊ ယှဉ်ချပြထားသည့်ပန်းနှစ်ပွင့်လို အလှချင်းပြိုင်နေသလိုပါလေ။ တကယ်ဆို ယုသီရိကို နှင်းဆီပွင့်နှင့်နှိုင်းယှဉ်ပြပြီး အခရာကို စံပယ်ပန်းနှင့်နှိုင်းနှိုင်းပြချင်ပေမယ့် တကယ်တမ်း မျက်စိရှေ့မှာတော့ ယုသီရိက စံပယ်ပွင့်လိုဖြစ်ပြီး အခရာကဖြင့် နှင်းဆီပန်းလို Kiss me quit ပန်းလို ဆူးပါသည့်ပန်းလို မာနရိပ်ပါသည့်မျက်နှာဖြစ်နေတာ အံ့ဩစရာပါပဲ။

"ဒီမှာ ကျွန်တော့် Visiting card ပါ"

သူ့ Phone ထဲမှာ ဂဏန်းတွေနှိပ်ပြီး Phone နံပါတ်ထည့်ပြီး ပြန်ပေးစဉ် ရွှေအိုရောင် Card ကို ယုသီရိထံ သူလှမ်းပေးလိုက်ပါ၏။ ယုသီရိက အပြုံးဖြင့်လှမ်းယူပြီး သူ့ Card ကို ကြည့်လိုက်လေသည်။

"ကိုနေဝန်းက ဆေးကုဖို့ဝါသနာမပါလို့ ဆေးကျောင်းမတက်ဖြစ်ဘူးလို့ အန်ကယ်ပြောတာ ယုကို အန်တီမေရီက ပြောဖူးပါတယ်"

သူပြုံးလိုက်မိပါ၏။ စကားပြောတာကလည်း ယဉ်ကျေးသိမ်မွေ့တဲ့မိန်းကလေးမို့ နားထောင်ရတာ နားဝင်ချိုလိုက်တာ ခပြောပါနှင့်။ နောက်ထပ်တစ်မှတ်ပါပဲ ယုသီရိ။

"နောက်မှပဲ အေးအေးဆေးဆေးတွေ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"ကျွန်တော်က Sunday တိုင်း နားပါတယ် ယုသီဂီ။ OFF ရက်ရှိရင် ကျွန်တော့်ဆီ Phone ဆက်လို့ရပါတယ်"

"OFF ရက်! အင်း. . . ယုက အစိုးရဝန်ထမ်းဆိုတော့ နားရက်သိပ်မယူဖြစ်ဘူး။ ရှိရင်တော့ပြောပါ့မယ် ကိုနေဝန်း။ ဒါဆို ယုကပဲ အရင်ဆုံး Phone ဆက်သွယ်ရမှာပေါ့လေ"

"အဲဒီလိုလည်းမဟုတ်ပါဘူး၊ ကျွန်တော်လည်း အချိန်အားတဲ့သူမဟုတ်လို့ပါ ယုသီဂီ။ အဆင်ပြေရင်တော့ ကျွန်တော်ပဲ အရင်ဆက်သွယ်ကောင်းဆက်သွယ်ဖြစ်မှာပါ"

ခင်မင်ရင်းနှီးသည့်အပြုံးနှင့် အပြန်အလှန်ပြောနေတာပါလေ။ မနိမ့်မမြင့်အရပ်ကို ခပ်ပါးပါးဖိနပ်ကိုပဲ ဝတ်ထားတာမို့ အလှသိပ်မကြိုက်တဲ့ဆရာဝန်မလေးမှန်း သိသာစေသလိုပါပဲလေ။ ဆေးရုံက တန်းလာပုံကြောင့် ခေါင်းထက်ရှိဆံနွယ်တို့က အနည်းငယ်ပွသယောင်ရှိသလို လူကလည်း အနည်းငယ်နွမ်းသလိုဖြစ်နေတာပါလေ။

"အခရာ"

"ရှင်. . . မမ"

"ဆေးခန်းပိတ်ကြရအောင်"





"ဟုတ်ကဲ့မမ"

ဦးဆောင်သူပီသပါပေ့။ 'ဆေးခန်းပိတ်လိုက် အခရာ'ဆိုပြီး စေခိုင်းညွှန်ကြားတာမျိုးမဟုတ်ပါဘဲ ကိုယ်တိုင်ကိုယ်ကျ အတူတူလုပ်ဆောင်ဖို့ ချိုသာတဲ့စကားပဲပြောတာကို သူ့ကိုယ်တွေ့မို့ အမှတ်က ထပ်တိုးပေးချင်တာပါလေ။

"ကျွန်တော်ပြန်ပါဦးမယ်"

"ဟိုလေ၊ ယုက ညှော်ခံတဲ့အနေနဲ့ တစ်ခုခုလိုက်ကျွေးလေားလို့ ကိုနေဝန်းရဲ့"

"နေပါစေ၊ အမှန်ဆို ကျွန်တော်ကပဲ လိုက်ကျွေးရမှာပါ ယုသီဂီ။ ဒီအချိန်က Dinner စားရမယ့်အချိန်မို့ အိမ်ကအမေတွေ မျှော်နေကြမှာလေ"

"ဟုတ်ပါရဲ့"

"ခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ဆေးခန်းထဲမှထွက်ကာ ကားပေါ်တက်ပြီး မောင်းထွက်သွားသည့်သူ့ကားကို သူမတို့နှစ်ယောက်စလုံး ငေးကြည့်နေခဲ့ကြောင်း သူသိနေပါ၏။ ဆေးခန်းပြတင်းပေါက်တွေပိတ်ရန် ဆေးဆောင်တာနောက်မှ ထွက်လိုက်စဉ် ယုသီဂီနှင့်ယှဉ်ရပ်သလိုဖြစ်

www.burmeseclassic.com



သွားသည့် အခရာအရုပ်က ဆရာဝန်မလေးထက် ပိုရှည်နေသလို ကိုယ်လုံးကိုယ်ပေါက်ကပါ ပိုတောင့်တင်းပြီး လှပနေသလိုပါလေ။

ဘယ်လိုလဲ၊ မျက်စိထဲဝင်နေသူက တစ်ယောက်၊ သိသိသာသာကြီးအမှတ်ပေးဖြစ်တဲ့သူက တစ်ယောက်ဖြစ်နေပါရောလား။ သူ သက်ပြင်းမှုတ်ထုတ်ကာ ခေါင်းကိုခါရမ်းလိုက်မိလေ၏။ ခြံဝင်းထဲဝင်တော့ တိုက်ရှေ့အပေါက်ဝမှာ သူ့ကိုထွက်မျှော်နေသူက မေမေရယ်လေ။

"နောက်ကျလိုက်တာ သားရယ်"

"နောက်ကျမှာပေါ့မေမေရဲ့။ မေမေတို့ပေးထားတဲ့ တာဝန်အတွက် ပထမခြေလှမ်းနေရတာကိုး"

"ဘယ်လို"

ကားသော့ဖြုတ်ပြီး အိမ်ထဲဝင်လိုက်စဉ် ဧည့်ခန်းထိုင်ခုံမှာ သတင်းစာထိုင်ဖတ်နေသည့်ဖေဖေက သူ့ကိုလှမ်းမေးလိုက်လေ၏။

"ဘယ်လိုလဲ သား၊ သဘောကျရဲ့လား"

"ဟုတ်ကဲ့"

"တယ်ဟုတ်ပါလား။ ဆရာဝန်မယူချင်တဲ့ငါ့သားက တစ်ခါပဲမြင်ပေမယ့် ယုသီကြီကိုသဘောကျတယ်တဲ့လေ"





သူမျက်ခုံးပင့်သွားရပါ၏။ သဘောကျတယ်ဆိုတာ နှစ်သက်တယ်ဆိုတဲ့သဘောမှမဟုတ်တာလေ။ မြန်မာဝေါဟာရ၏ အနက်အဓိပ္ပာယ်က ကျယ်ပြန့်တယ်ဆိုတာ မှန်နေပါရောလား။

"ကျွန်တော်ဆိုလိုတာ ယုသီကြီကိုမဟုတ်ပါဘူးဖေဖေရဲ့"

"ဟေ! ဒါဖြင့် ဘယ်သူ့ကိုလဲ"

ဘယ်သူ့ကိုလဲတဲ့။ မေးနေလေပြီကော အခရာ။ မင်းကို ဘယ်သူဘယ်ဝါ၊ ဘယ်မိဘရဲ့သားသမီး၊ ဘယ်မှာနေတယ်ဆိုတဲ့ အဖြေကို တစ်ခုမှမသိရသေးပါဘဲ ကိုယ်စိတ်ဝင်တစားရှိနေပြီဆိုတာကိုပြောရင် အလွယ်တကူယုံကြပါ့မလား။

"ယုသီကြီရဲ့ဆေးခန်းက Nurse ကိုပါ"

"ဘာရယ်"

"ဟယ်! သားကလည်း၊ ဆရာဝန်သွားကြည့်ပါဆိုတာကို ဘယ့်နှယ် သူနာပြုကိုစိတ်ဝင်စားရတယ်လို့"

"သူနာပြုကမှ မေမေ့ကို ချေညမပြတ်ပြုစုနိုင်မှာမဟုတ်သား မေမေရဲ့"

"မဟုတ်သေးပါဘူး။ ယုလေးနဲ့ရော တွေ့ဖြစ်ခဲ့ရဲ့လား သားရ"

"တွေ့ဖြစ်ပါတယ်ဖေဖေ၊ စကားလည်းကောင်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တာပါ''

''ဒါနဲ့များတောင် ယုလေးကို သဘောမကျဘဲ နာ့စ်ကို စိတ်ဝင်စားရသလား နေဝန်းရာ''

မိဘနှစ်ပါးစလုံး၏ခုံရှေ့မှာပင် သူထိုင်ချလိုက်ပါ၏။ ဘာမှန်း ကောင်းမှ ရေရေရာရာမရှိသေးပါဘဲ မိဘတွေနှင့် စကားစစ်ထိုးရမှာကတော့ မဖြစ်သင့်သေးပါလေ။

''ယုသိဂီကို ကျွန်တော်ကောင်းကောင်းလေ့လာခဲ့ပါတယ်ဖေဖေ''

''အဲဒီတော့''

''ခင်မင်ဖော်ရွေတဲ့အမျိုးသမီးလေးပါပဲ။ အဆင့်အတန်းမခွဲခြားဘူး၊ စိတ်ထားပြည့်ဝတယ်၊ ခေတ်မီပေမယ့် နေထိုင်ပုံနိုးတယ်၊ ကိုယ်တိုင်ပြည့်စုံနေပေမယ့် လိုအပ်တဲ့နေရာမှာ ဖြည့်ဖေးတတ်တဲ့စိတ်ဓာတ်က မြင့်မြတ်ပါတယ်။ ပြီးတော့ မနောဖြူပြီးကလေးဆန်တဲ့ရုပ်ရည်မျိုးနဲ့ အမှတ်ရတဲ့မိန်းကလေးပါဖေဖေ''

''ထူးဆန်းပါရဲ့ နေဝန်းနီ၊ သားနှုတ်ကနေ မိန်းကလေးတစ်ယောက်ကို ဒီလို ဂုဏ်ပြုနိုးမွမ်းဖူးတာမျိုး ဒါပထမအကြိမ်ပါပဲ''

''မှန်ပါတယ်ဖေဖေ၊ ဒေါက်တာယုသိဂီဆိုတာ ဘယ်





ပုရိသမဆို ရွေးချယ်ပိုင်ဆိုင်ချင်တဲ့ အမျိုးကောင်းသမီးပဲဆိုတာ ကျွန်တော်မှတ်ချက်တင်ချင်တာ အမှန်ပါပဲ''

''ဒါတောင်မှ သူ့ကိုလက်ထပ်ယူဖို့ သားက စိတ်မကူးမိဖူးပေါ့လေ''

ခေါင်းကို ဆတ်ခနဲညိတ်လိုက်မိလေ၏။ Sorry ပါပဲ ယုသိဂီ၊ လူတိုင်းလူတိုင်းမှာ ကိုယ့်စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ဆိုတဲ့ Chance ဆိုတာ ရှိကြပါတယ်။ ဒီလိုပဲ ကိုယ်ကိုယ်တိုင်က နှစ်သက်သဘောကျအမှတ်ပေးပေမယ့် တကယ်တမ်းရွေးချယ်ချင်တာက တခြားတစ်ယောက်ဖြစ်နေတာဆိုတော့ အခက်သားလား။

''ဟုတ်ကဲ့''

''ဘာကြောင့်လဲ''

ဘာကြောင့်လဲတဲ့ အခရာ။ မင်းကိုစမြင်လိုက်ကတည်းက ထူးခြားဆန်းကြယ်တဲ့ ရင်ခုန်သံက စိတ်လှုပ်ရှားပြီး မြည်သံကျယ်ခဲ့ရတာလေ။ တဒုတ်ဒုတ်နဲ့ သိသိသာသာကြီးခုန်ပေါက်လာတဲ့ ဘယ်ဘက်ရင်အုံအောက်နားက နှလုံးနေရာကိုစမ်းသပ်ကြည့်မှသာ သိနိုင်တာမဟုတ်ပါလား။

''ကျွန်တော် ရင်မခုန်လို့ပါ''



www.burmeseclassic.com

www.burmeseclassic.com

''ဘယ်လို''

''ဟုတ်ပါတယ်ဖေဖေ၊ ယုသီဂီက ကျွန်တော့်နှလုံးသားကို ပုတ်နှိုးနိုင်တဲ့သူမှမဟုတ်ဘဲ''

''ဒါဖြင့်ရင်''

''ကျွန်တော့်ရင်ကို ထူးခြားဆန်းသစ်တဲ့ခံစားမှုမျိုးဖြစ်စေတာ ယုသီဂီရဲ့နာစ့်မလေးပါ။ အခရာ့ကိုပဲ ကျွန်တော်လက်ထပ်ချင်ပါတယ်''

''သား''

''ကျွန်တော့်ကို အမှန်တကယ်အိမ်ထောင်ပြုစေချင်ရင်တော့ ဘယ်သူ့ကိုပဲရွေးရွေး ကျွန်တော့်စိတ်ကြိုက်နှစ်သက်တဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်ပါရစေလား မေမေ''

မေမေဘာမှမပြောတော့ဘဲ သူ့ကိုသာငေးကြည့်နေလေ၏။ တကယ်ပါ အခရာ။ မင်းနဲ့ဘယ်ပုံဘယ်နည်း ရှေ့ဆက်ခွင့်ရမလဲဆိုတဲ့အခွင့်အရေးက ကိုယ့်ရှေ့မှာ ဝိုးတဝါးမရှိသေးတာကိုတောင်မှ ရင်ထဲမှာ သေချာတဲ့ဆုံးဖြတ်ချက်ကို ချမိတာပါလေ။

ကိုယ် မင်းကိုချစ်တယ် အခရာ။



## အခန်း (၉)

''အဲဒါ မမနဲ့သဘောတူတယ်ဆိုတဲ့ တစ်ယောက်ပေါ့ အခရာရဲ့''

မြို့ထဲကိုလိုက်လာရင်း ကားမောင်းပြီးပြောနေသည့် မမယုသီဂီရဲ့အပြုံးက နေရောင်အောက်မှာ တောက်ပနေတဲ့နေကြာပန်းလို လန်းဆန်းနေသလိုပါပဲလေ။ Dashboard ပေါ်ရှိ Note book ကြားထဲ တစ်စွန်းတစ်စထွက်နေသည့် ရွှေအိုရောင် Card လေးကို ပြုတ်မကျစေရန် ထည့်ပေးစဉ် ပြောလိုက်သည့်စကားပါပဲ။

''လူကြီးတွေသဘောတူကြတာပေါ့နော်''

''အင်း. . . လောလောဆယ်တော့ မမတို့လူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



လေ့လာကြရမယ့်အဆင့်ပေါ့''

''မမနဲ့အရမ်းလိုက်ဖက်တဲ့သူပါ မမရဲ့။ နေနဲ့လ ရွှေနဲ့မြ ဆိုတာ အဲဒါမျိုးကိုပြောတာပဲဖြစ်မှာ''

မမဒေါက်တာ၏ ညှင်းသွဲ့သွဲ့ရယ်သံလေးက သဘောကျသလို ခရာ့ဆီကိုပါ ကူးစက်ရသလိုပါလေ။ ခဏတစ်ဖြုတ်လေး မြင်လိုက်ရုံနဲ့ မမရင်ကိုလှုပ်ခတ်သွားစေတယ်တဲ့လား။

''မမသဘောကျတယ်ပေါ့နော်''

''ကွယ်. . .အခရာကလည်း။ သူ့ဘက်က ဘာမှဖြင့် မပြောသေးဘဲ မမဘက်ကပြောရမှာ မစောဘူးလား''

''အချစ်မှာ စောတယ်နောက်ကျတယ်ဆိုတာ ရှိလို့လား မမရဲ့။ ခရာကြားဖူးတာကတော့ မြင်မြင်ချင်းလည်းချစ်မိတာမျိုး ရှိတာပဲတဲ့''

မမမျက်နှာလေး ရဲသွားလေ၏။ ဟုတ်နေပါပြီလေ။ ဒီနေဝန်းနီဆိုတဲ့ မာနခပ်ကြီးကြီးပုဂ္ဂိုလ်မျိုးကို (တစ်ကြိမ်တစ်ခါမှ မဖြစ်ခဲ့ဖူးတဲ့ ဆယ်ကျော်သက်မိန်းကလေးမျိုးရဲ့ခံစားချက်မျိုးနဲ့) မမရင်ထဲ လှုပ်ခတ်ခဲ့တယ်ဆိုတာ ဖွင့်မပြောပါဘဲ မြင်ရုံနဲ့သိသာစေနိုင်ပါတယ်လေ။

''အခရာ့မှာရော အဲဒီလိုချစ်ရမယ့်သူရှိနေပြီလားဟင်''





လှောင်ပြောင်တာမျိုးမဟုတ်ပါဘဲ ပွင့်လင်းစွာ ရယ်ချလိုက်မိပါ၏။ 'အချစ်' တဲ့၊ လူတိုင်းနှလုံးသားတိုင်းရဲ့ ချစ်ခြင်းတရားဆိုတာ ရှိပေမယ့် အဲဒီဝေါဟာရအနက်အဓိပ္ပာယ်က ခရာနဲ့အဝေးဆုံးဝင်ရိုးစွန်းမှာသာ တည်ရှိနေတာပါလေ။

''အမယ်! ရယ်တယ်ပေါ့လေ၊ တကယ်ရှိနေတာလား''

''မရှိပါဘူးမမရဲ့၊ ခရာတို့လို တစ်နေ့လုပ်မှ တစ်နေ့စားရတဲ့လူတန်းစားက အချစ်ဆိုတဲ့ပုစ္ဆာကိုတွက်ဖို့ ဉာဏ်မထက်တဲ့ တာလေးလိုပါပဲ မမရယ်''

''ကဗျာဆန်လိုက်တာ အခရာရယ်၊ အဲဒီလိုစကားလုံးလှလှလေးတွေများ မမပြောတတ်ချင်ပါဘိ''

''ခရာက ဘဝသမားပါမမရယ်၊ ဘဝကို လက်တွေ့ခန်းလိုသဘောထားပြီး လုပ်ကိုင်နေရတဲ့သူပါ။ စကားလုံးလှလှလေးတွေကို စိတ်ကူးယဉ်ပြီးပြောတတ်ဖို့ ဝေးပါတယ်။ ဉာဏ်ပညာကြီးမြင့်ပေမယ့် ဗဟုသုတရရှိအောင် လက်လှမ်းမီဖို့ ကြိုးစားပြီး စာအုပ်တွေပဲ ဖတ်နေရတာပါ''

''စာအုပ်! အဲဒီလို ရသစာပေတွေကို ဝယ်ဖတ်တာလား အခရာ''

''ဝတ်ဖတ်နိုင်တာဆိုရင်တော့ ဝယ်ဖတ်ဖြစ်ပါတယ်။ ဈေး



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့စာအုပ်တွေဆို မဝယ်နိုင်ရင်တော့ ခရာ့ကိုစာသင်ပေးခဲ့တဲ့ အစ်ကို့ဆီမှာ သွားငှားရတာပေါ့မမရဲ့"

"အစ်ကို"

"ဟုတ်ပါတယ်"

ကိုအောင်မြင့်နိုင်ကိုရည်ရွယ်ပြီး ပြောနေတာကို မမက လိုက်ရေရွတ်လေ၏။ မျက်နှာထက်မှအပြုံးမှ ခုချိန်ထိရှိနေတုန်း ပါပဲ။

"အဲဒီအစ်ကိုဆိုတဲ့အသုံးအနှုန်းကို မမသိပ်သဘောကျ တယ် အခရာ။ အထူးသဖြင့် အခရာခေါ်လိုက်တဲ့အသံထဲမှာ လေး စားနှစ်ခြိုက်ခြင်းတွေ အများကြီးပျော်ဝင်နေသလိုမျိုး နားထဲမှာ ကြားပြီး ခံစားရတာအမှန်ပဲ"

"လေးစားရတာပေါ့မမရဲ့၊ အစ်ကိုက ခရာ ခုနစ်တန်း နှစ်ကတည်းက စာပြပေးခဲ့တဲ့ဆရာကိုး"

"အင်း. . . အဲဒီအစ်ကိုအကြောင်းကို အခရာ့နှုတ်က မကြာခဏပြောပြောဖူးနေလို့ တစ်ခါလောက်တော့ တွေ့ဖူးချင်ပါ ရဲ့လေ"

"အစ်ကိုက မိဘတွေနဲ့တစ်နိုင်စိုက်ပျိုးတဲ့အလုပ်ကိုပဲ လုပ်ကိုင်ပြီး ကလေးတွေကိုတစ်ဖက်တစ်လမ်းစာသင်ပေးတဲ့လူ





ပါ။ အပြင်ကိုထွက်ခဲ့ပါတယ်မမ။ ကြုံတဲ့တစ်နေ့တော့ မမနဲ့ ခရာ မိတ်ဆက်ပေးမှာပါ"

"နာမည်က"

"အောင်မြင့်နိုင်တဲ့"

"အောင်မြင့်နိုင်၊ သိပ်အဓိပ္ပာယ်ပြည့်တဲ့အမည်သညာမျိုး ပါပဲ"

Visiting card ထဲက ဦးနေဝန်းနီအကြောင်းပြောနေရင်း ဘယ်လိုကနေဘယ်လိုဖြစ်ပြီး အစ်ကို့အကြောင်းတွေ ပြောဂြ သွားရတာပါလိမ့်။ ဒီအချိန်ဆို မိသားစုထမင်းလက်ဆုံစားကြရင်း အစ်ကိုတစ်ယောက် လျှာကိုက်မိနေပြီလားမသိပါလေ။ ကလေး တုန်းကတော့ ဆရာလို့သဘောထားပြီး အားကိုးလေးစားခံစား ချက်နဲ့ပွင့်လင်းစွာ ဆက်ဆံခဲ့ပါ၏။ အရွယ်ရောက်လာတာနဲ့အမျှ ဆင်ခြင်တုံတရားနဲ့ မျက်လွှာချလျက် အစ်ကိုနှင့်မျက်လုံးချင်းမဆုံ ရအောင် တမင်ကြိုးစားနေရတဲ့ဒုက္ခက မသေးပါဘူး။

ခရာ့အလှည့်ပြီးတော့လည်း ရပ်ကွက်ထဲက ခရာ့ထက် အငယ်တွေကို (ကျူရှင်မယူနိုင် စာမလိုက်နိုင်သည့်ကလေးတွေ ကို) ပညာဒါနအဖြစ် ငွေမယူဘဲ အချိန်ပေးသင်ပြနေဆဲပါပဲလေ။ အစ်ကိုကတော့ ခုချိန်ထိ (ခရာက ပန်းဖောက်သည်ဝယ်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



မို့) အပြောအဆိုမပျက်သေးပါလေ။ ခရာ့ဘက်ကသာ. . .

"ဟယ်. . . မေးနေတာမကြားဘူး။ ဘာတွေများစဉ်းစားနေတာတုန်း အခရာရဲ့"

"ရှင်! မမဘာပြောလိုက်တာလဲ"

"ဩော်. . . မြို့ထဲရောက်တုန်း စာအုပ်တန်းဝင်ချင်သေးလားလို့"

"မဝင်ပါဘူးမမရဲ့၊ နေပါစေ"

"ဘာလဲ၊ ပိုက်ဆံမပါလို့လား။ ဒီလောက်တော့ မမစိုက်ပေးနိုင်ပါတယ်ကွယ်"

"မဟုတ်ပါဘူးမမရဲ့၊ ခရာ့မှာ ဖတ်စရာစာအုပ်ရှိသေးလို့ပါ"

"ဟုတ်လား။ အခုဘာဖတ်နေသလဲ"

"ဆရာကြီးဖေမြင့်ရဲ့စာအုပ်ကမ္ဘာ"

"အိုး. . . စာအုပ်ကောင်းပဲ"

"ခရာ့အပိုင်မဟုတ်ဘူးမမရဲ့၊ အစ်ကို့ဆီက ငှားဖတ်ထားတာပါ။ ဒီ Sunday ပြန်ပေးရမှာလေ"

ကားကို ဆေးဆိုင်နှင့်မနီးမဝေးမှာ ရပ်လိုက်ပြီး ကားပေါ်မှ နှစ်ယောက်သား ဆင်းခဲ့ပါ၏။ ဒီနေ့တော့ မမခေါ်ရာနောက်





လိုက်ခဲ့ရတာမို့ ဆံပင်တွေကို ဆံထုံးမထုံးဘဲ ခပ်မြင့်မြင့်လေးစည်းခဲ့တာပါလေ။ ရှည်လျားသည့်ဆံနွယ်တွေက ခရာ့တင်ပါးလုံခြုံမှုရှိရလေအောင် ကောင်းကောင်းကြီးဖုံးကွယ်ထားတာပါပဲ။

"မမမှာထားတဲ့ဆေး ရပြီလားမသိဘူး"

"ဩော်. . . မင်္ဂလာပါဒေါက်တာ၊ ရပါပြီခင်ဗျာ။ ဆေးသေချာပြန်စစ်ပြီး Packing ပိတ်ရုံပဲကျန်တော့တာလေ။ အေးမိရေ့၊ ဒေါက်တာယုသိဂီမှာထားတဲ့ဆေး List နဲ့ ဆေးထည့်ထားတဲ့စက္ကူပုံး ဘယ်မှာသိမ်းထားလဲ။ ယူခဲ့ဦး"

"လာပါပြီ ဦး"

အရောင်းစာရေးမလေးကို မမပြောလိုက်ပေမယ့် ဆိုင်ရှင်ကိုယ်တိုင်က ကောင်တာကိုရောက်လာပြီး ဖော်ရွေစွာ ပြောနေလေ၏။ ဩော်, ဆရာဝန်ဆိုတော့လည်း ခေါ်ပြောနှုတ်ဆက်ချင်သူတွေ ပေါများလွန်းတာကိုး။

"ထိုးဆေးက တစ်ပုံး၊ သောက်ဆေးတစ်ပုံး ထည့်ပေးပါနော်"

"ဟုတ်ကဲ့ပါဒေါက်တာ၊ စိတ်တိုင်းကျဖြစ်စေရပါမယ်"

ငွေချေပေးပြီး Voucher ဖြတ်ပြီးစဉ် စက္ကူပုံးနှစ်ခုကိုမနှင့်ခရာ တစ်ယောက်တစ်ပုံးသယ်ကာ ကားထဲသို့ထည့်နေကြ



www.burmeseclassic.com

www.burmeseclassic.com



စဉ် ခရာ့နှာခေါင်းထဲသို့ အမွှေးနံ့သာက စူးခနဲရောက်လာလေ၏။ ဒီအနံ့မျိုးကို ခရာရှူခဲ့ဖူးတာလေ။

"မယု"

"ဟဲ့! ဖွဲ့ပါလား။ ဘယ်လာတာလဲ"

အနီးမှာလာရပ်သည့် လူတစ်ယောက်ကြောင့် ခရာက အလိုလို မမနောက်ကို ကွယ်ရပ်လိုက်မိလေ၏။ ယောကျ်ားလေး ဖြစ်ပြီး သူ့တစ်ကိုယ်လုံးမွှေးကြိုင်နေတာက လွန်လွန်းနေတာပါလေ။

"ဒီနားက Studio မှာ ဓာတ်ပုံရိုက်ပြီး ထွက်လာတာ။ မယုကရော"

"အင်း. . . ဆေးခန်းအတွက် ဆေးလိုတာလေး OFF ရက်မှာ နည်းနည်းပါးပါး လာဝယ်တာလေ"

"မယုတို့အိမ်ပြောင်းသွားတာ OK ရဲ့လား"

"အေး. . . အဆင်ပြေပါတယ်ဖွဲ့ရဲ့၊ ခြံလည်းကျယ်သလို အိမ်လည်းကြီးသွားတော့ အသက်ရှူချောင်သွားတာပေါ့"

"ဒါက မဟုတ်မှလွဲရော၊ မယုရဲ့ Nurse လေးလား"

"ဘယ်သူ. . . ဪ၊ အခရာ့ကိုသိလို့လား ဖွဲ့ရဲ့"

ဟင်! ဘယ်တုန်းကများ တွေ့ဖူးမြင်ဖူးပြီး သိနေတာလဲ။





ခရာဖြင့် ယောကျ်ားလေးဆိုလို့ ယခုတိုင် မှတ်မှတ်ရရသိနေတာ 'အောင်မြင်နိုင်' ဆိုတဲ့အစ်ကိုတစ်ယောက်သာ ရှိတာလေ။ ဒီမင်းသားရှုံးအောင် ပြင်ဆင်ထားတဲ့သူ့ကို တစ်ခါလေးတောင်မှမမြင်ဖူးခဲ့ပါဘဲ ဘာလို့ ယောရောရှိလုပ်နေရတာပါလိမ့်။

"နာမည်က အခရာတဲ့လား"

"ဟင်! ဖွဲ့ပဲ ခုနတုန်းက သိသလိုလိုနဲ့"

"တစ်ခါပဲဆုံဖူးတာကိုး မယုရဲ့"

"ဖွဲ့ကိုသိလား အခရာ"

"ဟင့်အင်း"

"ဟယ်. . . တကယ်မသိတာလား"

"ခရာမှမသိတာ မမရဲ့၊ မသိဘဲ ညာမပြောတတ်ဘူးလေ"

သူက နှုတ်ခမ်းကို ဖြန်းခနဲရိုက်ကာ သဘောကျသည့်နှယ် ဟက်ဟက်ပက်ပက်ရယ်ချလိုက်လေ၏။ ဘယ်လိုလူပါလိမ့်၊ လူကိုများ ကလေးပေါက်စနလေးလိုမြင်ပြီး ချစ်စနိုးလှောင်နေသလိုပါပဲလား။

"သူမမှတ်မိလို့ဖြစ်ပါလိမ့်မယ် မယုရဲ့"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ခရာမျက်မှောင်ကြုတ်လျက် ထိုလူကိုအကဲခတ်ကြည့်လိုက်မိလေ၏။ ဒီလို Style မျိုးကို ဒီနေ့ခေတ်မှာ မျက်စိနောက်ရလောက်အောင် တွေ့နေရတာမဆန်းကြယ်တော့ပါလေ။ ငွေပေါပေါလှုံ့လှုံ့ရတဲ့မိဘတွေရဲ့သားသမီးတွေမဟုတ်ပါလား။ ကြိုက်သလိုသုံးဖြုန်းရလောက်အောင် လက်ဖျားငွေသီးတဲ့အဆင့်အတန်းမျိုးကို ဘဝသမားဖြစ်တဲ့ခရာက စိတ်မဝင်စားသလို အမြဲပေကျွာပြုတတ်တဲ့အကျင့်ရှိတဲ့သူပါပဲ။

"ဟောကြည့် . . . တကယ်မမှတ်မိတာလား"

ခေါင်းကို ခါမလိုညိတ်မလိုလုပ်ပြီး ဘာမှမလုပ်ဖြစ်ဘဲ ငြိမ်နေလိုက်မိ၏။ မသိပါဘူးဆိုနေတာကို အတင်းကို ခေါင်းစားခိုင်းနေတာမဟုတ်ပါလား။ သူက (အရည်လဲ့သောမျက်ဝန်းများ ပေါ်အောင်လားမသိ) နေကာမျက်မှန်ကိုချွတ်ကာ ခရာ့ကိုကြည့်နေလေသည်။

"ကိုယ်တို့လမ်းထိပ်မှာ မင်းစက်ဘီးနဲ့ကိုယ့်ကား တိုက်မိမလိုဖြစ်ခဲ့တာလေ။ ဘာကြာသေးလို့လဲ"

"ဪ"

"မှတ်မိပြီလား"

"ဟုတ်"





"ဒါ ဒီနေ့နာမည်ကြီးနေတဲ့ Model အဆိုတော် ဖွဲ့ဇာနည်လေ အခရာရဲ့။ အစက ဖွဲ့တို့အိမ်နဲ့မမတို့အိမ်က တစ်လမ်းတည်းမှာ မျက်နှာချင်းဆိုင်နေခဲ့တာပေါ့"

မမက သေချာဂရုစိုက်ပြီး မိတ်ဆက်ပေးနေပေမယ့် စိတ်မဝင်စားသလို မျက်နှာလွှဲလိုက်မိပါသည်။ ဟုတ်တယ်လေ၊ လူကို Store ဆိုင်ထဲကအရုပ်လို စူးစူးစိုက်စိုက်ကြည့်တဲ့မျက်လုံးတွေမို့ ရင်ဆိုင်မကြည့်ရဲပါလေ။

"ဖွဲ့ဇာနည်ပါ အခရာ၊ နောက်တွေ့ရင် ခေါ်ပါရစေ"

လက်ကမ်းပေးနေတာမို့ ခရာ့လက်ကို ကျောနောက်မှာ ဝှက်လိုက်မိပါ၏။ သူတို့လိုအနုပညာသမားတွေအတွက်ကတော့ Shaking လုပ်တာ အထူးအဆန်းမဟုတ်ပေမယ့် ခရာ့လိုကန္ဒြေ သိက္ခာငဲ့ကွက်တတ်တဲ့လူအတွက်ဖြင့် ကိုယ့်အသားကို လူလာထိမှာ အင်မတန်ကြောက်ရွံ့ရတာပါလေ။

"ခရာက အမျိုးသားတွေနဲ့ မခင်မင်တတ်ဘူး"

"အားပါး!. . . ဘာမှမကွယ်ဝှက်ဘဲ ဒဲ့ဆော်တော့တာပါလား"

"အခရာက အေးတယ် ဖွဲ့ရဲ့"

"ဒီလိုရေခဲတုံးလေးမို့လို့လည်း ကျွန်တော်က တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



မြင်ရုံနဲ့ မမေ့တာပေါ့မယုရဲ့''

ကြည့်စမ်း! ဒါက ဘာစကားလဲ။ လူကိုအနှောင့်အသွား မလွှတ်တဲ့စကားမျိုးပြောသလို အကြည့်က ခပ်စူးစူးမျိုးနဲ့ ကြည့်တတ်တဲ့လူပါလား။ မမကိုနှုတ်ဆက်စကားပြောတာ ထားပါတော့၊ ခရော့ကို အခုလိုရောတာကိုတော့ မနှစ်သက်ပါလေ။

မမနဲ့စကားစမပြတ်ဘဲ ပြောနေပေမယ့် သူ့မျက်လုံးတွေက ခရော့ဆီမှာပဲ ရောက်နေတာမို့ စိတ်အိုက်လိုက်တာမပြောပါနဲ့တော့။ မမကားကိုကျောမှီထားလျက် မျက်နှာလွှဲကာ အကြည့်ကိုဆိုင်ခန်းတွေဘက်သို့သာ ပို့ထားလိုက်မိတော့၏။

အစ်ကိုနဲ့များ ကွာပါ့၊ အစ်ကိုဆို ခရော့ကို ဤသို့အားမနာတတ်တဲ့အကြည့်မျိုးနဲ့ တစ်ကြိမ်တစ်ခါမှမကြည့်ခဲ့ပါလေ။ သက်မောတစ်ချက်ကိုသာ တိတ်တိတ်လေး ချလိုက်မိတာက ခရောသာပါပဲ။



## အခန်း (၁၀)

ကားကို အိမ်ရှေ့မှာပင် ရပ်ထားခဲ့ပြီး လေချွန်လျက် အိမ်ထဲဝင်ခဲ့ပါ၏။ ဒီနေ့အတွက်ကတော့ သူ့ရဲ့ Lucky day ပဲ ဟုတ်ပါလား။ မယုနဲ့လမ်းမှာဆုံပြီး သူ့လဝန်းလေးကို အမှတ်တထင်ဆုံခွင့်ရခဲ့ရတာလေ။

''အမယ်! တယ်အူမြူးလာပါလား။ ဘာတွေများ ပျော်လာတာလဲ Honey''

''Hi! မာမီ''

အတွင်းခန်းထဲမှထွက်လာရင်း ကြုံလိုက်သည့်မာမီ့ကို ရှုတ်ခနဲထွေးပွေ့လျက် ပါးပြင်ကိုမွှေးရှိုက်လိုက်ပါ၏။ သူက အဲဒီလို အမေနဲ့ရင်းနှီးချစ်ခင်တဲ့သားလေးပါပဲ။ ကိုကို့လို မှုန်ကုပ်ကုပ်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အလိုမကျချုပ်မျိုးနဲ့ ခပ်တည်တည်ရှိတဲ့သားမဟုတ်ပါလေ။

"လာချွဲမနေစမ်းပါနဲ့၊ ဘာပူဆာချင်လို့လဲ"

"ကျွန်တော်ပူဆာတာကို မာမီဝယ်ပေးနိုင်လို့လား"

"အမယ်! ဒေါ်သက်မြတ်နိုးပါနော်၊ နာမည်တစ်လုံးနဲ့ နေလာတာပါ။ ပြောစမ်းပါသားရဲ့၊ ဘာလဲ. . . ကားလား၊ ဘယ် Brand မျိုး မျက်စိကျလာလို့လဲ"

"No! "

"ကားမဟုတ်ဘူးဆိုရင် ဘာလဲ"

သူပြုံးစိစိနှင့် မာမီ့ကိုငုံ့ကြည့်လိုက်မိပါ၏။ 'မိန်းမ'လို့ သာ ပြောလိုက်ရင် မာမီတော့ မျက်ဖြူလန်ပြီး သတိလစ်သွား နိုင်တာလေ။ အထူးသဖြင့် စန်းထနေတဲ့အချိန်မှာ သူ့ကို ဂုဏ်သိက္ခာ တွေနဲ့ နာမည်မထွက်အောင် သတိထားဖို့ ဂရုတစိုက်ဆုံးမနေတာ နေ့စဉ်ပါလေ။

"မေးနေတာ ဖြေလေ ဖွဲ့ရဲ့၊ ဘာပြုံးစိစိလုပ်နေတာလဲ"

"ဟင်းဟင်း. . . ပြောမှာပါ မာမီရဲ့"

"ပြော"

"ရှည်းစား"

"ဟယ်! ဒီကလေးနော်။ မအေကို နောက်တီးနောက်





တောက်နဲ့"

"မနောက်ပါဘူး မာမီရဲ့၊ အတည်ပြောနေတာပါ"

"အတည်"

"အင်း"

သူခေါင်းညိတ်ပြလိုက်တာမို့ မာမီက မျက်မှောင်ကြုတ် ပြလေ၏။ မျက်နှာအမြဲမတည်တတ်တဲ့သားရဲ့စကားကို မယုံသလို ဖြစ်နေတာလေ။

"ဟုတ်ရဲ့လား သားရယ်"

"ဩော်. . . ဟုတ်ပါတယ်ဆို မာမီကလည်း လူကို မယုံ သကာနဲ့"

"ဘယ်မှာတွေ့လာတာလဲ"

"မယုနဲ့ လမ်းမှာဆုံလို့"

"ဟဲ့! မယုက သားရဲ့ကိုကိုနဲ့ Engage လုပ်ပေးမယ့် မိန်းကလေးလေ"

"ရော်. . . မယုကို ကျွန်တော်မကြိုက်ပါဘူး မာမီရဲ့"

"ဒါဆို ဘယ်သူ့ကိုလဲ"

"မယုရဲ့ Nurse လေးကို"

"ဟဲ့! "



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောနေတာ မာမီ့ ဒတ်ကြီမ်ပါနဲ့ဆို သူနဲ့ဆုံတာ နှစ်ခါရှိပြီ။ နှစ်ခါစလုံး ဒီနေရာမှာ ဆူနာမီလိုလှုတ်ခတ်တဲ့ဒဏ်ရာတွေ ဖြစ်နေတာအမှန်ပဲ။ အား. . . ကိုယ်တော့ မင်းကိုစွဲနေပြီ အခရာရေ့"

ဆက်တီပေါ် ပစ်လှဲချလျက် မျက်စိမှိတ်ပြီး သူအော်တော့ မာမီမျက်လုံးပြူးချေပြီ။ ဖြစ်မှာပေါ့၊ ဖွဲ့ဇာနည်ရဲ့ဘေးပတ်ဝန်းကျင်မှာ ရောင်စုံပန်းခင်းတွေ ဖွေးနေသလို မိန်းကလေးအရွယ်ပေါင်းစုံတွေ ပတ်ပတ်လည်ဝိုင်းနေတာလေ။ အဲဒီလိုအရောင်အသွေးစုံလင်တဲ့ပန်းပွင့်တွေအများကြီးထဲမှာမှ ဘယ်လိုဖြစ်ပြီး ဒီစံပယ်ပွင့်ဖြူဖြူလေးကိုမှ သူဘာလို့ချစ်မြတ်နိုးမိရတာပါလိမ့်။ သူ့ကိုယ်သူတောင် အံ့ဩစရာဖြစ်နေရတာအမှန်ပါပဲ။

"ဟုတ်မှလည်းလုပ်ပါ သားရယ်၊ မာမီရင်ထိတ်လိုက်ရတာ"

"မဟုတ်ဘဲ ကျွန်တော်ပြောမလား မာမီရ"

"ဘယ်အရွယ်လဲ"

"ငယ်တာပေါ့၊ အလွန်ဆုံးရှိလှ ၁၉/၂၀ လောက်ပဲ"

"လုတော့လုတာပေါ့လေ"

"ဖွဲ့ဇာနည်ကြိုက်မှတော့ အဲဒီမိန်းကလေးက စက်စက်





ယိုအောင် လှလို့ပေါ့မာမီရဲ့"

"လှတာလေးနဲ့ ဘာဖြစ်မှာလဲ သားရယ်၊ ဘေးနားမှာ ဒီလောက်ပေါနေတာကို စိတ်ကြိုက်ရွေးပါတော့လား။ အဆင့်အတန်းရှိရှိ ချမ်းချမ်းသာသာ"

သူနှာခေါင်းကို ရှုံ့ပြလိုက်မိ၏။ ဒီလိုပြောမယ်မှန်း ကြိုသိထားသားပဲ။ ချမ်းသာတာများ ဘာထူးဆန်းလို့လဲ။ သူကိုယ်တိုင်ရှာနေတဲ့ငွေကြေးတွေက ပုံနေတာပဲမဟုတ်လား။ နံဘေးရှိသမျှ ဘော်ဒါတွေက ကိုယ့်ဆီက ကပ်စားညာစား ဖားစားမြှောက်စားတဲ့လူတွေက 70% လောက်ရှိနေတာပါလာ။ တကယ့်စေတနာအရင်းခံနဲ့ မိတ်ဆွေစစ်မျိုးကို ဒီလိုနာမည်ကြီးဖွဲ့ဇာနည်က ဘယ်လိုရှာဖွေမှာတဲ့လဲ။ ဝေးပါ့။

"ငွေဆိုတာ ကိုယ်ရှာတတ်လို့ရတာပါ မာမီရ။ ကိုယ်ကြိုက်သလိုသုံးရင် ကိုယ့်ကို တော့တာဘိုင့်ဘိုင်ပြပြီး ပျောက်သွားအဲ့အရာကိုများ"

"ကြည့်!"

"ဒီလောက်ပြည့်စုံနေတဲ့ဘဝမှာ သက်ရှိလူသားမိသားစုဖြစ်နေတာတောင်မှ မာမီက ဒီထက်ပိုချမ်းသာချင်တုန်းပဲလား"

"ဘယ်လိုပြောလိုက်တာလဲ ဟန်နီ၊ ဘယ်မိဘမဆို သား



www.burmeseclassic.com

www.burmeseclassic.com



သမီးတိုင်းကို ဆင်စီးမြင်းရံတာမျိုးပဲ မြင်ချင်ကြတာပါ။ ဆင်းနင်းမြင်းကန်ခံရတာမျိုးတော့ အဖြစ်မခံနိုင်ပါဘူး''

''အဲဒါတွေပေါ့၊ မာမိနဲ့အန်တီကြီး ကွာခြားတာ''

''ဘာ!''

''ဟုတ်တယ်လေ၊ မာမိနဲ့အန်တီကြီးက ညီအစ်မတွေသာဆိုတယ်၊ စိတ်ဓာတ်အရမ်းကွာတာအမှန်ပဲ''

''ကြည့်စမ်း! ဒါက မာမိ့ကို စိတ်ပုပ်တဲ့လူလို့ ဝေဖန်တာပေါ့လေ''

''အဲဒီလိုမပြောပါဘူး၊ အန်တီကြီးက အေးတယ်၊ စကားကိုအများကြီးမပြောဘူး၊ တော်ရုံသူပြောချင်တာကို မျက်လုံးကြည့်ရုံနဲ့ သိသာအောင်လုပ်တတ်တာ။ ဒါကြောင့်လည်း ကိုကို့လိုအေးစက်စက်သားမျိုး မွေးခဲ့တာပေါ့''

''ဖွဲ့ဇာနည်!. . .''

''ဘာလို့အော်ရတာလဲ မာမိ၊ သားအမိချင်း အေးအေးဆေးဆေးဆွေးနွေးနေတာ မာမိက အရမ်းသွေးဆူတာပဲ၊ ကိုကိုတို့အိမ်မှာဆို အပ်ကျသံတောင်မပြည့်အောင် Ever Silence ပဲ''

''မအေက မင်းကို ကိုယ်နဲ့တန်းတူအရည်အချင်းရှိတဲ့ မိန်းကလေးရွေးဖို့ ဆုံးမနေတာပါ ဖွဲ့ရဲ့။ မာမိ့ကို မင်းဝေဖန်ဖို့





မလိုပါဘူး''

''ကျွန်တော်က မိန်းမယူမယ်လို့များ ပြောမိလို့လား''

''အဲဒီလိုယူမိသွားမှာစိုးလို့ တားနေတာလေ''

''ညည်းစားတောင် ဘယ်နားမှာရှိသလဲဆိုတာတောင်မသိတဲ့ကောင်ပါ မာမိရာ။ အခုရာနဲ့ဆုံမှ ဖွဲ့ဇာနည်ရဲ့ရင်ခုန်သံတွေပြောင်းပြန်ဖြစ်ကုန်တာလို့ပဲပြောရပါသေးတယ်။ ချစ်သူဖြစ်အောင်တောင် အတော်ကြီးကြိုးစားရဦးမှာ။ ယူဖို့ဆိုတာ အဝေးကြီး''

''ယူလို့လည်းမရပါဘူး၊ အဲဒီလိုအဆင့်မျိုးနဲ့တော့ ငါ့သားနဲ့ဘယ်နည်းနဲ့မှ သဘောမတူနိုင်ဘူး. . . ဒါပဲ''

''ဟာ. . . မာမိရာ၊ အခုရာနဲ့တစ်ခါလေးတောင်မှ မတွေ့ရသေးဘူး၊ မျက်စိမှိတ်ပြီး ငြင်းနေရတယ်လို့။ ဘယ်လိုဖြစ်နေရဘာလဲဗျ''

''ဟဲ့! သားနဲ့အဲဒီကောင်မလေးက မိုးနဲ့မြေလိုဝေးကွာတဲ့အဆင့်အတန်းမှန်းသိလို့ပေါ့ ဖွဲ့ရယ်။ ငွေမရှိတဲ့သူတွေက ငွေမြင်ရင် သုံးဖို့ဖြုန်းဖို့လောဘတက်တဲ့အဆင့်တွေပဲရှိမှန်း မင်းမသိဘူးလား''

ကျစ်! စိတ်ပျက်စရာကြီးပါပဲလားနော်။ သူသွားနေရတဲ့ Studio တွေ Shooting တွေကို တကောက်ကောက်လိုက်ခဲ



www.burmeseclassic.com

www.burmeseclassic.com



တဲ့မာမိက သူ့ကို ဒီလောက်တောင်မှ ၂ ဝင်ရတယ်လို့။ သားကို ဥစ္စာခြောက်တာ ထားပါတော့၊ သို့သော် အလွှာဆိုပြီး အဆင့်ခွဲတာကိုတော့ သူ မနှစ်သက်ပါလေ။ အန်တီကြီးဆိုရင် ကိုကို့ကို Free ပေးထားတာမဟုတ်ပါလား။ ဘယ်သူနဲ့ပဲယှဉ်ယှဉ် အိမ်ထောင်ပြုဖြစ်ဖို့ကသာ အဓိကတဲ့လေ။

"ပြောနေတာကြားလား။ အဲဒီကောင်မလေးကို ရွှေစွန်ညိုဝဲဖို့ လုံးဝမပြင်ပါနဲ့"

"ကိုကို့ကိုဆို အန်တီကြီးက Chance your wish ပဲ"

"ဒါမျိုး မကြီးပဲပေးမှာ၊ ငါကတော့ No! ပဲ"

"စဉ်းစားပေးပါဦး မာမိရာ၊ အခုရာက အလိမ္မာအိမ်ပါမိန်းကလေးမျိုးပါဗျ"

"အေး. . . ပါမှာပါမှာ စိတ်ချ၊ မင်းအိမ်ပါ ကုန်းကောက်စရာမရှိအောင် ဒင်းနောက်ပါသွားမှာ အသေအချာလေ"

ကဲ! 'ဗူးဆို ဖရုံမသီး'ဆိုတာ ဒါမျိုးကိုပြောတာထင်ပါရဲ့။ နာမည်နဲ့လိုက်ဖက်အောင်ကို ဖွံ့ကြီးလွန်းတဲ့ဖွဲ့တစ်ယောက် မာမိ့ကိုလက်မြှောက်အရှုံးပေးရတော့မည့်ပုံပါလေ။

ဘယ်လိုလဲ အခုရာ၊ မင်းအနားကိုချဉ်းကပ်ဖို့ အခက်အခဲကိုတောင်မှ ကိုယ်မဆောင်ရွက်သေးတာတောင် မာမိက ကြို





တင်ကန့်ကွက်နေတာလေ။ ပင်မြင့်ကသဇင်ပန်းလို တန်ဖိုးမြင့်တဲ့ တော်ဝင်ပန်းမဟုတ်ပေမယ့် စံပယ်ခင်းထဲက တစ်မူထူးပြီး လှပနေတဲ့စံပယ်ဖူးလေးကိုမှ မြတ်နိုးမိတာ အပြစ်တဲ့လား။

"အမယ်! ဒီနေ့ ငါ့သား ပြန်ရောက်တာ စောသားပဲ"

သားအမိနှစ်ယောက် စကားများပြီး ငြိမ်သက်နေတာကို ချိုးဖျက်ပြီး ကုမ္ပဏီမှပြန်လာသည့်ဒက်ဒီက အိမ်ထဲဝင်ဝင်ချင်း သူ့ကိုမြင်သွားသဖြင့် မှတ်ချက်ပြုချေပြီ။

"မျက်နှာက သုန်သုန်မှုန်မှုန်နဲ့၊ ဘာဖြစ်နေကြတာလဲ အသက်"

"ဘာဖြစ်ရမှာလဲ၊ ကို့သားကိုပြောနေတာ မရလို့လေ"

"သားက ဘာဖြစ်လို့လဲ"

"သိန်းကျော်သောင်းကျော်တန်ဖိနပ် မစီးချင်ဘဲ လမ်းဘေးက ဂျပန်ဖိနပ်စုတ်ကို ဝတ်ချင်နေလို့ ဆူနေတာ"

"ဟာ! မာမိ၊ အဲဒီလိုမနှိုင်းပါနဲ့ဗျ"

"နှိုင်းမှာပဲ၊ နှိုင်းတော့ဘာဖြစ်လဲ"

သူ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ငုံ့ချလိုက်ရင်း သက်ပြင်းရှည်ကြီးကို ချလိုက်မိလေ၏။ သူချစ်မိတဲ့ယဉ်သကိုမယ်လေးကိုမှ ဖိနပ်နဲ့နှိုင်းရတယ်လို့။ ရက်စက်လိုက်တာ မာမိရယ်။ ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ စူးခနဲကျဉ်သွားရတဲ့အထိ နာကျင်သွားရတာအမှန်ပါ အခရာ။

"သားက ဘယ်လိုမိန်းကလေးမျိုးနဲ့ ချစ်သူဖြစ်နေလို့လဲ။ ပြောပါဦး"

ဒက်ဒီက သူ့ပခုံးကိုပုတ်လိုက်ရင်း သေားမှာဝင်ထိုင်လိုက်လေ၏။ ဒက်ဒီ့ထက်ပိုပြီး မာမိ သူ့အပေါ်ချစ်မှန်းသိသော်ငြား ဒီလိုရင်ဘတ်ထဲကကိစ္စနဲ့ပတ်သက်ပြီး အနှောင့်အယှက်ဖြစ်ရတာကိုတော့ သူစိတ်မကောင်းဖြစ်ရတာပါလေ။

"ချစ်သူမဟုတ်သေးပါဘူး ဒက်ဒီ၊ အခုမှမျက်စိကျရုံပဲ ရှိသေးတာပါ"

"မျက်စိကျတာလည်း ဒေါက်တာယုသီဂီရဲ့ဆေးခန်းက Nurse တဲ့လေ။ ယုတို့မိသားစုအကြောင်းလည်း သိသားနဲ့။ စီးပွားရေးမပြေလည်လို့ မိသားစုပြောင်းသွားကြတာကို"

"မဟုတ်ပါဘူးမာမိရာ၊ မယု ကျောင်းတက်တာ အဆင်ပြေအောင် နီးတဲ့နေရာကိုပြောင်းသွားတာပါဗျ"

"မသိဘူး၊ လုပ်တဲ့ဆေးရုံက သားအဖနှစ်ယောက်စလုံး မလောက်မငလစာရတဲ့ဆေးရုံမျိုး၊ ဆေးခန်းဖွင့်တော့လည်း ဘာငွေကြေးမှမရတဲ့ပုံကျုရပ်ကွက်တဲ့လေ။ အဲဒါပေါ့၊ ဝမရှိဘဲ ဝိလုပ်တယ်ဆိုတာ"





"မိန်းမကတော့ကွာ၊ သူများအတင်း မှိုချိုးမျှစ်ချိုးပြောတဲ့နေရာမှာတော့ Number one ပဲ။ ဒေါက်တာမိုးဦးတို့ ဒေါက်တာမေရီအောင်တို့မောင်နှမတွေက နဂိုကတည်းက အောက်သက်ကျေတဲ့မောင်နှမတွေမှန်း မင်းသိရဲ့သားနဲ့။ ယုမေမေဆင်းသီဂီနဲ့ လည်း သူငယ်ချင်းဖြစ်ခဲ့တာကို၊ အဲဒီလောက်ကြီး မဲ့ရွဲ့မပြောနဲ့လေ"

"ကိုနော်၊ သီဂီ့အကြောင်း ထည့်ပြောမလာနဲ့"

"ဟောကြည့်!"

"ဘာဟောကြည့်လဲ၊ ကျောင်းမှာတုန်းက အသက်တို့မေဂျာမှာ Star ဖြစ်ခဲ့တဲ့သီဂီ့ကို ကိုဦးနဲ့ကိုတို့ ပိုးခဲ့ကြတာ အသက်သိတယ်။ သိပ်မပြောချင်ဘူး"

"ဟောဗျာ. . . ဒီမှာ သားတစ်ယောက်လုံး ဒီအရွယ်ရောက်နေတာတောင်မှ ငါ့ကိုအူလိုက်တိုတုန်းပဲလား ဒေါ်သက်မြတ်နိုး။ သားရှေ့မှာ ကြည့်ပြောဦး"

"ပြောမှာပဲ၊ မှန်တာပြောတဲ့ဥစ္စာ။ ဟိုက ကိုဦးကို ဆေးကျောင်းသားမှန်းသိလို့ ရွေးလိုက်တာနဲ့ အသက်ကိုကြိုက်တယ်ဆိုပြီး လက်ထပ်ခဲ့တာ မသိဘူးမထင်နဲ့။ ဆင်းသီဂီဆိုတာ နာမည်နဲ့လိုက်အောင် အဆင်းပဲရှိတာကိုများ. . . ဟွန့်"



www.burmeseclassic.com

www.burmeseclassic.com



''ဟာ! အသက်ရာ၊ ဘယ့်နှယ်ပြောလိုက်တာလဲ။ နေရင်းထိုင်ရင်း ကိုယ့်ကို ပြဿနာမရှာချင်စမ်းပါနဲ့''

သူနဲ့ပြဿနာဖြစ်နေရပေမယ့် ဒက်ဒီပြန်လာတာနဲ့ ပွစိပွစိပြောနေသည့်စကားဝိုင်းမှ အသာလေးထပြီး အပေါ်ထပ်ကိုတက်ခဲ့ရလေ၏။ သူတို့အိမ်က ထိုသို့ပူညံပူညံအိမ်ပါလေ။ ငွေတွေထားစရာမရှိအောင် ပုံနေပါလျက် မာမီဘာကြောင့် စိတ်တိုင်းမကျဖြစ်ရသလဲဆိုတာ လက်စသတ်တော့ ဒီလိုဒီလိုတွေကိုး။

အခရာ. . . ကိုယ်ကတော့ မာမီဘယ်လိုပဲတားတား၊ မင်းရဲ့အချစ်ကို မရရအောင်တောင်းဖို့ မင်းရှိရာဆီရောက်အောင်လာခဲ့မှာပါ။ မကြည်သလို မျက်စောင်းခဲပြုပြီး မကျေနပ်သလို နှုတ်ခမ်းစူပြဦးမှာပဲလား။ ဒါမှမဟုတ် မသိသလိုမမြင်သလိုဟန်မျိုးနဲ့ မျက်နှာလွှဲထားဦးမှာပဲလား။

ဘာပဲဖြစ်ဖြစ် မင်းကို ကိုယ်ချစ်တယ် အခရာ။



BURMESE CLASSIC .com

## အခန်း (၁၁)

''မေမေ''

''ဟေ! ဘာလဲသမီး''

''ခရာ, ဦးနိုင်တို့ခြံ ခဏသွားလိုက်ဦးမယ်နော်''

''မှောင်တော့မယ်မဟုတ်လားသမီးရယ်၊ လေတောင်မှအေးနေပြီ။ ဘာသွားလုပ်မလို့လဲ၊ ပန်းရောင်းတဲ့အလုပ်ကိုမလုပ်နဲ့တော့လို့ ပြောထားရဲ့သားနဲ့၊ ငါ့သမီးက သိပ်ခေါင်းမာတာပဲ''

ခရာ ပြုံးလိုက်မိပါ၏။ မျက်စိမှုန်နေပေမယ့် အပြင်မှာမှောင်တာ၊ မနက်မိုးလင်းတာကို မေမေက အလိုလိုသိနေတာလေ။ မနက်ဆို ငှက်ကလေးတွေအသံနဲ့ နေရောင်ကြောင့် နွေးဘာတဲ့။ ညဆို ညလေနဲ့အတူ ပုရစ်လေးတွေအော်သံကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သိတာတဲ့လေ။

''အစ်ကို့စာအုပ် သွားပို့စရာရှိလို့ပါ''

''မနက်မှပေးတာမဟုတ်ဘူး''

''မဖြစ်ဘူးမေမေရဲ့၊ ပန်းဖိုးငွေတွေလည်း မရှင်းရသေးဘူး။ ပြီးတော့ မညိုမှာထားတဲ့ပန်းစာရင်းလည်း ပေးရမှာမို့လေ''

''ဒါဆိုလည်း မြန်မြန်သွားမြန်မြန်ပြန်လာ။ စက်ဘီးနဲ့သွားမှာလား''

''စက်ဘီးက ဘီးပေါက်နေလို့ လမ်းထိပ်ကပြင်ဆိုင်မှာအပ်ခဲ့ရတာမေမေရဲ့။ ရပါတယ်၊ ဒီလိုပဲ လမ်းမြန်မြန်လျှောက်သွားလိုက်မယ်''

BURMESE CLASSIC .com

''ထီးယူသွားဦး''

မေမေသတိပေးလိုက်ပေမယ့် ထီးမယူဖြစ်။ တိမ်ကင်းစင်နေတာမို့ မိုးမရွာလောက်ပါဘူးလေ။ စာရင်းစာရွက်နှစ်ရွက်နှင့် ငွေအလိပ်လေးကို သားရေကွင်းဖြင့်ပတ်ကာ လက်ထဲဆုပ်ကိုင်လျက် ခြံလေးထဲမှထွက်ခဲ့ပါ၏။

ဒီနေ့ မမ Night duty ဆင်းရတာမို့ ဆေးခန်းပိတ်ထားပါ၏။ အဲဒီလိုရက်ပြီးရင် နောက်နေ့မှာ လူနာတွေပုံနေတတ်တာမို့ ခရာရောမမပါ ပင်ပန်းရတာလေ။





ခရာက ထားပါတော့၊ ဆေးရုံက တန်းပြီးလာရတဲ့မမကသာ ပိုပြီးသနားစရာကောင်းနေသေးတာပါလေ။

ခရာ့ထက်ချမ်းသာတဲ့မမ ယုသီဂီကို သနားမိတာကို သိရင်တော့ မမက ဟက်ဟက်ပက်ပက်ရယ်တော့မှာအမှန်ပါပဲလေ။ တကယ်ပါ၊ ပညာမာနမရှိ၊ ဥစ္စာမာနမထောင်လွှားတတ်တဲ့မမလို ဆရာဝန်မျိုးကို ခရာ့အစ်မအရင်းလိုသဘောထားပြီး ချစ်တာမှန်း မမအသိဆုံးမဟုတ်ပါလား။

စက်ဘီးနှင့်ခဏလေးသွားရသည့် ရပ်ကွက်လမ်းက ခြေလျင်လျှောက်တာမို့ ပိုဝေးနေသလိုပါပဲ။ ညနေစာစားပြီး ထွက်လာတဲ့ငါးနာရီခွဲက မှောင်ရိပ်ပျိုးနေလေပြီ။

''ဦးကျော်ရေ၊ အန်တီမြိုင်''

''ဟေ. . . ခရာလား''

''ဟုတ်''

''ဝင်လာလေ သမီး''

''အောင်နက်ကိုကြည့်ပေးပါဦး''

''အောင်နက်က သူ့အစ်ကိုနဲ့လမ်းလျှောက်ပါသွားတယ်ခရာရဲ့။ ရဲရဲသာဝင်လာ''

ရော်! အစ်ကိုနဲ့တွေ့ဖို့လာပါတယ်ဆိုပါမှ လမ်းလျှောက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားရတယ်လို့၊ လွဲချင်ရင် ကြံဖန်လွဲတတ်တယ်ဆိုတာ မှန်နေပါရောလားလေ။ စာအုပ်ထပ်ငှားမယ့်အစီအစဉ်တော့ ပျက်ပါပြီ။

''သွားတာကြာပြီလား အန်တီမြိုင်''

''ကြာပြီ ခရာရဲ့၊ သူ့တပည့်တွေနဲ့တွေ့ရင် သိတယ်မဟုတ်လား။ စာကိစ္စနဲ့ လေကြောမိတော့မှာလေ''

အိမ်လေးပေါ်သို့တက်တော့ အန်တီမြိုင်က လက်ဖက်သုပ်ပန်းကန်နှင့် ရေနွေးကြမ်းအိုးလင်ပန်းကို ယူလာပြီး ဝရန်တာမှာ ခင်းထားသည့်သင်ဖြူးဖျာပေါ် တင်လိုက်လေ၏။

''ညနေစာစားပြီးလောက်ရောပေါ့''

''ဟုတ်ကဲ့''

''အကြမ်းလေးသောက် သမီး၊ လက်ဖက်လည်းစား''

''အိပ်မပျော်မှာစိုးလို့ မစားတော့ပါဘူးအန်တီ၊ ဒီမှာမနက်က မညိုမှာတဲ့ပန်းစာရင်း''

''အေးအေး, . . ခရာလည်း တော်တော်ပင်ပန်းမှာပဲ အသက်နဲ့မမျှအောင် ရုန်းကန်လှုပ်ရှားနေရတာ''

''ဒီလိုပါပဲ အန်တီရယ်''

''ခရာ ရောက်နေတာကိုး''





''ဟုတ်ကဲ့ ဦးကျော်''

''မချိုမျက်စိအခြေအနေ ဘယ့်နှယ်လဲ''

''နှစ်ဖက်စလုံး ပိုဝါးလာတယ်လို့တော့ ပြောပါတယ်''

''ဒါဆို အချိန်ကြာကြာဆွဲထားလို့မကောင်းဘူး ခရာရဲ့၊ လွန်မှခွဲစိတ်ရင် တော်ကြာမမြင်ရတော့မှဒုက္ခ''

''ဟုတ်ကဲ့, ခရာလည်း သိပါတယ်အန်တီ၊ ခက်တာက နှစ်ဖက်စလုံးဆိုတော့ အနည်းဆုံးခွဲစိတ်ခက လေးငါးခြောက်သိန်းကုန်မှာဆိုတော့လေ''

''သမီးစုထားတာ ဘယ်လောက်ရှိပြီလဲ''

''နှစ်သိန်းလောက်တော့ ရှိပြီထင်တာပဲ ဦးကျော်''

''လိုတဲ့ငွေကို ဦးကျော်တို့ဆီကပဲ ယူထားလေ။ နောက်မှဖြည်းဖြည်းချင်းပြန်ဆပ်ပေါ့''

''ဟုတ်သားပဲ ခရာရဲ့၊ အန်တီတို့လည်း ကုသိုလ်ရအောင် နှစ်သိန်းလောက်တော့ ဒါနပြုပါရစေ''

ခရာ့မျက်နှာ ပျက်သွားရပါ၏။ ဤမိသားစုနဲ့တော့ ငွေကြေးဆက်နွယ်မှုမပတ်သက်လိုပါလေ။ သိတယ်မဟုတ်လား၊ လောကမှာ လူတွေကိုခင်မင်စေတာလည်းငွေ။ မိတ်ဆွေကိုဖျက်တာလည်း ငွေပဲမဟုတ်ပါလား။ တစ်သက်တာရေရှည်ဆက်ဆံ

www.burmeseclassic.com



သွားဖို့ရည်ရွယ်ထားတဲ့ ဦးကျော်တို့နဲ့တော့ ငွေကြောင့် အခင်မင်မပျက်ချင်ပါလေ။

"မလုပ်ပါနဲ့အန်တီ၊ အခုတောင်မှ အန်တီတို့မိသား ကူညီနေတာ အများကြီးပါပဲ"

"မဟုတ်တာသမီးရယ်၊ အခုပြောတာက သမီးမေမေ့ ကျန်းမာရေးကိစ္စလေ။ ပြေးကြည့်မှ ဒီအမေနဲ့ဒီသမီးပဲရှိတာ ထည့်တွက်မှပေါ့"

"ဟုတ်တယ် ခရာ၊ မချိုရဲ့ကိစ္စကိုတော့ သမီးတစ် မာနမကြီးပါနဲ့။ ဒီလူနဲ့ဒီလူ ဒီလောက်ရင်းနှီးတာတောင်မှ ကူ ခွင့်မရရင် မိတ်ဆွေစစ်လို့သတ်မှတ်နိုင်ပါတော့မလား"

အဲဒီအနေအထားလေး ပျက်သွားမှာစိုးရိမ်လို့ပါပဲ အ တီရယ်။ တကယ်လို့သာ မေမေ့မျက်စိကို အန်တီတို့အကူအ နဲ့ ခွဲဖြစ်ခဲ့ရင် ရပ်ကွက်ထဲမှာ ခရာ့မျက်နှာကို ဘယ်လိုပြရဲ မှာလဲ။ အခုတောင်မှ ခရာတို့သားအမိကို ဒီမိသားစုရဲ့ကပ် ယပ်ဖား ကပ်မြှောင်လို့ ဝေဖန်နေကြတာလေ။

"သမီးသိက္ခာကျတယ်လို့များ ထည့်တွက်နေလို့လာ

"မဟုတ်ရပါဘူးအန်တီ"

"ဒါဆိုလည်း မြန်မြန်စဉ်းစားပြီး ဆုံးဖြတ်ပါ ခရာ။ အ





ခွဲလို့မကောင်းဘူးကွယ်"

"ဘာတွေစဉ်းစားနိုင်းနေတာလဲ အမေ"

"ဟော! ငါ့သားတောင် ပြန်လာပြီ၊ ဒီမှာလေ၊ မင်းညီမကိုပြောနေတာ၊ မချိုမျက်စိခွဲဖို့အတွက် ငွေလိုတာယူ။ အမေတို့လည်း ဒါနပြုနိုင်သလောက် ပြုမှုရစေဆိုတာကို"

"ခရာ့အကြောင်းလည်း အမေတို့ အသိဆုံးပဲမဟုတ်လား"

အစ်ကိုက လေ့ကားမှတက်လာကာ ခရာတို့လက်ဖက်ရည်ဝိုင်းမှာ ဝင်ထိုင်လိုက်လေ၏။ ငွေကြေးကိစ္စကို ဦးကျော်နဲ့ အန်တီ့ရှေ့မှာပြောရင် ဘာမှသိပ်မဖြစ်ပေမယ့် အစ်ကို့ရှေ့မှာတော့ ခရာမျက်နှာပူရပါတယ်လေ။ ငယ်စဉ်တုန်းကတော့ အဲဒီလိုမဖြစ်ပေမယ့် အရွယ်ရောက်လာတာနဲ့ အစ်ကို့ကို ရဲရဲတုံ့မကြည့်ဝံ့တော့သလို ဘာမဆိုပွင့်ပွင့်လင်းလင်းရင်ဖွင့်ပြောဖို့လည်း မရဲတော့ပါချေ။ ခရာ မသိပါလေ။

"အစ်ကို့စာအုပ် လာပြန်ပို့တာပါ"

"ဖတ်ပြီးလို့လား"

"ဟုတ်ကဲ့"

"နောက် ဘာစာအုပ်ဖတ်ချင်သေးလဲ၊ ယူသွားဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှပါ၊ ခရာပြန်လိုက်ပါဦးမယ် ဦးကျော်နဲ့အန်တီ"

"အေးအေး. . . သမီး၊ မနက်ကျ သမီးအဆင်သင့်ပို့လို့ရအောင် ပန်းတွေကို မောင်စိုး စည်းပေးခိုင်းထားမယ်"

"ဟုတ်ကဲ့"

ခရာထလိုက်စဉ် အစ်ကိုက အခန်းနံရံမှာ ချိတ်ထားသည့် ဖြောင့်ထီးကိုဖြုတ်ယူကာ ခရာ့နောက်မှဆင်းလိုက်လာခဲ့၏။ လှေကားအောက်ဆုံးထစ်အရောက်မှာ လှည့်ကြည့်လိုက်မိပါသည်။

"အစ်ကိုက ဘယ်လဲ"

"ခရာ့ကိုလိုက်ပို့မလို့လေ"

"မဟုတ်တာ"

"ဘာမဟုတ်တာလဲ၊ အပြင်မှာ မှောင်နေပြီကို။ တစ်ယောက်တည်းပြန်လွှတ်ရမှာ စိတ်မချပါဘူး"

"ခရာပြန်ရဲပါတယ် အစ်ကိုရဲ့၊ နေပါစေ"

"အားနာစရာမဟုတ်ဘူး ခရာရဲ့၊ အမိက အရွယ်ရောက်နေပြီ။ ကိုယ့်ကိုယ်ကိုလည်း သတိထားဦး"

ခော်. . . မျက်နှာပူပါတယ်ဆိုမှ တကယ်ပါပဲ၊ ဦးကျော်တို့မကြားတာမို့ ခြံထဲမှထွက်ခဲ့စဉ် အရိပ်အယောင်မပြပါဘဲ မိုးရွာက တဖြောက်ဖြောက်ကျလာလေ၏။





"တွေ့လား၊ မိုးရေထဲ ... ပါဘဲ တစ်ယောက်တည်းပြန်ရင် ဘာတွေဖြစ်မလဲ မြင်ကြည့်။ တစ်ယောက်တည်းလား၊ လိုက်ပို့ပေးမယ်လေဆိုပြီး အနားကပ်လာမယ့် ကာလသားတွေရောက်လာရင် ဘယ်လိုဖြေရှင်းမလဲစဉ်းစား"

ထီးဖွင့်ဆောင်းပေးရင်း ပြောလိုက်သည့်အစ်ကို့စကားကြောင့် နှုတ်ခမ်းစူချင်မိသွားရပါ၏။ ကြိုမြင်တတ်ပ၊ ခရာတောင်မှ ဒီလိုအန္တရာယ်ကိုမှ ကြိုမမြင်တတ်တာလေ။

"ခရာက လူတပတမိန်းကလေးမှမဟုတ်တာ အစ်ကိုရဲ့"

"လူလူမလူလူ မိန်းမကမိန်းမပဲ၊ ပြောရခက်လိုက်တာ။ တဲ. . ."

"အ!"

နဖူးကို လက်သီးဆုပ်ဖြင့် ထုချလိုက်တာမို့ အော်သံထွက်သွားရပါ၏။ တဖြည်းဖြည်းစိပ်လာသည့်မိုးရေတို့ကြောင့် အစ်ကို့အနီးသို့ ကပ်လိုက်မိလေ၏။ ထီးကကြီးပေမယ့် လက်မောင်းချင်းတော့ မထိတထိအနေအထားပါလေ။

ခရာ့ကိုစိတ်ပူသတဲ့၊ အစ်ကိုတစ်ယောက်ရဲ့စေတနာမျိုးနဲ့ထင်ပါရဲ့လေ။ ခရာ့ရင်ထဲမှာသာ တစ်မျိုးကြီးဖြစ်ပြီး ပူပူရှိန်း



www.burmeseclassic.com

www.burmeseclassic.com



ရှိန်းကြီးဖြစ်သွားရတာပါပဲ။

"မေးရင်ဖြေလေ"

"ဟင်! ဘာကိုလဲ"

"စိတ်ဝင်စားရမယ့်သူ တွေ့နေပြီလားလို့"

"အာ. . ."

ခရော့မျက်နှာ ရဲရဲနီသွားရပါ၏။ ဘယ်လိုအတွေးနဲ့များ ပြောလိုက်တာပါလိမ့်နော်။ ခရာက ဘာများပုံစံပြောင်းနေလို့လဲ။ ပြင်ရိုးပြင်စဉ်ပုံစံပါပဲလေ။ သနပ်ခါးဘဲကြားလူး၊ ပါးကွက်လိမ်း၊ ဆံပင်ကိုကျစ်ရင်ကျစ်၊ ထုံးရင်ထုံးတာပဲမဟုတ်လား။

"အစ်ကိုကလည်း ပေါက်ကရမေးရတယ်လို့"

"ဘာကပေါက်ကရဖြစ်ရမှာလဲ၊ ဒီအရွယ်ရောက်မှတော့ ရည်းစားစကားပြောတဲ့သူ အနည်းအများတော့ ရှိမှာပဲကို၊ မရှိဘူးလား. . . ပြော"

"ဟင်းဟင်း"

"လူကြီးပြောနေတာကို ရယ်နေပြန်ပြီ ဒီကလေးမလေး ကတော့လေ"

"ခရော့မှာ ဘာပိုင်ဆိုင်ထားတာများရှိလို့ အဲဒီလိုမျိုးပြော ကြမှာလဲ"





"ပိုင်ဆိုင်တာ"

"အင်းပေါ့၊ ဒီခေတ် ကျားမမရွေး လူငယ်တိုင်းက ရင် ခုန်ရုံနဲ့ အချစ်ဆိုပြီး ခေါင်းစဉ်တပ်တတ်တဲ့သူတွေမှ မဟုတ်တာ။ Number one, Income (ဝင်ငွေ)၊ Number two, Business (အလုပ်အကိုင်)၊ Number three, Success (အောင်မြင်မှု)၊ Number Four, Riches (ဥစ္စာဓန)၊ Number Five, Ability (အရည်အချင်း) အဲဒါတွေအားလုံးပြီးမှ အစ်ကိုပြောတဲ့ အချစ်ဆိုတာက ဘိတ်ဆုံးလေ။ အဲဒီတော့ ခရော့မှာ အဲဒီငါးချက် လုံးက Nothing..."

"စာတွေဖတ်ပြီး Vocabulary (ဝေါဟာရ)တွေ ကြွယ် နေလိုက်တာ။ ဆရာကိုတောင် ဆရာပြန်လုပ်နေပြီပေါ့လေ"

အစ်ကိုက ခရော့ခေါင်းကို နောက်ဘက်မှ ခပ်နာနာလေး ပုတ်လိုက်လေ၏။ အဲဒါ အစ်ကို့ကျေးဇူးတွေကြောင့်ဆိုတာကို သိပါလေစလေ။

"ခရာပြောတဲ့အဲဒီအချက်ငါးချက်က မှန်သင့်သလောက် တော့ မှန်ကောင်းမှန်နိုင်ပါတယ်။ ဒါပေမဲ့ အဓိကအချက်ကတော့ ပြည့်စုံသေးဘူး ခရာရဲ့"

"ဘာတွေရှိသေးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတာပေါ့၊ အငယ်သဖြင့် လူတစ်ယောက်မှာ Honesty (ရိုးသားမှု) ရှိရမယ်၊ Character (အကျင့်စာရိတ္တ)ကောင်းရမယ်၊ Endeavour (ကြိုးပမ်းမှု)ရှိရမယ်၊ Destination (ရည်မှန်းချက်ပန်းတိုင်)နိုင်မာရမယ်၊ Truth love (စစ်မှန်တဲ့ချစ်ခြင်းမေတ္တာ)မျိုး ပိုင်ဆိုင်ထားမှသာ ဘဝကိုတည်တည်ငြိမ်ငြိမ်နဲ့ ဖြတ်သန်းနိုင်မှာ ခရာရဲ့"

"ခရာမှတ်ထားပါ့မယ် အစ်ကို"

"ချမ်းသာတယ်ဆိုတာ ငွေကြေးမဟုတ်ဘူး ခရာ။ Mind ဆိုတဲ့စိတ်တစ်ခုသာ အဓိကကျပါတယ်"

ခြံရှေ့မှာရပ်ပြီးပြောနေသည့်အစ်ကို့ကို ခရာမော့ကြည့်လိုက်မိပါ၏။ အဘယ်မျှ လေးနက်လွန်းတဲ့စကားလုံးတွေပါလဲ။ အခြေခံလူတန်းစားချင်းဖြစ်ပေမယ့် ရပ်တည်ရှင်သန်ပုံခြင်းတူပေမယ့် အစ်ကို့ဦးနှောက်အသိဉာဏ်က ဒီလောက်တောင်ပြည့်စုံနေတာလေ။ အတုယူအားကျဖွယ်ရာ အစ်ကို့ကို လေးစားစွာကြည့်နေမိစဉ် 'မိတ်ဆက်ပေးရမယ်နော်'ဟူသည့် မမ၏စကားသံက မိုးရေတွေကြားမှာ ကြားလိုက်ရသလိုနယ်ပါ။

ဩော်. . . အစ်ကိုရယ်။



## အခန်း (၁၂)

'နေ့လယ်မှာ ခဏလောက်တွေ့ကြရအောင်'တဲ့။

အဘယ်မျှ စိတ်လှုပ်ရှားဖွယ်ရာ Date လုပ်မှုပါလဲ။ တာဝန်ကျနေရာမှာ လုပ်ကိုင်နေရသော်ငြား စိတ်တို့က လွတ်ချင်ချင်။ 'နေဝန်းနီ', ရှင် ယုစိတ်ကိုဘာကြောင့်လှုပ်ခတ်စေရတာပါလဲ။

Phone မြည်သံကြောင့် ဝါဒ်ထဲမှထွက်လာစဉ် အမှတ်ထင်ဖွင့်လိုက်မိတာပါ။ ယုတာဝန်ယူထားတာက ဗဟိုအမျိုးသမီးဆေးရုံ၊ ရထားတဲ့ဘွဲ့က O.G၊ သို့သော် ဆေးခန်းဖွင့်တာတော့ သူနာအစုံပါပဲ။

ခါတိုင်း Phone ဆက်ရင် ဖေဖေနဲ့အိမ်ကမေမေပဲမို့



www.burmeseclassic.com

www.burmeseclassic.com



Phone နံပါတ်ကိုသေချာမစစ်မိဘဲ Dutycoat ချွတ်ရင်း ဖွင့်နားထောင်လိုက်မိတာပါ။

"ဟဲလို"

"ယုသိဂိလား"

"ဟင်!"

ရင်ထဲမှာ ဒိန်းခနဲခုန်သွားပါ၏။ သေစမ်း! ဘာဖြစ်လို့ Phone နံပါတ်ကိုမစစ်လိုက်ရတာပါလိမ့်နော်။ ညံ့ပ! ယုသိဂိ။

"ဘယ်. . . ဘယ်သူ"

"ကျွန်တော်ပါ၊ နေဝန်းနီ"

"ဪ. . . ဟုတ်ကဲ့၊ ပြောလေ"

ခြေလှမ်းကိုရပ်လိုက်ပြီး Corridor အုတ်တိုင်မှာ မှီရပ်လိုက်မိ၏။ သက်ပြင်းကိုတိတ်တဆိတ်ရှိုက်မိတာက ခက်ခဲလိုက်သလိုပါပဲလား။ Phone ဖြေသံက တုန်ရီချင်ချင်ပါလေ။

"အလုပ်များနေလားမသိဘူး၊ ကျွန်တော်နှောင့်ယှက်မိသလိုများ ဖြစ်သွားသလား"

"အို! မဖြစ်ပါဘူး၊ ရပါတယ်, ပြောပါ"

စကားသံ ခဏမျှတိတ်သွားလေ၏။ တစ်ဖက်မှာ သူ့အတွင်းရေးမှူးနှင့် စကားပြောနေတာကို ခပ်တိုးတိုးကြားနေရ





သည်။ ခပ်ညြညြအသံကိုက တစ်ဖက်သား၏စိတ်အစုံကို အလိုလိုဆွဲငင်နေသည့်နှယ်ပါလေ။

"Sorry! ယုသိဂိ၊ ဒီမှာပြောနေရလို့ပါ"

"ဟုတ်ကဲ့"

"ညနေ. . . အင်း. . . ကျွစ်! ညနေက ဆေးခန်းဖွင့်ရမှာပဲ၊ ဒီနေ့လယ်လောက် အချိန်ရမလားလို့ပါ"

"ရှင်"

"နေ့လယ်ဘက် ထမင်းစားချိန်လောက် ထွက်လာဖြစ်မလားမေးကြည့်တာလေ။ ကျွန်တော်နဲ့အတူတူ Lunch စားနိုင်မလား"

အို! ရင်ထဲမှာ ဝိုင်းကြီးပတ်ပတ် ဒွေဝေဝေဖြစ်နေပါရောလား။ ဘယ်လိုလဲ၊ သူက စ Date ရင် ကိုယ်က Yes! alright ဆို ယုသိဂိ။ ဒီအရွယ်ဒီအချိန်မှာ ရှက်တာကြောက်တာတွေ ဆုံးချိတ်ထားသင့်ပြီပဲ။

'ရရဲ့လား. . . မရရင်လည်း"

"ဟို. . . ရပါတယ် ကို. . . နေဝန်း၊ ယု ထွက်လို့ဖြစ်ပါတယ်။ အရေးတကြီးပြောစရာများ တွေးမိလို့ပါ"

"အင်း. . . အဲဒါက အရေးကြီးတယ်မကြီးဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလို့ရပါဘူး တွေ့မှပဲပြောနိုင်မှာမို့လို့ပါ။ အခက်အခဲများရှိလို့လား"

"မရှိပါဘူး ယုက ဒီလိုပဲဘာရယ်မဟုတ် မေးလိုက်တာမျိုးပါ"

"ဪ"

"ဒါနဲ့ ဘယ်ကိုလာခဲ့ရမလဲ"

"ကျွန်တော်လာကြိုပါ့မယ်၊ ဒါဆိုဒါပဲလေ၊ See you"

"ဟုတ်"

ကဲ! လာကြိုမယ်တဲ့။ အဘယ်မျှအဓိပ္ပာယ်ရှိလိုက်တာပါလိမ့်။ တစ်နေ့တစ်နေ့ ကလေးမွေးပေးရတဲ့ လူနာမိခင်တွေ ကလေးလိုချင်လို့ သားအိမ်လာခြစ်ကြတဲ့ အိမ်ထောင်သည်အမျိုးသမီးတွေ၊ ဆေးနံ့တွေ၊ ကလေးငိုသံ၊ ဗိုက်နာလို့အော်ဟစ်သံတွေနဲ့ချည်း နှစ်ဝှမ်းဖြတ်သန်းနေရတဲ့ ဒေါက်တာယုသီရိရဲ့အနာဂတ်က လက်ခနဲတောက်ပသွားတာမဟုတ်ပါလား။

တကယ်ပါ 'ကိုနေ'၊ နာမည်နဲ့လိုက်ဖက်အောင်ကို ဝန်းကျင်တစ်ဝိုက် လင်းလက်တောက်ပစေတာအမှန်ပါပဲ။ 'ကိုနေ'တဲ့ စိတ်ထဲမှခေါ်မိသည့်ဝိသေသကို ကျိတ်ပြီးသဘောကျစွာ ပြုံးမိလိုက်တာလေ။





အဆောင်ဟိုဘက်ဒီဘက်ကူးပြီး လူနာတွေစစ်၊ ကလေးဆောင်ကိုတစ်ချက်ကူးကာ စစ်ပြီးမှ နားနေခန်းသို့ပြန်လာခဲ့ပါ၏။ ဘယ်ဘက်လက်မှာ ဝတ်ထားသည့်နာရီလေးထံ အကြည့်ရောက်သွားရပါသည်။ နေ့လယ် (၁၂)နာရီထိုးခါနီးနေပြီပဲ။

Dutycoat သေချာခေါက်လျက် စားပွဲပေါ်တင်လိုက်ပြီး မသေမသပ်ဖြစ်နေသည့် ကျောလယ်ခန့်ရှိဆံပင်ကိုရှင်းရန် ကလစ်ဖြုတ်လိုက်စဉ် ရုံးခန်းထဲသို့ ဆေးကုဖော် ဒေါက်တာမာလာမြင့် ဝင်လာလေ၏။

"ထမင်းစားရတော့မှာကို ဘယ်သွားမလို့လဲ ယု"

"ဪ. . . လူတစ်ယောက်နဲ့ချိန်းထားလို့ပါ"

"လူတစ်ယောက်"

"အင်း"

"ဘယ်သူလဲ၊ ယောကျ်ားလား. . . မိန်းမလား"

"မာလာကလည်းလေ"

"သူငယ်ချင်းမို့လို့ မေးရတာပါ ယုရဲ့၊ တော်ကြာ အန်တယ်ကြီး လုမ်း Check ရင် မမှားအောင်ဖြေရအောင်လို့"

"သူဘယ်သူဆိုတာကို ဖေဖေတို့သိထားပြီးသားပါ"

"သူဆိုတော့ she မဟုတ်တဲ့ he ပေါ့လေ။ ယုသီရိ



www.burmeseclassic.com

www.burmeseclassic.com



တော့ မရှိတော့ဘူးဟော့"

"ဟယ်! မာလာကတော့ လုပ်ပြီ"

နားချိန်မို့ တခြားဆရာဝန်တွေ Nurse တွေပါ ဝင်လာ ချိန်မှာ သတင်းဖြန့်ရတယ်လို့။ အပေါင်းအသင်းတွေ၏ချစ်စနိုး ဟန် ပြုံးစိစိမျက်နှာတို့ကို မကြည့်ရဲတော့ပါလေ။

"ကဲကဲ. . . ဖုံးဖိသိုဝှက်ထားတဲ့ Top secret ကြီးဖွင့် ဖို့ အချိန်တန်ပါပြီ။ ပြော"

"ဘာကိုပြောရမှာလဲ"

"အဲဒီ he ဆိုတဲ့ himself ပေါ့"

"ဪ. . . ပြဿနာပဲ"

"ဘာပြဿနာကမှာလဲ၊ နာမည်ဘယ်သူ ဘာလုပ်တယ် ဘယ်သူဘယ်ဝါရဲ့သား ဘာတွေပိုင်ဆိုင်တယ် ရုပ်ရည်ကဘယ် လို ယုနဲ့ဘယ်ပုံပတ်သက်မှု ဒါလေးပဲရှိတာကိုများ အိုက်တင်း မနေနဲ့"

"မဟုတ်ရပါဘူး မာလာရယ်"

"ဘာမဟုတ်ရမှာလဲ၊ ရိုးရိုးသားသားမိတ်ဆွေတွေဆိုရင် ဒီလောက်ထိ မူပျက်နေစရာမလိုပေါင်။ ကြည့်ပါလား၊ မျက်နှာ က ပန်းသီးလိုနီရဲနေပြီ"





တကယ်ပဲလား၊ ယုမျက်နှာ အဲဒီလောက်တောင် ရှက် သွေးဖြာနေပြီထင်ပါရဲ့။ သိချင်လို့ဆိုပြီးခေါင်းစဉ်တပ်တဲ့ မာလာ ရဲ့မေးခွန်းတွေက များနေတာပါလေ။ နာမည်က နေဝန်းနီ၊ အလုပ် က ကုမ္ပဏီ MD၊ ဒေါက်တာနေသွေးနဲ့ ဒေါ်လေပြည်အေးတို့ ရဲ့တစ်ဦးတည်းသောသား၊ ချမ်းသာပြည့်စုံတယ်၊ ရုပ်ရည်ကလည်း ယောက်ျားပီသပြီးခန့်တယ်၊ ယုနဲ့က. . .

"ဒေါက်တာယုသီရီ၊ အောက်မှာ ဧည့်သည်ရောက်နေ ပါတယ်တဲ့"

"ဟော!"

အောက်ထပ်မှ Phone ဝင်လာတာကို လှမ်းပြီးသတင်း ပေးလိုက်စဉ် လူက ခုံမှဖျတ်ခနဲထရပ်လိုက်မိလေသည်။

"ဟောတော်! ကြိမ်စကြားနဲ့ တို့လိုက်သလိုပါပဲလား ယု ရယ်"

"နောက်မှနော်"

"ဟဲ့! ဘာကိုလဲ၊ အရင်းမရှိအဖျားမရှိ"

"ဪ. . . နောက်မှ မာလာသိချင်တာ ယုပြောပြမယ် လို့ပြောတာလေ။ သွားလိုက်ဦးမယ်"

"သွားပြီ သွားပြီ၊ ယုသီရီတော့ ဖေဖော်ဂျီလက်ထဲက



www.burmeseclassic.com

www.burmeseclassic.com



သူယောင်မယ်လေး ဖြစ်ပါရောလားနော်"

ရုံးခန်းထဲမှာ ရယ်သံတွေအကျယ်ကြီးထွက်လာပါတော့၏။ မျက်နှာပေါ်မှာ အပြုံးတွေဝေဆာနေသလို ဆေးရုံလှေကားထစ်တွေကို အပြေးတစ်ပိုင်း ဆင်းခဲ့မိလေသည်။ 'အန်တီမေရို့ ယုကို သူက Lanch လိုက်ကျွေးဖို့ဖိတ်တယ်' လို့ပြောမိရင် 'ရှာရန် ရာနှုန်း ၈၀ ပဲသမီးရေ့' ဆိုပြီး Message ပြန်လာမှာအသေအချာပါလေ။

ဆင်ဝင်အောက်နားမှာ ကားရပ်ထားပြီး ကားဘေးမှာ ဆင်းရပ်ကာ စောင့်နေသည့်သူ့ကိုလှမ်းမြင်လိုက်စဉ် ခြေလှမ်းတို့က တုံ့ခနဲရပ်သွားရလေ၏။ ဘောင်းဘီအိတ်ကပ်ထဲ လက်နှိုက်ထားကာ ဂဝံခဲလေးတွေကို Shoe ထိပ်ဖူးဖြင့် အသာလှုပ်ဆော့နေသလို ခပ်ငုံ့ငုံ့ဖြစ်နေသည့်ခေါင်းထက်မှ ခပ်တိုတိုညှပ်ထားသည့် ဆံပင်လေးတွေ နဖူးပေါ်အုပ်ကျနေတာကလည်း တစ်မျိုးလေးဆွဲဆောင်နေသလိုပါပဲလား။

"ဪ! ရောက်ပြီလား။ အသံပေးလိုက်တာမဟုတ်ဘူး"

အနားမှာသွားရပ်လေမှ ယုခြေထောက်ကို သူမြင်သွားပြီး ခေါင်းမော့ဖော်ရလေ၏။ အပြုံးဖြင့် တုန့်ပြန်စဉ် သူက ရှေ့ခန်းတံခါးကို ယုအတွက် ဖွင့်ပေးလေသည်။





"တစ်နာရီလောက်မှပြန်ပို့ရင် အဆင်ပြေပါတယ်နော်"

"ဟုတ်ကဲ့"

"OK! တက်ပါ ယုသိဂီ"

အနုမှတယ်ဖိမ်ကျတဲ့လူဖြစ်ပါရောလား။ ကိုယ်တိုယ်တိုင် ကားမောင်းပြီး အလုပ်လုပ်ခဲ့တာမို့ သူတစ်ပါးမောင်းပို့တဲ့ကားကို အဆင်သင့်လေး လိုက်စီးရတာကလည်း Feeling တစ်မျိုးပါလေး။ သိပ်မဝေးလှတဲ့စားသောက်ဆိုင်တစ်ခုရှေ့မှာ ကားကို သူအသာထိုးရပ်လိုက်လေ၏။ အခြေခံကြီးကြီး သူဌေးသမီးမဟုတ်တာ ။ ယုတာသာသာယု ကားတံခါးဖွင့်လျက် ဆင်းလိုက်ပါသည်။

"အသားရောင်တာမျိုး ရှိသလား ယုသိဂီ"

"ရပါတယ်၊ ယုက အစားမရွေးပါဘူး ကိုနေ"

လွှတ်ခနဲထွက်သွားသည့်နာမ်စားကို သူသတိမထားမိဘူးလား မသိပါချေ။ မကန့်ကွက်ဘူးပေါ့နော်။ သန့်ပြန့်သည့်စားသောက်ဆိုင်ခန်းမရှိ တစ်ပိုင်းမှာပင် သူထိုင်လိုက်လေ၏။ ထောင့်နေလည်းဖြစ် အပြင်ရှုခင်းကိုလည်း မြင်နိုင်သည့်နေရာကောင်းကို သူရွေးတတ်သည်ပဲ။

"မှာလိုက်မယ်နော်"

"သိပ်အများကြီးမမှာနဲ့ဦးနော်၊ ယုက သိပ်စားနိုင်တာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ အများကြီးပိုနေရင် နှမြော ကောင်းလို့ပါ''

သူခေါင်းညိတ်ပြ၏။ နံဘေးနား လာရပ်သည့် Waiter ထံမှ Minu ကိုယူကာ နှစ်ဦးစာသင့်တင်ရုံဟင်းလျာတို့ကို မှာ သည်။ လက်ညှိုးလေးထောင်ကာ Waiter ကိုမော့ကြည့်လိုက် Minu ဒိတစ်ချက်ပြန်ကြည့်လိုက်ဟန်ကိုက တမင်ကြီးလုပ် မျိုးမဟုတ်ဘဲ သူပြောနေလုပ်နေကျ Style မျိုးပါလေ။

''(၁၂)မျိုးဟင်းချိုတစ်ပွဲ စုံပါပြီနော်''

''ဟုတ်ကဲ့ပါခင်ဗျာ၊ ခဏစောင့်ပြီးမှရမှာမို့ လော ဆယ် Juice တစ်ခုခုသုံးဆောင်ချင်ပါသလားခင်ဗျ''

''နေပါစေ ညီ၊ ရေသန့်ဘူးလတ်နှစ်ဘူးပဲ ပေးပါ''

''ဟုတ်ကဲ့ပါခင်ဗျာ''

သူက မှာပြီးသွားတော့ စားပွဲပေါ်လက်ထောက်ရင်း ကိုကြည့်လိုက်လေ၏။ နေရမခက်အောင် ကြိုးစားနေနေပေ ရင်ထဲမှာကော့ တစ်မျိုးကြီးပါလေ။

''ပြောစရာရှိတယ်ဆို၊ ပြောလေ''

''ပြောမှာပါ၊ အေးအေးဆေးဆေးပေါ့။ ဗိုက်ဆာနေ မို့ အရင်ဆုံးစားလိုက်ပါဦး''

ဦးစားပေးတာပေါ့နော်။ မိန်းကလေးတွေကိုမြင်တ





အတင်းကြီးလိုက်ပြီး ရောဟာမျိုး၊ မျက်နှာလိုမျက်နှာရ လုပ်ပေး ာမျိုးမရှိတဲ့သူ့ကို စိတ်ထဲမှာ အတော်လေးသဘောကျနေတာ အမှန်ပါလေ။ စားသောက်စရာတွေ ရောက်လာတော့ သူနှင့်အတူ ာစကားမှမပြောဖြစ်ဘဲ အစားတစ်ခုတည်းကိုသာ အာရုံစိုက်ဖြစ် လေသည်။

ဗိုက်ဝသလိုဖြစ်တော့မှ စားတာကိုရပ်စဉ် သူက အချို တည်းရန်ပါ ကြိုမှာထားတာမို့ ထမင်းဟင်းယန်းကန်တွေကိုရွှေ့ ပြီး အချိုပွဲတွေပြင်ပေးပြန်သည်။ သူက ရေသန့်ကိုဖန်ခွက်လှလှ လေးထဲထည့်ကာ ခပ်ဖြည်းဖြည်းမော့သောက်လိုက်လေ၏။

''ကျွန်တော်ပြောတော့မယ်နော် ယုသီရိ''

''ဟုတ်ကဲ့၊ ပြောပါ ကိုနေ''

သူက တစ်ရှူးစက္ကူဖြင့် ပါးစပ်သုတ်ကာ ခဏနားလေ ၏။ ပြောစရာစကားတို့ကို စီနေပုံပါပဲ။ စမြင်စဉ်တုန်းက သူ့ပုံစံ ကို ဘုဘောက်ကျတဲ့လူလို့ထင်ခဲ့မိပေမယ့် ဒုတိယအကြိမ်ဆုံစဉ် စကားပြောတော့မှ ဒီလိုယဉ်ကျေးသည့်လူငယ်မှန်း သိရတာပါ လေ။

''အမှန်တော့ အိမ်ထောင်ပြုဖို့ကို ကျွန်တော်စိတ်မဝင် စားခဲ့ဘူး''



www.burmeseclassic.com

www.burmeseclassic.com

"ရှင်!"

"မေမေတို့အတင်းပြောတာနဲ့ ယုသီဂီကို ကျွန်တော် လာတွေ့ခဲ့တာပါ"

"..."

"တွေ့တော့လည်း ဘာမှငြင်းဆန်စရာမရှိအောင် ပြည့်စုံလွန်းလို့ ငြင်းရမှာ အားနာမိတာ တကယ်ပါပဲ"

မျက်လွှာကိုချထားမိတော့၏။ ငြင်းရမှာ အားနာမိလို့တဲ့လား။ ဖြစ်ရလေ ကိုနေရယ်၊ ဒီလောက်ထိ ပြေလည်နိုင်ပါလျက် ပြစ်ချက်ရှာမရနိုင်တဲ့ယုကိုမှ ငြင်းချင်တယ်တဲ့လား။

စကားပြောတာ သိမ်မွေ့တဲ့လူ၊ မိန်းမသားကိုဦးစားပေးတတ်တဲ့သူ၊ ယောကျ်ားပီသစွာ တည်ငြိမ်ခန့်ထည်သူ၊ အလုပ်ကို စိတ်နှစ်ပြီး စီးပွားရှာတတ်တဲ့သူ၊ မိန်းကလေးအများစုရဲ့ခေါင်းညိတ်လက်ခံဖွယ်ရာ အမှတ်ပြည့်ရှိနေတဲ့သူဆိုသည့် နေဝန်းနီက ယု လိုမိန်းကလေးကို ငြင်းသတဲ့လေ။



## အခန်း (၁၃)

သရုပ်ဆောင်မဟုတ်တဲ့လူမို့ ဟန်ဆောင်ရတဲ့အလုပ်က အခက်ခဲဆုံးပါလေ။ ယုသီဂီရဲ့ဘဝမှာ တစ်ကြိမ်တစ်ခါမှမဖြစ်ဖူးခဲ့တဲ့ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ရသလို တစ်ညလုံး ကျိတ်ငိုနေမိတာမို့ နောက်ရက်မှာ ခွင့်မယူစဖူး ယူရတဲ့အဖြစ်ပါပဲ။

"အခရာကိုစိတ်ဝင်စားမိတာကို ဝန်ခံပါတယ် ယုသီဂီ"

တည်တည်ငြိမ်ငြိမ်ပြောတဲ့လူက အမှုအရာမပျက်ပေမယ့် ယုတစ်ကိုယ်လုံးကဖြင့် ထူပူပြီး မျက်နှာတွေပါ ပူလောင်သွားရတာပါလေ။ ဘယ်လိုလဲ၊ အဖက်ဖက်ကပြည့်စုံကုံလုံပြီး အရည်အချင်းအပြည့်ရှိတဲ့ M.B.B.S ဘွဲ့ရတစ်ယောက်ကိုတော့ မျက်စိထဲမမြင်ဘဲ ဒီသာမန်ထမီအနီဝတ် အညတရနာစ့်မလေးကိုမှ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်စားတယ်တဲ့လား။

"တောက်!"

မခံချင်စိတ်ဖြင့် တက်ခေါက်ကာ အောက်နှုတ်ခမ်းပါး လေးကို သွားဖြင့်ကိုက်ထားလိုက်မိ၏။ အိပ်ရာထက်ထိုင်နေရင်း ဖြင့် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားမိသူက ယုရယ်ပါ လေ။ ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲ၊ ဘယ်လိုအကြောင်းမျိုးများ ကြောင့်လဲဟူသည့် မေးခွန်းပေါင်းများစွာက ဦးနှောက်ကို ပို၍ ခြောက်စေသလိုပါပဲ။

မချောမလှလို့လား။ မျက်ဝန်းအကြည့်တို့က မှန်တင်ခုံ ရှိမှန်သို့ ရောက်သွားရပါ၏။ ဒီမျက်နှာလေးမှာ ဘာအပြစ်အနာ အဆာများ ရှိနေလို့ပါလဲ၊ ဒီဘဲဥပုံမျက်နှာလေးနဲ့ လှိုင်းကြီးကောက် ထားတဲ့ အောက်နားလိပ်ဆံပင်က ခေတ်မီတဲ့ Style ပါ။ ဒါဖြင့် ခန္ဓာကိုယ်ကရော။

ငါးရံ့ကိုယ်လုံးလေးဆိုပြီး ဝါ့ဒ်ထဲမှာ မကြားတကြား စ နောက်ကြတာ ကြားမိပါရဲ့။ လက်ဖောင်း Blouse လှလှလေး တွေကို ဒီခေတ်နဲ့အညီ Design ထွင်ချုပ်ဝတ်တဲ့ အင်ဒိုနီးရှား ပါတိတ် One set ရောင်စုံက ဒေါက်တာယုသီရိကို မူပိုင် Style တစ်ခုအဖြစ် နာမည်ကြီးစေတာပါလေ။





သို့သော် ယုရင်ကိုလှုပ်ခတ်စေခဲ့သည့် တစ်ဦးတည်းသော သူက ယုအလှကိုအာရုံမရောက်ဘဲ ခဏတာအကြည့်ရောက်ခဲ့ သည့် ရှက်ပုန်းအလှမိန်းကလေးဖြစ်သည့် အခရာကိုမှ စိတ်နှစ် နှစ်ခဲ့တာပါသတဲ့။

ရှက်လိုက်တာနော်၊ ရှက်စရာကြီးပါပဲ။ လူကြီးတွေက ယောက်သားပေါင်းဖက်ဖို့အတွက် တွေ့ဆုံဖို့အချိန်ပေးခဲ့တာ ပေမယ့် သူလာကြည့်တဲ့အချိန်မှာ ပန်းနှစ်ပွင့်ယှဉ်ပြီး ပွင့်ခဲ့တာ အရောင်အသွေးလှပတဲ့ယုကိုမရွေးဘဲ အဖြူရောင်ပန်းပွင့်လေး မှ တစိုက်မတ်မတ် စူးစိုက်ကြည့်မြင်ခဲ့ရတယ်လို့။

"ဒေါက်! ဒေါက်!"

"မမ နိုးပြီလားဟင်"

"ဘာလဲ စိန်စိန်"

"အောက်ထပ်မှာ ဧည့်သည်ရောက်နေလို့ မေမေကြီး ခိုင်းလိုက်လို့ပါ"

"ဧည့်သည်"

"ဟုတ်ကဲ့"

"လာခဲ့မယ်"

မနက်တုန်းက Breakfast စားချိန်မှာ ထစားခဲ့ပြီး ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုက်လို့ဆိုသည့်အကြောင်းပြကာ ဆေးသောက်ပြီး ပြန်အိပ်တာမှ နေ့လယ်ထမင်းစားချိန်တောင် ရောက်နေချေပြီ။ ညှော်သည်တဲ့ ဘယ်ညှော်သည်ကများ မွန်းတည့်အချိန်ကြီး လာလည်ရတာပါလိမ့်။

ကိုယ့်ကိုယ်ကို သေသပ်အောင်ပြင်လိုက်ပါ၏။ တွန့်ကြေနေသည့်အင်္ကျီကို ဆွဲဆန့်လိုက်ပြီး လုံချည်ကို ချပ်ချပ်ရပ်ရပ်ဖြစ်စေရန် ပြင်ဝတ်လိုက်ပါသည်။ မျက်နှာသစ်၊ ပါးလုပ်ကျင်းကာ မှန်ကြည့်လိုက်ပြီး Puff ဖြင့် ခပ်ပါးပါးပုတ်လိုက်တာမို့ မျက်နှာက ဖုံဖုံလေးဖြူသွားလေ၏။ ပွယောင်းယောင်းဖြစ်နေသည့်ဆံနွယ်တို့ကို ဘီးကျဲဖြင့်ခပ်ဖွဖွဖြီးကာ ဆံညှပ်ကြီးဖြင့်အသာညှပ်လိုက်ပါသည်။

အခန်းတံခါးကို ပြန်စေ့ပိတ်ထားလိုက်ပြီး လှေကားထစ်တို့ကို ခပ်ဖြည်းဖြည်းချင်းနင်းလျက် ဆင်းလာခဲ့၏။ အောက်ထပ်ဧည့်ခန်းမှာ ဧည့်ခံစကားပြောနေသည့်မေမေ့အသံက ခပ်သဲ့သဲ့။ ဧည့်ခန်းလိုက်ကာကို အသာလှပ်ကြည့်မိစဉ် ဧည့်သည်က အထဲဘက်ကို ကျောပေးထိုင်ထားတာမို့ အမျိုးသားတစ်ယောက်မှန်း သိစဉ် ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရပါသည်။

ဘုရားရေ့!. . . သူများလား။





"ဟော! လာပြီ သားမမနဲ့စကားပြောနှင့်ကြဦး။ အန်တီတစ်ခုခုလုပ်ပေးမလို့"

သွားပါပြီ။ သားမမဆိုမှတော့ ဟိုချာတိတ်ပေါ့။ ညီအစ်ကိုဝမ်းကွဲလို့မပြောရဘူး။ နောက်ကျောဘက်က ကြည့်ရင် ခန္ဓာကိုယ်က သိပ်မကွဲသလိုပါလေ။ ဖွဲရဲ့ဆံပင်က ဒီငခတ် Style မျိုးမို့ နည်းနည်းလေးရှည်ရုံသာရှိပါ၏။

"ဘာလာရှုပ်ပြန်တာလဲ"

"ဟာ! မယုကတော့လုပ်ပြီ ကိုယ့်အိမ်လာတဲ့မောင်လေးကို ဒီလိုကြီးဘုပြောရသလား"

"စိတ်မကြည်တဲ့အချိန်မှာမှ လာလည်တာကိုး"

"စိတ်ကြည်အောင် ကျွန်တော်ကျောက်ချဉ်ခတ်ပေးရမလား။ ဟောဗျာ! ဒါက ငိုထားတာများလား"

"မဟုတ်ပါဘူး"

"ညာလည်း ပိပိရိရိညာနော် မယု၊ မျက်ခွံတွေမို့နေတာ အသိသာကြီးဗျ"

"အိပ်ထားတာပါဟဲ့"

"မယုံပေါင်ဗျာ"

"တိုးတိုးပြော၊ မေမေကြားသွားဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



''တွေ့လား။ အဲဒါပြောတာပေါ့။ အပျိုကြီးတွေများ အချစ်နဲ့တွေ့ရင် ဖုံးမရဖိမရနဲ့ အကုန်ပေါ်တော့တာပဲ''

''ကြည့်. . . ဖွဲ့နော်''

''မဟုတ်လို့လားဗျ။ ဘယ်လိုလဲ၊ ကိုကိုနဲ့ Date တာ OK လား''

မျက်နှာကွက်ခနဲပျက်ရပြန်လေ၏။ ဆူးစူးဝင်နေသည့်နေရာကိုမှ အပ်နဲ့လာအထွင်းခံရသလို ခံရခက်ပါဘိ။ ယောကျ်ားလေးတွေကတော့ ပေါ့ပေါ့လေးပြောထွက်တာပေါ့လေ။ ယုတို့မိန်းမသားတွေမှာတော့ တနင့်တပိုးကြီးခံစားရတာမဟုတ်ပါလား။

''ဟား. . . ဒါက ဘာ Style လဲဗျ။ Yes or No ဖြေရုံလေးပဲကို''

''မ OK ဘူးဟေ့၊ သိပြီလား''

''ဘာလဲ၊ အဲဒီသစ်ငုတ်တိုကြီးက ထုံးစံအတိုင်း ဂျိုဂကျောင်ကျပြီး ငြင်းလိုက်ပြန်ပြီလား''

ငြိမ်နေမိ၏။ ဆိတ်ဆိတ်နေခြင်းက ဝန်ခံခြင်းပဲဆို။ ဖွဲ့မျက်နှာထက်မှာ ယုကိုလှောင်ချင်သည့်ပြုံးစစအပြုံးက အနည်းငယ်မျှပျော့သွားလေ၏။ ငယ်စဉ်ကတည်းက အတူပေါင်းလာတဲ့ကလေးမို့ ဒီအစ်မရဲ့ရင်ထဲကို ဖွဲ့မြင်နိုင်လောက်ပါရဲ့။





''ဘာ Reason ပေးသလဲ''

''ငြင်းစရာမရှိအောင် ပြည့်စုံလွန်းလို့ အားနာမိပါတယ်တဲ့''

''ဒါနဲ့ပဲ Game over ဖြစ်သွားရောလားဟင်''

''ဟဲ့! သူ့ဘက်က ရပ်နေပါပြီဆိုတာကို ဂါက ရှေ့ဆက်တိုးလို့ဖြစ်မလား''

''ဘာဖြစ်လဲ၊ တိုးသင့်ရင်တိုးရမှာပေါ့ မယုရဲ့။ အချစ်နဲ့စစ်မှာ အားလုံးတရားတာကြီးပဲဟာ။ ဒီကိစ္စမှာ သိက္ခာတွေ အရှုံးအကြောက်တွေကို ဘေးခဏချိတ်ထားလိုက်။ အချစ်မှာ သတ္တိရှိဖို့လိုတယ်ဗျ၊ သိရဲ့လား''

မျက်စောင်းခဲလိုက်မိ၏။ ပြောတာတော့ ငှက်ပျောသီးအခွံနွှာသလို လွယ်လိုက်တာနော်။ အရှက်တွေသိက္ခာတွေ ဘေးဆယ်ထားတဲ့။ ယုကိုများ ဆယ်ကျော်သက်ချာတိတ်မလေးလို့မြင်နေလားမသိ။ ကိုယ်ကျင့်သိက္ခာကို အသက်ထက်ပိုတန်ဖိုးထားတတ်တဲ့မြန်မာမိန်းကလေးတစ်ဦးပါ ဖွဲ့ရယ်။

''. . . ကာစ်ငုတ်တိုကြီးက နှုတ်ဖို့ထက် မီးပုံရှို့လိုက်ဖို့ပဲကောင်းတာ. . . ဟွန်း''

''ဒါဆိုလည်း Just do it လေ မယုရဲ့။ ဒါမှ Save



www.burmeseclassic.com

www.burmeseclassic.com



me ဆိုပြီး အဲဒီသစ်ငုတ်တိုကြီး အသက်ဝင်လာမှာ''

မရယ်ချင်ပေမယ့် အလိုက်သင့်တော့ ပြုံးလိုက်မိပါ၏။ မလုပ်ရက်ပါဘူး ကိုနေရယ်။ ခိုဝင်ချင်မိတဲ့ရင်ခွင်တစ်ခု၊ မှီခိုချင်မိတဲ့ပခုံးတစ်ဖက်ကို ဘယ်လိုနည်းနဲ့မှ ရန်ပြုလို့ရပါ့မလဲ။ ကျွန်မချစ်မိ အပြစ်ရှိသလိုဖြစ်နေပါရော့လားလေ။

''မလုပ်ဘူးလား''

''လုပ်စရာလား။ Oxygen မလုပ်ချင်နဲ့''

''ဩော်. . . မေတ္တာမိုးကြီးက ရွာရန်ရာနှုန်းပြည့်ဖြစ်နေတာပါပဲလား။ ကျွတ်! ကျွတ်! . . .''

''ဖွဲနော်''

ဤမျှအထိသိသာနေပြီလား။ အချစ်ဆိုတာ ဘေးလူကကာယကံရှင်ထက် ပိုပြီးမြင်သာအောင် ဖုံးဖိသိုဝှက်လို့မရတဲ့လျှို့ဝှက်ချက်တဲ့။ ဒါဆိုရင် ယုရင်ထဲကိုမြင်သာအောင် သူ အဘယ်ကြောင့် မမြင်နိုင်တာပါလိမ့်။ ဥပေက္ခာပြုရက်ရတယ်လို့။

''မယုပါနဲ့ဆို သူငြင်းခဲ့တဲ့မိန်းကလေး (၁၃)ယောက်ရှိပြီ''

''ဟင်''

(၁၃)ယောက်တဲ့လား။ အဲဒီနံပါတ်က အနောက်နိုင်ငံတွေ





မှာဆို Unlucky အဖြစ်သတ်မှတ်ပြီး Hotel တွေမှာတောင် (၁၂) ပြီးရင် (၁၄)ဆိုပြီး ထားတတ်ကြတာလေ။ ယုအတွက် ဒီလောက်တောင်မှ ကံမကောင်းဖြစ်စေခဲ့ရတယ်လို့။

''ဒီလူကြီး ရှေ့ကပိတ်နေတာနဲ့ပဲ နောက်ကကား ကျော်တက်လို့မရဖြစ်နေပြီ''

''ဘယ်လို''

''ဟုတ်တယ်လေ မယုရဲ့၊ ကိုကိုသာ မယုနဲ့ OK သွားရင် ကျွန်တော်လည်း ခရာနဲ့စိုပြည်မှာပေါ့။ ဒင်းခေါင်းမာလွန်းလို့ ဗုတ်သင်ညိုဘဝကို မှော်ဆရာလို အပ်ချလောင်းဆိုပြီး ပြောင်းပစ်လိုက်ချင်ရဲ့''

''ဟယ်! ဘာဖြစ်လို့လဲ''

''ခေါင်းချည်းခါနေလွန်းလို့ ခေါင်းညိတ်လာတတ်အောင်လေ''

ကောင်းရော! ညီအစ်ကိုနှစ်ယောက်စလုံးက အခရာ့ကို ပြိုင်တူစိတ်ဝင်စားရတယ်လို့။ အစ်ကိုဖြစ်သူရောညီဖြစ်သူပါ ဗုဒ္ဓဘာသာတိုင်းအဖြစ် ယုဆီမှာပဲ လာပြောနေကြတာကိုး။ ဖွဲပြောသလိုသာဆို ယုလည်း စုန်းမလိုအစွမ်းသာရှိရင် အဲဒီအခရာကို ရေလယ်မှာပွင့်တဲ့ ကြာပန်းလေးဘဝအဖြစ်သာ ပြောင်းပစ်လိုက်ချင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါမှ သူရောဖွဲ့ပါ အခရာ့ကိုလိုက်ရှာလို့မရတော့မှာလေ။

အို! ဘယ်လိုကနေဘယ်လို စိတ်ရိုင်းတွေဝင်လာရတာပါလိမ့်။ 'လဲနေသူ ထူပေးပါ''အားငယ်သူ အားပေးပါ''ကြီးသူကိုရိုသေ' 'ရွယ်တူကို လေးစား' 'ငယ်သူကိုသနား'ဆိုတဲ့ ငယ်စဉ်က သင်ယူခဲ့ဖူးတဲ့ဆုံးမစာတွေကို မေ့ထားရတယ်လို့။

"မယု"

"ဟင်"

"ကိုကို့ကို တကယ်ပဲချစ်နေတာလား"

"ပေါက်ကရ လိုက်မေးမနေနဲ့"

"မောင်နှမတွေပဲဗျ။ ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်းပေါ့။ အချစ်မှာ မပွင့်လင်းရင် နှောင့်နှေးပြီး ရှုံးတတ်တယ်တဲ့ဗျ"

ပြောတတ်ပါ့။ ပွင့်လင်းချင်တာပေါ့။ 'ဒီမှာ ကိုနေ၊ ရှင့်ကို ယုချစ်နေပြီ'ဆိုပြီး မျက်စိစုံမှိတ်ပြောချလိုက်ချင်တာ လျှာကိုယားနေတာပါပဲ။ ဒါပေမဲ့ ထောက်ရှု ငဲ့ကွက်ရမယ့်အချက်တွေကများလွန်းနေတာပါလေ။

"ဘယ်လိုလဲ၊ လက်လျှော့ချင်နေပြီလား"

"ဟင်း"

သက်ပြင်းရှိုက်မိစဉ် ဖွဲ့က စိန်စိန်လာပို့ပေးသည့်ကော်ဖီ





ကို ယူသောက်လိုက်လေ၏။ မေမေက ယုညှို့သည်လာတိုင်း ဘယ်တော့မှဝင်မရှုပ်တတ်ဘဲ ရှောင်ပေးတတ်သူမို့ ဖွဲ့နဲ့ပွင့်လင်းစွာ စကားပြောခွင့်ရတာပါလေ။

"အသက်တော့ တိုတော့မှာပဲ၊ ဘယ်လိုလဲ မမဒေါက်တာရဲ့"

"ငါက မိန်းကလေးဟဲ့"

"ဘာမိန်းကလေးလဲ၊ IT ခေတ်ကြီးမှာ Lady တွေ Man တွေ သီးခြားခွဲလို့မှမရတော့တာ. . . ခေတ်ကြီးကိုက မိန်းကလေးတွေ စတဲ့ခေတ်ဗျ"

"ကြည့်ပါလား၊ ငါ့ကို ဆယ်ကျော်သက်အရွယ်လေး ထင်နေလား ဖွဲ့ရဲ့"

"ဘာဖြစ်လဲ၊ အချစ်နဲ့ပတ်သက်လာရင် မယုက မူကြိုကျောင်းသူအဆင့်ပဲရှိသေးတာကို ဝန်ခံလိုက်ပါဗျ"

အချစ်နဲ့ပတ်သက်ရင် မူကြိုအဆင့်တဲ့လား။ ဟုတ်ပါရဲ့၊ ဆေးကျောင်းတက်တုန်းကလည်း စာချည်းကုန်းရုန်းကြိုးစားဖြစ်ခဲ့ရတာမို့ ကိုယ့်ကိုဖွင့်ပြောလာသမျှ NO ချည်းဖြေခဲ့မိသမျှ အခုဝဋ်လည်နေသလိုပါလေ၊ ဟုတ်ပါတယ်၊ ချစ်ခြင်းနဲ့ပတ်သက်လာရင် ယုက ခရွေးတောင်မှ မရေးတတ်သေးသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဆုံးဖြတ်ပါ မယုရာ၊ ဒါမှ ကျွန်တော်က ကိုကိုနဲ့မယု ကို ပေါင်းကူးတံတားလေး ထိုးပေးလို့ရမှာ"

"အံမယ်"

"မယုက အခရာနဲ့ကျွန်တော့်ကို မြှားနတ်မယ်လေး၊ မဟုတ်ဘူး. . . Venus လေး ပြန်လုပ်ပေးပေါ့ဗျ"

ကောင်းပြ၊ အခုမှ Korea ကားထဲကလို ဇီလိန်လုပ်ရ မလိုပါပဲလား။ နင်က အဲဒီကောင်မလေးကိုရအောင်ယူ၊ ငါက သူ့ကိုယူဆိုပြီး ခွဲတမ်းချရမှာလေ။ မဖြစ်သေးပါဘူး။ Korea ကားကြည့်ရင်တောင်မှ အဲဒီလိုဇီလိန်နေရာက မင်းသမီးပဟ္ဂကို ယူ တအားမုန်းတတ်တာမဟုတ်ပါလား။



## အခန်း (၁၄)

"စက်ဘီးရော"

"ဘီးက နောက်ဘီးပေါက်ပြီးလို့ အခုတစ်ခါ ရှေ့ဘီးပါ ပေါက်တာနဲ့ ပြင်ဆိုင်မှာပဲ ထားခဲ့ရပြီ"

"ဒါဆို ခရာ ဘာနဲ့ပို့မှာလဲ"

"ရပါတယ် အစ်ကိုရဲ့ မယုရဲ့ဖောက်သည် ဂါလီဆရာ ဦးမြကိုခေါ်ထားပါတယ်"

"ကျစ်! အဲဒီလိုလူတွေနဲ့ ရင်းရင်းနှီးနှီးမပေါင်းပါနဲ့ဆိုတာ ကို အစ်ကိုပြောတာ နားမထောင်ဘူးလား ခရာ"

ပါးစပ်အပေါင်းသားဖြစ်သွားရပါ၏။ စက်ဘီးပျက်တာ ဒီတစ်ခါပဲရှိတာမှမဟုတ်ပါဘဲ အခုမှ ဒီလိုစကားမျိုးကို အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြောရတာပါလိမ့်နော်။ ပန်းစည်းတွေ၊ နှီးတောင်းထဲ သေချာ ဝိုင်းစီထည့်ပေးရင်း ပြောနေသည့်အစ်ကို့ကြောင့် အံ့အားသင့် သွားရတာပါလေ။

"ကိုယ့်စက်ဘီး ယူသွား"

"အာ. . . အစ်ကို့ဘီးက ဝယ်ထားတာ ဘာကြာသေး လို့လဲ။ အသစ်ကြီးကို"

"သစ်သစ်ဟောင်းဟောင်း စက်ဘီးဖြစ်ရင်ပြီးရောမဟုတ် လား။ လျှာမရှည်နဲ့. . . ယူဆိုယူ"

ငေါက်သလိုပြောလိုက်တာမို့ ခရာ ဇက်ပု၍ လျှာတ လစ်လေးဖြစ်သွားရလေ၏။ ချိုချိုသာသာပြောလေ့ရှိတဲ့အစ် ဆီက အမိန့်က ထူးဆန်းနေတာပါလေ။

"ဘာပြောင်စပ်စပ်လုပ်နေတာလဲ ခြင်းချည်ဖို့ကြိုးတ ယူ. . . သွား"

"ဘယ်မှာလဲ"

"ညှော်ခန်းစားပွဲပေါ်မှာ တင်ထားတယ်၊ အနီရောင်လေး"

"ဟုတ်"

ခရာ အိမ်လေးပေါ် ကြိုးတက်ရှာစဉ် အစ်ကိုက စ ဘီးလေလေှာ့နေတာကို လေထိုးပေးနေလေ၏။ ညှော်ခန်းစာ





လေးပေါ်မှာ သပ်သပ်ရပ်ရပ် စည်းထားသည့် ကြိုးခွေလေးကို ကောက်ယူကာ ပြေးဆင်းလာခဲ့ပါသည်။

"ဇော်! ကလေးမဟုတ်သူငယ်မဟုတ် ပြေးရသလား။ မတော် ချော်ပြုလဲရင် ဘယ့်နှယ်လုပ်မလဲ"

"အစ်ကိုကလည်းလေ၊ ခရာ့ကို ပိစိလေးထင်နေတုန်း ပဲလား။ ခရာက သူနာပြုပါအစ်ကိုရဲ့"

"သူနာပြုဆိုတာ သူများနာမှပြုစုရတဲ့လူလေ။ ကိုယ်နာ မှ ပြုစုရတဲ့လူမှမဟုတ်ဘဲ"

"ကြည့်!"

"လေအတော်ရှည်တဲ့သောကြာသမီး၊ သွားတော့။ နေ မြင့်ရင် ပူလာလိမ့်မယ်။ ပြန်လာရင် တစ်အောင့်နားပြီး ခြံထဲကို ဝဲ လာခဲ့နော်။ အိမ်မှာ ထမင်းဟင်းချက်မနေနဲ့တော့"

"ဟင်! ဘာဖြစ်လို့လဲ"

"အမေက ဒီနေ့ကြက်သားကာလသားဟင်း ချက်ကျွေး မှာမို့လို့ အန်တီ့အတွက်ပါ ထမင်းချိုင့်ထည့်ပေးလိုက်မယ်တဲ့၊ ကြိုမှာထားတယ်၊ ဒီကလေးမကတော့လေ၊ လူကြီးပြောရင် ဟုတ် ကဲ့မလုပ်ဘဲ မေးခွန်းပြန်ထုတ်ရသလား"

စက်ဘီးနောက်ခုံမှာ ခြင်းတောင်းကိုပြုတ်မကျအောင်



www.burmeseclassic.com

www.burmeseclassic.com



ပြင်ဆင်ချည်နှောင်ပေးနေသည့်အစ်ကိုကို ခရာမော့ကြည့်နေမိ
သည်။ အစ်ကိုက ဦးကျော်လိုအသားမညိုသလို အန်တီမြိုင်
လည်း အသားမဖြူဘဲ ခပ်လတ်လတ်အသားမျိုးပါ။ မိန်းမဆန်
ဆန်ချောသည့်ဟိုModel ဖွဲ့ဇာနည်လိုလည်းမဟုတ်ဘဲ ယောကျ်ား
ပီသ ခန့်ထည်သည့်လူငယ်ပါလေ။

"ဟောကြည့်! ဘာလဲ၊ လူကို ရုပ်ရှင်မင်းသားမှတ်
သလား။ ငေးမနေနဲ့လေ"

ခေါင်းကိုခပ်ဖွဖွပုတ်ပြီး သတိပေးလိုက်တာမို့ ခရာပြ
လိုက်မိလေသည်။ စက်ဘီးကိုနင်းထွက်ခဲ့ပြီး ဈေးဘက်သို့ထွ
လာခဲ့ပါ၏။ မေမေ့မျက်စိကို အမြန်ဆုံးခွဲပေးရမှာမို့ နားလည်သ
ဆရာဝန်မျိုးနှင့် သွားတွေ့ရဦးမှာလေ။ ညနေဆေးခန်းဖွင့်ရင်
နှင့်အရင်ဆုံးတိုင်ပင်ရင် ကောင်းမှာပဲ။

"မညိုရေ"

"ဟဲ့! ကိုမြ ခုနကပဲထွက်သွားတာ ဈေးလမ်းမှာလူ
ထင်တယ် ခရာ"

"ဟုတ်လား၊ လမ်းထိပ်ကွမ်းယာဆိုင်က မချစ်ပြော
လိမ့်မယ် မညိုရယ်၊ ခရာ့အိမ်ထိ သူမရောက်နိုင်ပါဘူး"

မညိုနှင့်အတူတူ ဆိုင်ကူခင်းပေးပြီးမှ ဈေးထဲမှာ





ဦးကြော်နှင့်ကြက်သွန်ကြော်နည်းနည်းစဲ ဝယ်လာခဲ့ပါ၏။ အိမ်
မှာ ထမင်းကြမ်းလေး ဆားဖြူးပြီး စားရအောင်ပါ။ မေမေ့က
ကြက်သွန်ကြော်ဆို ချိုချိုမွှေးမွှေးလေးမို့ ကြိုက်နှစ်သက်လေသည်။

"မေမေ နိုးပြီလား"

"အေး. . . သမီးလေးပြန်ရောက်တာ မြန်လှချည်လား"

"မြန်ဆို အစ်ကိုက သူ့ဘီးငှားပေးလိုက်တာကိုး မေမေ
နဲ့ ခရာနဲ့ထမင်းကြမ်းစားရအောင်လေ"

"ဟဲ့! ထမင်းချက်ဖို့ မီးမမွှေးဘဲနဲ့ အဆာပြေအရင်စား
သလား"

"အစ်ကိုက ဒီနေ့ထမင်းဟင်းမချက်နဲ့တဲ့။ အန်တီမြိုင်
က ကြက်သားကာလသားချက်မှာမို့ အိမ်ကိုချိုင့်နဲ့ပို့ပေးမယ်ပြော
တယ်"

"အားနာစရာသမီးရယ်"

"ခရာလည်း ပိုအားနာတာပေါ့မေမေရယ်၊ အန်တီက
ကျက်နဲ့ဆိုလို့ ခေါင်းညိတ်လိုက်ရတာပါ။ ဒီနေ့စိုက်ခင်းရှင်းရမှာ
ပြီးရင် ပန်းနောက်တစ်မျိုးစိုက်မယ်ပြောတယ်"

"အလုပ်များဦးမှာပေါ့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မေမေက ဘုရားဝတ်ပြုပြီးပြီမို့ တဘက်ချည်ထည်လေးကိုခေါက်ကာ ဘုရားစင်ရှေ့ရှိ ဗီရိုပုလေးမှာ သွားတင်လေ၏။ ခရာက မေမေဘုရားရှိခိုးလျှင် ထိုင်သည့်ထိုင်ဖျာလေးကိုလိပ်ကာ ခေါင်းရင်းမှာ ထောင်လိုက်ပါသည်။ ပြီးမှ မီးဖိုခန်းလေးထဲမှာ ဆေးစရာရှိရာတို့ကို မြန်မြန်သွက်သွက်ဆေးကြောလိုက်ပြီး ထမင်းကြမ်းခဲ့ကိုချေကာ ဆားဖြူးလျက် ခပ်ဖွဖွလေးနယ်၍ ပန်းကန်ပြားတွေထဲ ထည့်လာခဲ့ပါ၏။ ဓာတ်ဘူးထဲမှရေနွေးပူသေးတာမို့ ကြွေရည်သုတ်ကရားအိုးလေးထဲ လက်ဖက်ခြောက်နည်းနည်းထည့်ကာ ရေနွေးလောင်းထည့်လိုက်ပါသည်။

လင်ဗန်းထဲမှာ ရေနွေးအကြမ်းပန်းကန်လုံးနှင့်ကရားအိုးကိုထည့်သယ်ကာ စားပွဲဝိုင်းခုံလေးကိုချပြီး တင်လိုက်ပါ၏။ ပြီးမှ အကြော်ပန်းကန်နှင့်ထမင်းပန်းကန်တွေကိုသယ်ကာ မနက်အဆာပြေစားဖို့ အဆင်သင့်ပြင်ပြီးချေပြီ။

"သမီး"

"ရှင် . . . မေမေ"

"အရွယ်ရောက်လာပြီဆိုတော့ မေမေမေးရတော့မယ်"

"မေးပါမေမေ၊ ဘာများမေးမလို့လဲ"

ထမင်းကိုမြန်မြန်သွက်သွက်စားတာ ပြီးပြီမို့ အအေးခံ





ထားသည့်ရေနွေးကြမ်းပန်းကန်လုံးကို မော့သောက်လိုက်မိ၏။ စားပြီးသားပန်းကန်တို့ကို ဆေးကြောရန် ထပ်လိုက်ပါသည်။

"တခြားတော့မဟုတ်ပါဘူး။ မေမေ့သမီးမှာများ ချစ်သူဆွေဘာတွေရှိနေပြီလားလို့ပါ"

ခရာပြုံးလိုက်မိပါ၏။ ဟိုတလောလေးတုန်းကပဲ ခရာ့ကို အစ်ကို ဒီမေးခွန်းမေးဖြစ်ခဲ့သေးတာပါလေ။ ဘယ်လိုဖြစ်ပြီး ဒီလိုကြီးမေးနေကြတာပါလိမ့်နော်။

"ဘာလို့မေးတာလဲ မေမေ"

"သိချင်လို့ပါ"

"ဩော်, မေမေရယ်၊ ခရာ့လိုဆင်းရဲတဲ့ဘဝသမားက စိတ်ကူးယဉ်ဖို့ အဲဒီချစ်သူရည်းစားက ဘာများလိုအပ်နေလို့လဲ။ အပျော်ရှာဖို့ထက် ကိုယ့်ဘဝတက်လမ်းရဲ့ပန်းတိုင်ရောက်ဖို့အတွက်သာ ပိုပြီးလိုအပ်တာ မေမေအသိဆုံးပါ"

"ဒါတော့ဒါပေါ့ သမီးရယ်၊ ဒါပေမဲ့ ဖခင်မဲ့ခဲ့ရတဲ့မေမေ့သမီးရဲ့ဘဝမှာ လုံခြုံအောင် ကာကွယ်စောင့်ရှောက်ပေးနိုင်မယ့် အားကိုးရာယောကျ်ားတစ်ယောက်တော့ မရှိမဖြစ်လိုအပ်တယ်လေ"

"အာ . . . မေမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောနေတာ သမီးရဲ့၊ မေမေက သမီးကို ဒီအတိုင်းစောင့်ကြည့်ပြီး အသက်ရှင်သွားလို့မရဘူးလေ။ မေမေ့မျက်စိမှိတ်ခင်လေးမှာတော့ သမီးကို စိတ်ချယုံကြည်ရလောက်တဲ့လူတစ်ယောက်ရဲ့လက်ထဲကိုတော့ အပ်သွားချင်တယ်။ ဒါမှ မေမေစိတ်ချရမှာ"

မျက်ရည်ဝဲသွားရပါ၏။ တစ်ယောက်တည်းထားခဲ့ဖို့ စိတ်မချဘူးတဲ့။ ခရာကလည်း မေမေ့တစ်ယောက်တည်းကို ချန်ထားရစ်ခဲ့ပြီး ခရာချစ်တဲ့သူနောက်ကိုလိုက်ဖို့ဆန္ဒက ဘယ်လိုမှမရှိတာလေ။ ဪ. . . မေမေရယ်။

ခရာက မေမေ့အတွက် ကျန်းမာရေးနဲ့မျက်စိခွဲစိတ်ဖို့အတွက် အလုပ်တွေအချိန်ပြည့်လုပ်နေမှန်းသိရဲ့သားနဲ့ ဘာလို့များ စိတ်ကူးယဉ်ချစ်သူထားဖို့ လမ်းညွှန်နေရတာပါလဲ။ ဘာဆိုဘာမှမရှိတဲ့သူညဘဝကို တန်ဖိုးထားတတ်တဲ့လူက ဒီဘဝမှာ ရှိပါ့မလား။ မြှင့်တင်ပေးဖို့ထက် နင်းချေချင်တဲ့လူကသာ များလွန်းတာပါလေ။

"အဲဒီတော့ ဒီအတိုင်းတစ်သက်လုံးနေသွားဖို့ စိတ်ကူးမထားလေနဲ့။ ကိုယ်အားကိုးယုံကြည်နိုင်လောက်တဲ့ အမျိုးသားမျိုးကိုရှာဖွေဖို့ နေ့စဉ်မျက်စိဖွင့်နားစွင့်ပါ အခရာ"





"ဟုတ်ကဲ့"

'ဟုတ်ကဲ့' ရတော့မှာပေါ့။ ဘယ်တတ်နိုင်ပါ့မလဲ။ မေမေ ခနေတာကို ဟင့်အင်းဆိုပြီးငြင်းဆန်လို့ ဘယ်ရပါ့မလဲလေ။ သို့လမ်းကိုယ်ဖောက်ပြီး လျှောက်နေတဲ့မိန်းကလေးက ဘဝ က်တွဲဖော်ဆိုတာ လိုအပ်တာမှမဟုတ်တာဘဲ။

"သမီးသွားတော့မယ် မေမေ"

"အေး. . . သမီးလေး"

အစ်ကိုတို့ဆီရောက်တော့ စက်တီးကိုသေချာဆေးကြော အပ်လိုက်ရပါသည်။ ဗိုက်ခင်းထဲမှာ စကားတပြောပြောနှင့် နှစ်ပြီး လုပ်နေတာမို့ ထမင်းစားချိန်ရောက်မှန်းတောင် မသိ ပါလေ။

"သားတို့ရေ ထမင်းစားကြစို့၊ သမီးအခရာလည်း လာ လေ"

"ဟယ်! ဆယ့်နှစ်နာရီတောင် ထိုးနေပြီ"

"ဟုတ်ပ! ခေါ်မကြားအော်မကြား ကျုံးလုပ်နေပြီးတော့ မေမေအတွက် ခုနလေးပဲ မောင်စိုးကိုသွားပို့ခိုင်းပြီးပြီအခရာ ပ်သမားတွေနဲ့သမီးတို့ပဲ စားရမှာပဲကျန်တယ်"

ခြေလက်ဆေးကြောကာ မျက်နှာပါသစ်လိုက်ပြီး ကုန်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှ အိမ်ရှိရာဆီ တက်ခဲ့ရပါ၏။ အိမ်အောက်ကွပ်ပျစ်မှာ ထမင်းဝိုင်းပြင်ထားတာမို့ ထမင်းဝင်စားရမှာကို မျက်နှာပူနေစဉ် အစ်ကိုက ခရာ့လက်ကောက်ဝတ်ကို ဖျပ်ခနဲဆွဲခေါ်လေသည်။

"အစ်ကို"

"ထမင်းစားကြမယ်လေ. . . လာ"

"ဟိုလေ"

"လာပါဆို၊ အမေတို့က စားပြီးနေပြီ။ ခရာနဲ့ကိုယ်ထဲ အတူတူစားရမှာ။ ကိုယ်တစ်ယောက်တည်းစားရင် အဖော်ဘယ်ရှိမှာလဲ။ လာပါ"

တကယ်ပင် အိမ်ဖေါ်ဝရန်တာလေးမှာ ထမင်းပြင်ပေးထားတာက နှစ်ဦးစာပါလေ၊ ခရာ့မျက်နှာပူရသက်သာစေအောင်လားမသိ၊ ဦးကျော်ရော အန်တီမြိုင်ပါ အလုပ်သမားတွေဝိုင်းမှာပဲ စကားပြောညှိခံနေကြလေ၏။

"စားနော်. . . အားမနာဘဲ ဝအောင်စား"

အစ်ကိုက ဟင်းတွေတစ်မျိုးပြီးတစ်မျိုး ခရာ့ပန်းကန်ထဲသို့ ထည့်ပေးနေလေ၏။ ပြောတော့ ကြက်သားနဲ့ဗူးသီးကာလသားချက်ဟင်းဆိုပြီး ဟင်းတွေက အမယ်စုံနေတာလေ။

"စက်ဘီးလိုရင် ယူသုံးထားဦးနော် ခရာ"





"ရပါတယ်အစ်ကို၊ ညနေတော့ ခရာ ဒီတိုင်း လိုင်းကားစီးသွားလို့ရပါတယ်"

"အပြန်ကျ မောင်မှာမဟုတ်လား"

"မောင်လည်း ပြန်ရဲပါ့မလားအစ်ကိုရဲ့"

"ကိုယ်လာကြိုမယ်"

"ရှင်! အာ. . . မဖြစ်ပါဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ ဖြစ်အောင်လုပ်ရင် အကုန်ဖြစ်တာချည်းပဲ"

"အစ်ကိုကလည်းလေ၊ ခရာသွားလာနေကျပဲကို"

"မွေးနေ့ရှင်လုပ်ချင်တာလေးကို တစ်ခါလောက်ခွင့်ပြုလို့မရဘူးလား ခရာ"

"ဟင်! အစ်ကို့မွေးနေ့၊ အို. . . ဟုတ်သားပဲ"

"မွေးနေ့လက်ဆောင်ဆိုပြီး ရှာကြံပေးမယ်စိတ်မကူးလေနဲ့၊ အဲလိုတွေပေးမှာစိုးလို့ တမင်ဒီလိုပဲထမင်းကျွေးတာ။ ဘယ်အလုပ်သမားကိုမှ ကိုယ့်မွေးနေ့လို့ဖွင့်မပြောဘူး"

မပြုံးဘဲမနေနိုင်တော့ပါချေ။ ဟုတ်တယ်လေ၊ တကယ်ဆို မွေးနေ့ရှင်သွားချင်တဲ့နေရာကိုသာ လိုက်ပို့ပေးရမှာမဟုတ်လား။ အခုတော့ အစ်ကိုက ခရာ့ကိုလာကြိုပေးမလို့တဲ့လေ။



www.burmeseclassic.com

www.burmeseclassic.com

အနံ့သြဖွယ်ကောင်းလေစွ။

"ဘာပြုံးစိစိလုပ်နေတာလဲ"

အစ်ကိုကပြောလည်းပြောရင်း ခရာ့ထမင်းပန်းကန်ထဲသို့ ရေတ်သီးစိမ်းတောင့်နီနီလေးကို ထည့်ပေးလိုက်လေ၏။ ကဲ! အဘယ်မျှကလေးဆန်တဲ့အပြုအမူပါလဲ။

"ဒါက ဘာလုပ်တာလဲ"

"လူကြီးကိုလျှောင်လို့ ဒဏ်ပေးတာ"

"ဒဏ်ပေးတာက ဒီလိုရေတ်သီးနီနီလေးလား"

"ဒါပေါ့၊ ကိုယ်လာကြိုမယ်ဆိုတာကို ပြောဦးလေ"

"ကြိုပေါ့"

မပွင့်တပွင့်ပြောကာ အစ်ကိုထည့်ပေးသည့်ရေတ်သီးကို ကိုက်လိုက်ပါ၏။ သေးသေးလေးမို့ စပ်ပေမယ့် ခရာက အစပ်စားသူမို့ စားနိုင်ပါတယ်လေ။ အစ်ကိုသာလာကြိုရင် ဘာတွေများ ဖြစ်လာမလဲ။ မမကလည်း အစ်ကိုကိုတွေ့ဖူးချင်တာတဲ့။ ခက်တယ်အစ်ကို၊ လာကြိုမှာကို ပျော်မိပေမယ့် ခရာ့အပျော်က ပျော်တစ်ဝက်မောတစ်ဝက်ပါလေ။

❦ ❦

ရွှေပဒေသာစာပေ

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com



ချစ်မဝံ့ရဲ

သမင်မျက်ဝန်း
ကျောရွှန်းရွှန်းကို
မကြည့်ဝံ့ ကြည့်ဝံ့ဝံ့
နှင်းဆီပန်းသွေး
နှုတ်ခမ်းဖူးလေးကို
မထိဝံ့ ထိဝံ့ဝံ့
မွှေးညင်းစိမ်းမြ
ပါးလှလှကို
မနမ်းဝံ့ နမ်းဝံ့ဝံ့
ရှင်းသန့်စင်ဖွေး
လည်တိုင်လေးကို
မမွှေးဝံ့ မွှေးဝံ့ဝံ့
တနှိုင်းမမီ ကော်ရုပ်လေးကို
မြတ်နိုးမျှိုသိပ် စေတသိတ်ဖြင့်
(ကိုယ့်ရင်တွင်းမှာ)
မချစ်ဝံ့ ချစ်ဝံ့ဝံ့



## အခန်း (၁၅)

လိုင်းကားပေါ်မှဆင်းလိုက်ပါ၏။ ဆေးခန်းတံခါးသော့ကိုဖွင့်ကာ ပြတင်းပေါက်ဖွင့် သန့်ရှင်းရေးအလုပ်တို့ကို မြန်မြန်လေးလုပ်လိုက်ပါသည်။ လူနာစမ်းသပ်ခန်းမှာ စနစ်တကျပြင်ဆင်ပေးပြီးမှ ခရာ တာဝန်ယူရသည့်ဆေးကောင်တာထဲမှာ ဆေးဘူးတွေကို သူ့နေရာနှင့်သူစီပြီး သေသပ်အောင် လုပ်လိုက်ပါ၏။

လယ်ဂျာစာအုပ်ကိုဖွင့်တော့ ဒီနေ့စမှတ်ရမည့်လူနာစာရင်းစာရွက်မှာ နံပါတ်စဉ်တပ်ရန် ဘောပင်မျဉ်းမတားရသေးတာမို့ အံဆွဲထဲမှ ပေတံရှည်နှင့်ခဲတံကိုယူကာ မျဉ်းတားနေမိ၏။ ပြီးမှ ' ဩeYDate ကို မှင်ထင်သာအောင် ခပ်နာနာလေး ဖိရေးလိုက်ပါသည်။ ဒီနေ့က အစ်ကို့မွေးနေ့ပေကိုး။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်! မမရောက်နေပြီ"

အပေါ်ကဝမှ Dutycoat ကို လက်မှာကိုင်ရင်း ရပ်ကြည့်နေသည့်မမကြောင့် အံ့ဩသွားရပါ၏။ နေပါဦး၊ ဒီကနေ့ OFF ရက်လည်းမဟုတ်ပါဘဲ မမဘာလို့စောနေပါသလဲ။ အခုမှ ညနေငါးနာရီစွန်းစွန်းလေးသာ ရှိတုန်းပါလေ။

"ရတယ် အခရာ၊ နေနေ"

ကြိုနေကျအတိုင်း သွားကြိုတာကို ငြင်းလိုက်တာမို့ တွေခနဲဖြစ်သွားရပါ၏။ မမဘာဖြစ်လာတာပါလိမ့်။ မျက်နှာကလည်း သိပ်မကောင်းပုံပါလေ။

"လူနာလာပြီလား"

"မလာသေးဘူးမမ၊ ခါတိုင်း ငါးနာရီခွဲမှဖွင့်တာဆိုတော့လေ"

"အေးအေး. . . မမ ခဏနားလိုက်ဦးမယ်"

လို့ရင်းပဲပြောပြီး အတွင်းသို့ဝင်သွားတာမို့ ခရာ ရပ်ကျန်ခဲ့ရလေ၏။ အိမ်မှာများ စကားများလာလို့လား၊ မဟုတ်သေးပါဘူး။ အဲဒါဆိုရင်လည်း မမဟာ 'ဒီနေ့လေ' ဆိုပြီး ခရာ့ကိုရင်ဖွင့်ပြောပြတတ်တဲ့သူပါလေ။ အခုတော့ အလာပသလာပလေးတောင်မပြောဘဲ ရှောင်နေသလိုဖြစ်နေပါရောလား။





ခရာများ အမှားလုပ်မိလို့လား။ နေပါဦး။ ဆေးခန်းဖွင့်ခဲ့တဲ့တလျှောက် ခရာ တစ်ရက်လေးတောင်မှ နားရက်မယူခဲ့သေးတာပါလေ။ ဒါဖြင့် မမမနှစ်သက်တာ တစ်ခုခုများ ပြောမိဆိုမိလို့များလား။ အင်းလေ၊ စကားဆိုတာက ကိုယ်မပြောချင်ပေမယ့် လွှတ်ခနဲထွက်တတ်တဲ့ရေပိုက်ခေါင်းကရေလိုပဲ ထိန်းရခက်တာပါပဲ။

ဒီနေ့ပဲ မေမေ့မျက်စိကိစ္စပြောဖို့ ရွယ်ထားပါတယ်ဆိုမှ ရာသီဥတုက ဆိုးရတယ်လို့။

"အခရာ"

"ရှင်! ရှင်. . . မမ"

လိုက်ကာစကို ဖျပ်ခနဲမကြည့်လိုက်စဉ် မမက ထိုင်ခုံမှာထိုင်ပြီး စားပွဲထက်မှာ စာအုပ်ဖွင့်ဖတ်နေလေ၏။ ဒါဖြင့် စာဖတ်ချင်လို့ စကားမပြောတာပေါ့နော်။ တော်ပါသေးရဲ့။

"လူနာလာရင် အသံပြုလိုက်ဖို့ ပြောမလို့ပါ"

မျက်နှာငယ်လေးနှင့်ကြည့်နေသည့် ခရာ့ကို ယုမြင်လိုက်တာမို့ သက်ပြင်းခိုးရှိုက်မိလိုက်ပါသည်။ 'မြေနိမ့်ရာလှံစိုက်' ဆိုတဲ့ အနိုင်ကျင့်စိတ်မျိုး ယုမှာမှမရှိတာလေ။ ဒီအလုပ်ကိုမှီခိုလုပ်ကိုင်ပြီး အမေကိုပြုစုကျွေးမွေးနေသည့်ခရာက ယုထက် ပိုပြီးကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီးရနေတာအမှန်ပါပဲ။

အဲဒီကုသိုလ်ကောင်းခြင်းတွေထဲမှာ 'မျက်နှာမြင် ချစ်ခင်ပါစေ'ဆိုတဲ့ဆုပါ တစ်လုံးတစ်ဝကြီးပြည့်စုံနေတာမဟုတ်ပါလား။ ရှားရှားပါးပါးဖြစ်တတ်တဲ့အဖြစ်ကတော့ ညီအစ်ကိုဝမ်းကွဲနှစ်ဦးစလုံး ချစ်ခြင်း၏မြားနှစ်စင်းဆုံရာ ပစ်မှတ်ဖြစ်နေတာပါလေ။

'မနာလိုဘူး'လို့ပြောရအောင်လည်း ခရာနဲ့ယုက ပြိုင်ဘက်လည်းမဟုတ်၊ ယှဉ်ပြိုင်ရအောင်လည်း ကိုယ်က ဟိုးမြင့်မြင့်အဆင့်မှာ ရောက်နေပြီးသားလူ။ အလှချင်းတူနေရင်တောင်မှ နဂိုရှိရင်းစွဲ အယဉ်ဆင့်နေတာကြောင့် ခရာ့ပုံစံလေးက အညိုလိုဝင်းလက်တောက်ပနေတာအမှန်ပါပဲ။

"ပြောစရာရှိလို့လား အခရာ"

"ဟိုလေ. . . ဟို. . . နောက်မှပဲပြောပါတော့မယ်မမ"

ကြည့်ပါဦး၊ မျက်နှာရိပ်မျက်နှာကဲကို ကြည့်တတ်တယ်ဆိုတာ ဒါမျိုးကိုပြောတာပေါ့။ ခါတိုင်းလို ရွှင်ပြပြုံးချိုမနေတဲ့မျက်နှာ တည်နေတာကြောင့် ပြောဖို့မရဲပုံပါလေ။

"ဘာပြောစရာရှိလို့လဲ အခရာရဲ့၊ ပြောမှာသာပြောပါ"

"တခြားမဟုတ်ပါဘူးမမရဲ့၊ ခရာ့မေမေကိစ္စပါ"

"အန်တီ့ကိစ္စ"





"ဟုတ်ကဲ့"

"ဘာလဲ၊ မျက်စိက တော်တော်လေးဖြစ်နေလို့များလား အခရာ။ မမပြောတယ်မဟုတ်လား၊ စောစောစီးစီးခွဲလိုက်ပါလို့။ တော်ကြာ အပ်နဲ့ထွင်းရမှာကို ပေါက်ဆိန်နဲ့ပေါက်သလိုဖြစ်ကုန်မှာစိုးလို့ အတန်တန်သတိပေးထားရဲ့သားနဲ့"

မျက်နှာက ပိုငယ်သွားသလိုပါလေ၊ ဖိငေါက်ပြောလိုက်သလိုများဖြစ်သွားလား။ မဟုတ်သေးပါဘူး။ ဆရာဝန်တစ်ယောက်ရဲ့ရင်တွင်းအဖွဲ့တွက မိတ်ဆွေရယ် ရန်သူရယ် ခွဲခြားတတ်တာမှမဟုတ်တာလေ။

"အဲဒါ မမနဲ့တိုင်ပင်ချင်လို့ပါ"

"ခွဲလေ၊ ဖေဖေတာဝန်ကျတဲ့ဆေးရုံမှာပဲခွဲပေါ့။ ကုသခရော အဆင်ပြေရဲ့လား"

"ဟို"

"အခရာ့လက်ထဲမှာ ဘယ်လောက်ရှိပြီလဲ"

"ခရာစုထားတာတော့ နှစ်သိန်းလောက်ရှိမယ်ထင်တာပါပဲ"

"အဲဒါနဲ့ဘယ်လောက်မလဲ"

"ခရာ့ကိုကူညီမယ့်သူ ရှိပါတယ်မမ"



www.burmeseclassic.com

www.burmeseclassic.com



"ကူညီမယ့်သူ"

"ဘယ်သူလဲ"

"အစ်ကိုတို့မိသားစုပါ"

'အစ်ကို'တဲ့။ လာပြန်ပြီ ဒီနာမ်စား။ အဲဒီလိုရွတ်လိုက်တိုင်း ခရာ့အသံလေးက တစ်မျိုးလေးဖြစ်သွားတာပါလေ။ ဆ... သင်ပေးခဲ့တဲ့အဲဒီအစ်ကိုအပေါ်မှာများ ဒီကလေး မေတ္တာသက်ဝင်နေပါသလား။

"သူစိမ်းဆီက အကူအညီယူရမှာဆိုရင် မမဆီကပဲ ယူလိုက်ပါလား အခရာ။ လိုတဲ့ငွေကို မမစိုက်ပေးလို့ရပါတယ်"

"ဟင့်အင်း. . . နေပါစေမမ၊ သူ့ဆီကမယူဘဲ မမဆီက ယူတာသာ အစ်ကိုသိရင် ခရာအဆူခံထိမှာ"

ကြောက်တယ်ပေါ့လေ။ ဟုတ်တယ်။ ဒီကောင်မလေးရဲ့ရင်ထဲမှာ အဲဒီအစ်ကိုဆိုတဲ့သူအပေါ် သာမန်ထက်ပိုလွန်နေသော နှောင်တွယ်ခြင်းတွေ သိသိသာသာကြီးမြင်နေရတာမဟုတ်လား။ မင်းကို. . . မင်းကို ကိုနေက စိတ်ဝင်စားနေသတဲ့ အခရာ။ ဒီလိုပဲ ဖွဲ့ကလည်း အတင်းကြီးပတ်သက်ဖို့ကြိုးစားမတဲ့လေ။

အဲဒီညီအစ်ကိုနဲ့ဘာမှမပတ်သက်တဲ့ မင်းရဲ့အစ်ကိုဆိုတာ အဲဒီလူနဲ့သာ သီးသန့်ရှိနေပါတော့လား အခရာ။ မိန်းမဆိုတာ





နောလိုတတ်တဲ့အမျိုးမို့ စိတ်ပုပ်မွှေးမျ ပေမယ့် သူတို့ညီအစ်ကိုနဲ့တော့ မင်းမဆုံတွေ့ပါစေနဲ့လားလေ။

"အစ်ကိုဆိုလို့ သတိရသွားပြီ"

"ရှင်"

"အခရာ့အစ်ကိုနဲ့ မမကိုမိတ်ဆက်ပေးဖို့ဆိုတာလေ"

မျက်နှာတစ်မျိုးလေး ဖြစ်သွားရပါသည်။ အစ်ကိုနဲ့မိတ်ဆက်ပေးဖို့ကို မမဘက်က အားပြင့်နေသလိုပါလေ။ ဘာကြောင့်လဲ ဒီညနေပဲ ခရာ့ကို အစ်ကိုလာကြိုရင်တော့ မမနဲ့တွေ့တော့မှာမဟုတ်ပါလား။ မိတ်ဆက်ပေးဆိုတော့လည်း ဆက်ပေးရုံသာရှိတော့တာပါလေ။

"ရော်!. . . ဒါလေးပြောမိတာနဲ့ မျက်နှာပျက်စရာလား အခရာရဲ့။ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး မမရဲ့"

"ပြောတော့သာ ဘာမှမဖြစ်ဘူးတဲ့၊ အခရာ့မျက်နှာမှာ အစ်ကိုကိုနှမြောသလို အရိပ်အယောင်တွေ မြင်နေရတယ်လေ"

သက်ပြင်းကို ခိုးရှိုက်လိုက်မိပါ၏။ ဟန်မဆောင်တတ်တဲ့မိန်းကလေးမို့ ဘာတစ်ခုကိုမှဖုံးကွယ်လို့မရပါလားနော်။ နှမြောသလိုပဲတဲ့။ ဟုတ်ပါတယ်၊ မမနဲ့ကိုနေဝန်းနီက စေ့စပ်တော့မယ်



www.burmeseclassic.com

www.burmeseclassic.com



မှန်း ခရာသိနေပေမယ့် အစ်ကိုကို ဘာလို့များ နှမျောတသစိတ် ဖြစ်နေရတာပါလိမ့်။ ခက်လိုက်တာနော်။

"မဟုတ်ပါဘူး မမရဲ့"

"အခရာ့မေမေ မျက်စိခွဲဖို့ကိစ္စကို သိပ်စိတ်မပူပါနဲ့။ မမ ကူညီပေးမှာပါ။ ပြီးတော့ မမလည်း အခရာ့ဆီမှာ အကူအညီ တောင်းစရာရှိတယ်"

"ရှင်! အကူအညီ"

"ဟုတ်တယ်"

ခေါင်းညိတ်လိုက်မိ၏။ ပြောတော့မယ်ဖွဲ့ရယ်။ နှစ်လမ်း မောင်းကားလမ်းပေါ်မှာ အတူမောင်းနှင်တဲ့ကားနှစ်စီးမို့ မျက်နှာ ချင်းဆိုင်မှာလာတဲ့ကားနဲ့ ထိပ်တိုက်ရင်ဆိုင်ရမယ့်ကားကို တစ်စီး စီးကတော့ ဆုံရမှာပဲ။ အန္တရာယ်ဆိုတာကို ကြိုတွေးပြီးရှောင်နေ လို့ ဘယ်ရပါ့မလဲလေ။

"ဘာများလဲ မမ"

"မမပြောရင် စိတ်မဆိုးပါဘူးလို့ ကတိအရင်ပေးနိုင် မလား"

"ဟင်"

ဘာမှနားမလည်ရှာသည့်မျက်ဝန်းတို့က ရိုးသားသည့်





အကြည့်တွေပါပဲ။ ဖြူစင်တဲ့ပိတ်စကို ဆေးဆိုးချင်တဲ့ကာယကံရှင် ဟာ ယုကိုယ်တိုင်ပဲဖြစ်နေပြီလား။ အဆင့်ချင်းမတူတဲ့အောက်ဆင့် ကို ဆင်းရမှာ လိပ်ပြာမလုံချင်သလိုပါလေ။ အချစ်နဲ့စစ်မှာ အား လုံးတရားမျှတတာချည်းမဲတဲ့။ ရဲဆေးတင်တဲ့တွန်းအားက ဖွဲ့ရဲ့ စကားသံပါပဲ။

"လန့်သွားတာလား အခရာ"

"ဟိုလေ၊ မမရဲ့အစ်ကိုကိုမိတ်ဆက်ပေးဖို့က ခရာလုပ် ပေးလို့ရပါတယ်။ ဒါပေမဲ့ ဒီ့ထက်ပိုရင်းနှီးအောင်တော့ ခရာ့ကို လုပ်ခိုင်းပါနဲ့နော်။ ခရာ အစ်ကိုကိုကြောက်သလို ဦးကျော်နဲ့ အန်တီမြိုင်သိမှာလည်း စိုးရိမ်လို့ပါ"

"ဟင်းဟင်းဟင်း. . . ဖြစ်ရလေ အခရာရယ်။ မမက အခရာ့အစ်ကိုနဲ့ ရိုးရိုးသားသားခင်မင်ချင်လို့ မိတ်ဆက်ခိုင်းတာ ပါ။ ဒီ့ထက်အဆင့်ပိုစရာ ဘာများလိုအပ်လို့လဲ။ မမမှာ ကိုနေတစ် ယောက်လုံး ရှိပြီးသားကို။ မဟုတ်ဘူးလား"

ခပ်ပိုင်ပိုင်ပြောချလိုက်ပေမယ့် ရင်ထဲမှာ သိပ်မသေချာ ပါပေ။ ကိုနေက ယုကိုဘယ်လိုမှစိတ်မဝင်စားမှန်း သိနေတာ ပါပဲ။ ပန်းချင်းတူနေပါလျက် ဘာလို့များ ဒီပန်းရိုင်းလေးရဲ့အလှ ကို ဖွဲ့ရော ကိုနေပါမြင်ပြီး နှစ်သက်နေရတာပါလိမ့်။ ဝန်တိုတတ်



www.burmeseclassic.com

www.burmeseclassic.com



တဲ့စိတ်မရှိသော်ငြား မိန်းမစိတ်ဓာတ်က ယုရင်ထဲမှာ ရောက်နေသလိုပါပဲလေ။

"ခရာအတွေးရိုင်းသွားရင် တောင်းပန်ပါတယ် မမ"

"ရပါတယ် အခရာရဲ့၊ တောင်းပန်ဖို့မလိုပါဘူး"

"မမလိုချင်တဲ့အကူအညီဆိုတာက"

"ကြားပွဲစားလုပ်ပေးဖို့ပါ အခရာ"

"ကြားပွဲစား"

"ဟုတ်တယ်"

ကြားပွဲစားတဲ့လား။ ခုနကတော့ အစ်ကိုနဲ့ရင်းနှီးချင်တာမဟုတ်ဘူးဆို။ ပညာတတ်တွေရဲ့လျှို့ဝှက်ချက်တွေကို အနက်ဖွင့်ရတာ မလွယ်ပါလားနော်။ ခရာနားမလည်သလို ပြန်ကြည့်နေတာကို မမက ခပ်ပြုံးပြုံးတုံ့ပြန်လေ၏။

"ဘယ်လိုကြားပွဲစားမျိုးလဲဟင်"

"အခရာနဲ့ဖွဲ့တို့ ရင်းနှီးစေဖို့ မမက ကြားပွဲစားလုပ်ပေးမလို့ ပြောတာလေ"

"ဖွဲ့"

"အင်း. . . Model ဖွဲ့ဇာနည်လေ"

မျက်နှာရဲခနဲဖြစ်သွားရပါ၏။ အစ်ကိုနဲ့မမကြားမှာ မရှိ





ချင်တဲ့ခရာ့ကို မမက တခြားသူစိမ်းနဲ့ညှိနှိုင်းပေးချင်တာမို့ ဖြူစင်တဲ့စေတနာကြောင့် မမကိုမျက်နှာပူလိုက်တာနော်။ ကိုယ့်ကိုယ်ကို အသုံးမကျသလို အားငယ်သွားရတာလည်းအမှန်ပါပဲ။

"သူက"

"အခရာ့ကိုစိတ်ဝင်စားလို့ နီးစပ်ဖို့ မမကိုအကူအညီတောင်းထားတယ် အခရာ"

"မဖြစ်နိုင်ဘူး"

"မဖြစ်နိုင်တာမဟုတ်ပါဘူး အခရာ၊ မဖြစ်သေးတာ၊ ခရာ့မှာ ချစ်သူရှိနေလို့လား"

"အဲဒီလိုတော့မရှိပါဘူး"

"ဒါဖြင့် ဖွဲ့အတွက်စဉ်းစားပေးလိုက်ပေါ့"

"ခရာက. . . ခရာက အဲဒီလိုအပျော်ရှာဖို့ အချိန်မပေးနိုင်ပါဘူးမမရယ်။ ပြီးတော့"

"ဟင်းဟင်း. . . ဖြစ်ရလေ အခရာရယ်၊ မမက အခရာ့ကို အပျော်ရည်းစားထားဖို့ ပြောနေတာမှမဟုတ်တာ"

"ရှင်"

"ဖွဲ့က အခရာ့ကိုတကယ်အတည် မေတ္တာရှိနေပါပြီလို့ ပြောပြီး အကူအညီတောင်းလို့ အခုလို မမဖွင့်ပြောရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆိတ်လိုက်မိပါ၏။ အတည်တဲ့။ ဟုတ်နိုင်ပါ့မလား။ သာမန်မိန်းကလေးတစ်ယောက်ကို ဘာရယ်မဟုတ် လက်တည့်စမ်းတာမျိုးလည်း ဖြစ်နိုင်တာပါလေ။ မမရဲ့စေတနာကို အသိအမှတ်ပြုပေမယ့် အဲဒီလိုလူကိုတော့ ခရာစိတ်မဝင်စားချင်တာ အမှန်ပါပဲ။

ညရှစ်နာရီကျော်ကျော် ဆေးခန်းလူကုန်ချိန်မှာ တံခါးတွေလိုက်ပိတ်နေစဉ် စက်ဘီးမီးလေးလက်သွားတာကို ပြတင်းပေါက်မှ မြင်လိုက်ရတာမို့ အစ်ကိုလာကြိုပြီမှန်း သိလိုက်ပါ၏။ ဆေးခန်းအပြင်မှသော့ခတ်ပြီးလှည့်လိုက်စဉ် ခရာပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

အလို! အစ်ကို့အပြင် ဖွဲဖာနည်ရော ကိုနေဝန်းနီတို့ရဲ့ကားနှစ်စင်းက ဆေးခန်းရှေ့မှာ ရပ်ထားတာပါလေ။

❧ ❧



## အခန်း (၁၆)

"မမ. . . မမက ပြန်သွားပါပြီရှင့်"

"ကိုယ် ယုသီဂီဆီလာတာမှမဟုတ်ဘဲ"

"ဟင်"

"အခရာ"

ကိုနေဝန်းနီကိုပြောနေစဉ် ဖွဲဖာနည်က ခရာ့အနီးကိုရောက်လာလေ၏။ ယုသီဂီဆီလာတာမဟုတ်ဘူးတဲ့။ ဒါဖြင့် ဒီကိုဘာလာလုပ်တာပါလဲ။ ဘယ်သူ့ဆီကိုများ လာတာလဲ။

"အခရာ့ကို အိမ်လိုက်ပို့ချင်လို့ပါ"

"ရှင်!"

"ကိုကို ဒါက သဘောလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



''ငါ့ကိစ္စကို လိုက်မရှုပ်ချင်ပါနဲ့ ညီ''

''ဟာ! ဘာလဲ ကိုကိုရ၊ ကိုကို့ဆီမှာ မယုတစ်ယောက်လုံးရှိနေတာမဟုတ်လား''

''ငါမှ ယုသီဂီကိုစိတ်မဝင်စားတာ''

''ဘာဗျ''

''ခရာ ပြန်စို့လေ''

အစ်ကို့ထံမှ အသံထွက်လာချေပြီ။ ထွက်လာတော့မေမပေါ့။ ဒီလူနှစ်ယောက်က ခရာ့ရှေ့မှာလာရပ်ပြီး နှောင့်ယှက်သလို ဖြစ်နေတာကိုး။

''ဟုတ်ကဲ့ အစ်ကို''

''ခဏလေး အခရာ''

လက်ကောက်ဝတ်ကို ဖျပ်ခနဲလှမ်းဆွဲလိုက်တာက ဇွဲဇာနည်ပါလေ။ လူက ထူပူသွားရသလို မျက်နှာတစ်ခုလုံးပါ ပူသလိုပါပဲလား။

''အို! ဘာလုပ်တာလဲ''

''ကိုယ်ပြောစရာရှိလို့''

''ပြောစရာရှိရင် နှုတ်ကပဲပြောပါလား ဇွဲ၊ ဘာလို့ လက်ကိုဆွဲရတာလဲ''





''ဒါ ကျွန်တော့်ကိစ္စပါဗျ''

''ခင်ဗျားတို့နှစ်ယောက် အတော့်ကိုလွန်နေပြီထင်တယ်''

''အစ်ကို''

အစ်ကိုက သူတို့ညီအစ်ကိုနှစ်ယောက်ရှေ့မှာ လာရပ်လိုက်သလို ဇွဲဇာနည်ကိုင်ထားသည့်ခရာ့လက်ကို ဆွဲဖြုတ်လိုက်ပြီး အစ်ကို့နောက်ကျောဘက်မှာဆွဲကာ ကွယ်ရပ်နိုင်းလေ၏။

''မင်းက ဘယ်သူလဲ''

''အဲဒီမေးခွန်းကို ခင်ဗျားတို့ကဖြေရမှာ။ ဘယ်လိုဖြစ်ပြီး နှမချင်းမစာမနာ ခရာ့ကိုနှောင့်ယှက်နေရတာလဲ''

''မင်းက အခရာနဲ့ဘာပတ်သက်မှုရှိနေလို့ အခုကိစ္စကို ဝင်ရှုပ်ရတာလဲ။ ပြောပါဦး''

''ခရာက ကျုပ်ညီမဗျ''

''ဘာ!''

နှစ်ယောက်သား မျက်နှာခပ်အမ်းအမ်းဖြစ်သွားကြရပါ၏။ နေပါဦး၊ အခရာ့မှာ အစ်ကိုရှိတာကို သူတို့ဘယ်လိုမှမသိတာလေ။ ဘယ်ကနေဘယ်လို ဒီအစ်ကိုက ပေါ်လာရတာလဲ။ အခရာနဲ့ရင်းနှီးမှုရှိအောင်လို့ ဒီညနေဆတည်းက စိတ်ဆုံးဖြတ်ပြီး လာခဲ့တာနဲ့ ဘယ်လိုဖြစ်ပြီး ဇွဲနဲ့မှလာဆုံရတယ်လို့။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကအစ်ကိုလဲ အခရာ"

"ဘာအစ်ကိုပဲဖြစ်ဖြစ် ခင်ဗျားတို့နဲ့မဆိုင်ပါဘူး။ သူတို့ကိုသိလို့လား ခရာ"

"ဟင့်အင်း"

ကဲ! ကောင်းရော။ အစ်ကိုဆိုသူရဲ့ရှပ်အင်္ကျီနောက်ကျောအစကို ဆုပ်ကိုင်ထားပြီး ခေါင်းခါပြတာက မြန်လိုက်တာပါလား။ အေးအေးလူလူစကားပြောကြည့်ဖို့ လာပါတယ်၊ ဖွဲကြောင့် လှုပ်လှုပ်ခတ်ခတ်တွေ ဖြစ်ကုန်တာမဟုတ်ပါလား။

"ကိုယ် ဖွဲဇာနည်လေ အခရာရဲ့"

"မသိပါဘူးလို့ဆိုနေမှ အတင်းပဲ"

"ကြားကြတယ်နော်"

"နေစမ်းပါဦး၊ အခရာ့မှာ အစ်ကိုရှိတယ်လို့ တစ်ခါမှ မကြားခဲ့ဖူးတာ"

"ခရာ့ကို ငယ်ငယ်ကတည်းက စာသင်ပေးခဲ့တဲ့အစ်ကိုဗျ"

ဖွဲ ဟက်ခနဲရယ်လိုက်ပါ၏။ စာသင်ပေးခဲ့တဲ့အစ်ကိုဆိုပြီး မဟ္လာပ်တိုင်တက်ပြနေတဲ့သူစိမ်းပါပဲလား။ ဒီလူရဲ့အင်္ကျီစကိုဆုပ်ကိုင်ပြီး ကွယ်ရပ်နေတဲ့အခရာက ဒီလူ့ကိုအားကိုးတကြီးဖြစ်





နေသလိုပါလေ။

"အဲဒါဆို မင်းနဲ့လည်း အခရာက ဘာမှမပတ်သက်တာ အမှန်ပဲမဟုတ်လား"

"ပတ်သက်မှုရှိပါသော်ကောဗျာ၊ ခရာ့ကိုစောင့်ရှောက်ပေးနေတဲ့အစ်ကိုဆိုတာ ပတ်ဝန်းကျင်နဲ့တစ်ရပ်ကွက်လုံး သိနေတာပါ"

"ကောက်ရိုးပုံစောင့်တဲ့ကောင်ပေါ့လေ"

"ဘာဗျ"

"ဖွဲ ဒီလောက်မရှိုင်းနဲ့လေ"

"မရိုင်းလို့ဖြစ်မလား ကိုကိုရ၊ မဆိုင်ဘဲ ဝင်ရှုပ်နေတာကိုး"

"အခရာ"

သူခေါ်လိုက်တာကို ပြန်မထူးပေမယ့် မျက်မှောင်လေးကြုတ်ကြည့်ဖော်တော့ ရပါ၏။ မသိဘူးလို့ငြင်းနေပေမယ့် သူမမျက်ဝန်းတွေထဲမှာ ရင်းနှီးသည့်အရိပ်အယောင်ကိုတော့ မြင်နေရတာပါပဲ။ ယုသီဂီနဲ့သူတွေ့တုန်းကလည်း သူ့ကိုမြင်ခဲ့ပေမယ့် မသိယောင်ဆောင်နေတာကိုတော့ သိသာနေတာပါလေ။

"ကိုယ်တို့ညီအစ်ကိုနှစ်ယောက်လုံး မတိုင်ပင်ဘဲရောက်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး နောင့်ယှက်သလိုဖြစ်သွားတာကို တောင်းပန်ပါတယ်"

"ကိုကို ဘာမှတောင်းပန်စရာ. . ."

"ဖွဲ့ဇာနည်၊ တော်တော့၊ ကိုယ်တို့ကိုခွင့်ပြုပါဦး အခရာ"

ခေါင်းညွတ်နှုတ်ဆက်ကာ ဖွဲ့ရဲ့လက်ကိုဆွဲလျက် သု ကျောခိုင်းလိုက်ပါ၏။ ဖွဲ့က သူ့လက်ကိုရုန်းထွက်လိုက်ပြီး အခရာ ကိုလှည့်ကြည့်လိုက်သည်။ အစ်ကိုဆိုတဲ့လူရဲ့စက်ဘီးနောက်ခုံမှာ ထိုင်ပြီးလိုက်သွားတာပါလေ။ ဘယ်လိုလဲ၊ ပြောတာတော့ အစ်ကို နဲ့ညီမဆိုပြီး ဒီ့ထက်ပိုပြီး သံယောဇဉ်ပိုတာရော ရှိနိုင်တာမဟုတ် ပါလား။

"ပြန်ကြစို့ ဖွဲ့"

"ကိုကိုက ဘာလဲဗျာ"

"ငါ့ Plan နဲ့ငါ လာခဲ့တာပဲ"

"မယုပြန်သွားမှရောက်လာတာ ဘာသဘောလဲ"

"ယုသိဂီနဲ့ငါ အေးအေးဆေးဆေးဆွေးနွေးပြီးပြီ ဖွဲ့"

အလို! ဒါဖြင့် မယုကိုတော့ မရွေးချယ်ဘဲ သူ့အခရာ မှ ကိုကို့မြားဦးက လှည့်ချိန်ရွယ်တယ်ပေါ့လေ။ အဘက်ဘက်က ပြည့်စုံကုံလုံနေတဲ့ဆရာဝန်ကိုတော့ မရွေးချယ်ဘဲ ဘယ့်နှယ်လုပ် အခရာကိုမှ မျက်စိကျရတယ်လို့။





"မယုကို"

"ငါခေါင်းခါလိုက်ပြီ"

"ဘာဗျ! ကိုကိုရူးနေပြီလား။ မယုလိုမိန်းကလေးမျိုးကို ကိုကိုမို့ လက်လွှတ်ရက်တယ်"

"ဒါငါ့ကိစ္စပါ၊ မင်းနဲ့မဆိုင်ပါဘူး"

"ဒါဆိုရင်လည်း တခြားမှာ သွားရှာပေါ့ဗျ၊ ဘာဖြစ်လို့ ကျွန်တော့်အခရာကို လာရှာရတာလဲ"

"စိတ်ဝင်စားလို့"

"ဗျာ! "

"အခရာ့ကိုစိတ်ဝင်စားလို့လို့ ငါပြောတာလေ။ ဒီစကား ကို ယုသိဂီသိအောင်လည်း ပြောပြီးခဲ့ပြီ။ မင်းတို့ကိုအယောက် စေ့ ငါလိုက်မရှင်းပြနိုင်ဘူး ဖွဲ့ဇာနည်၊ ရှုပ်တယ်"

"ဟာ! ကိုကိုဘယ်လိုပြောလိုက်တာလဲဗျ"

"မှန်တာပြောတာလေ၊ မင်းဘာသာမင်း ပတ်ဝန်းကျင် မှာ ပွေချင်ပွေရှုပ်ချင်ရှုပ် ငါဘာကန့်ကွက်ခဲ့လို့လဲ။ ငါဖွင့်ပြောဖို့ ရည်ရွယ်ထားတဲ့အခရာ့ကို မင်းကမှလာရှုပ်နေတာမဟုတ်ဘူးလား၊ ပြော"

သေစမ်း! အစောကြီးကတည်းက မျက်စိအေးတဲ့အလှ



www.burmeseclassic.com

www.burmeseclassic.com



မျိုးကိုပဲ ရွေးချယ်မယ်လို့ကြွေးကြော်ခဲ့တာက ကိုကိုပါလေ။ သူ့ဘေးနားမှာ ရောင်စုံပန်းပွင့်တွေ မျိုးစုံရှိနေသော်ငြား သူကိုယ်တိုင်စွဲလန်းမိခဲ့တဲ့အခရာ့ကိုမှ တိုက်တိုက်ဆိုင်ဆိုင် ကိုကိုပါ မျက်စိကျနေရတယ်လို့။

"အခရာက ကျွန်တော်စိတ်ဝင်စားနေတဲ့မိန်းကလေးမျိုးမယူ အသိဆုံး"

"အဲဒါ မင်းကဏ္ဍလေ၊ ကာယကံရှင်ကိုယ်တိုင် ခေါင်းမညိတ်ရသေးရင် မင်းနဲ့ငါဘာပြဿနာမှရှိစရာမလိုသေးပါဘူး ဖွဲ့ဇာနည်"

"အခရာ့လိုမိန်းကလေးမျိုးကို၊ အန်တီကြီးတို့သဘောတူမယ်လို့ ကိုကိုထင်နေလား"

"အဓိက ငါအိမ်ထောင်ပြုဖြစ်ဖို့ပဲ ဖွဲ့။ ဘယ်မိန်းကလေးနဲ့ပဲယူယူ။ မေမေကိုယ်တိုင်သဘောတူမယ်လို့ ငါ့ကိုခွင့်ပြုပြီးသားပဲ။ စိုးရိမ်စရာမရှိဘူး"

မြတ်စွာဘုရားကြီး ကယ်တော်မူပါ။ ဟုတ်သားပဲ၊ မိန်းမမယူချင်ဘူးဆိုပြီး ခေါင်းခါခဲ့ငြင်းဆန်ကန့်ကွက်ခဲ့တဲ့နေဝန်းနီကို အမြန်ဆုံးအိမ်ထောင်ကျစေချင်လို့ မာမီနဲ့သူ့ကိုအကူအညီတောင်းပေးခဲ့တာ အန်တီကြီးကိုယ်တိုင်ပါလေ။





သေလိုက် ဖွဲ့ဇာနည်၊ အခရာ့အတွက်လှုပ်ရှားဖို့ Chance မှာ ကိုကိုက 75% သူက 25% ခန့်သာရှိနေတော့တာပါလေ။ မာမီကိုယ်တိုင်ကန့်ကွက်နေတဲ့ အခရာ့အနီးကို သူရောက်ဖို့ကတော့ အဝေးကြီးပဲမဟုတ်လား။

"ဒါပေမဲ့"

"မင်းအနေသာကြီးပါ"

"ကိုကို"

"မင်းမာမီအကြောင်းလည်းသိရဲ့သားနဲ့၊ ပြီးတော့ လက်ရှိ မင်းရပ်တည်နေတဲ့နယ်ပယ်မှာ နည်းနည်းလေးယိုင်သွားတာနဲ့ မင်းနာမည်က ဟိုးချောက်ထဲကို ဇောက်ထိုးမိုးမျှော်ကျသွားနိုင်တယ် ဖွဲ့ဇာနည်"

"ဒါ ကျွန်တော်ရင်ဆိုင်ရမယ့်ပြဿနာပါ"

"အေးလေ၊ မင်းမာမီကိုရင်ဆိုင်နိုင်ရင် မင်းကိုအားမွေးထက်ခံနေတဲ့ မင်းပရိသတ်ကို ကန့်ကွက်နိုင်ရင်တော့ ဆက်လုပ်ပေါ့ ဖွဲ့။ ငါက စီးပွားရှာနေတဲ့သူ၊ မင်းလိုအနုပညာသမားမဟုတ်တဲ့အတွက် စိတ်ကြိုက်ရွေးနိုင်တယ်. . . Free ပဲ"

ရင်ထဲမှာ အောင့်သွားရပါ၏။ လေးပစ်သူက သူကိုယ်တိုင်ဖြစ်ခဲ့ပေမယ့် ကိုယ်ပစ်လိုက်တဲ့မြှားက ကိုယ့်ကိုလာမှန်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ ရှိပါ့မလား။ အထူးသဖြင့် ယက်ရိုစန်းထနေတဲ့နာ မည်တစ်လုံးကို သူ့လောကထဲမှာ နှစ်ရှည်ကြာလက်ခံနိုင်ဖို့ အများကြီးကြိုးစားရဦးမှာတော့ အသေအချာပါပဲ။

“ဘာတွေဇာတ်လမ်းရှုပ်နေတာလဲ”

လမ်းထဲရောက်လာပြီမို့ စက်ဘီးကို ဆက်မနင်းတော့ဘဲ လမ်းဆင်းလျှောက်လာခဲ့ပါ၏။ အစ်ကိုအမေးက နောက်ကနေသည့်ဦးနှောက်ထဲကို ပိုပြီးမွှေနှောက်လိုက်သလိုပါလေ။

“ခရာ ဘာရှုပ်လို့လဲ”

“ဘာမရှုပ်ရမှာလဲ၊ ဒီတစ်ရက်လေးပဲ စေတနာဗလပွနဲ့လာကြိုပေးမိပါတယ်။ တန်းခနဲကို တိုးမိတာပဲ၊ တွဲမယ့်တွဲတော့လည်း နှစ်ယောက်ပြိုင်တူမှတွဲရတယ်လို့ မိအခရာ”

“အို! အခရာ့ရည်းစားတွေမှမဟုတ်တာ၊ စွပ်စွပ်စွဲစွဲမပြောပါနဲ့ အစ်ကိုရဲ့”

“ရည်းစားမဟုတ်ဘဲ အီစီကလီလုပ်လို့ ဒီလိုယောက်ျားတွေ နောက်ကလိုက်တာပေါ့ ခရာရဲ့။ လိမ္မာတယ်လို့ထင်နေတာများပြီ။ အံ့ပါရဲ့”





မျက်ရည်က ပိုးပိုးပေါက်ပေါက်ကျလာတော့၏။ အထင်သွဲ့တာကိုတော့ ထားပါတော့။ ဒါပေမဲ့ အခုလို ခရာ့ကိုပျစ်ပျစ်နစ်နစ်ပြောတာကတော့ လွန်နေတာပါလေ။ မလိမ္မာရလေအောင်ခရာက မိုက်များမိုက်မိလို့လား အစ်ကိုရယ်။

“ဒါက ဘာဖြစ်ရပြန်တာလဲ”

လမ်းလျှောက်နေရင်း ဆိုင်ချကျန်ခဲ့တာမို့ အစ်ကိုကခရာ့ကိုလှည့်ကြည့်လိုက်ပါ၏။ ထားခဲ့တော့ပေါ့။ ဒီလိုညီမမိုက်လေးကို မဆုံးမချင်တော့ရင် ပစ်ထားခဲ့ဖို့ပဲလိုတော့တာပါလေ။

“ခရာ ထစမ်း! ဒီလောက်ညမိုးချုပ်နေတာ၊ လမ်းမပေါ်ဒုတ်တုပ်ထိုင်စရာလား”

“ထဘူး”

“မထလို့ရမလား၊ အိမ်မှာ အန်တီချိုမျှော်နေတော့မယ်၊ ထဆို”

“အစ်ကိုက မဟုတ်တရုတ် စွပ်စွဲတာကိုးလို့”

“မဟုတ်ဘဲနဲ့စွပ်စွဲမလား။ ညည်းအနေအထိုင်မတတ်တာကို မမြင်နိုင်တဲ့အန်တီချိုကိုယ်စား ငါမှမဆူရင် ဘယ်သူဆူလဲ. . . ပြော”

“မဟုတ်ပါဘူးလို့ ဒီလောက်ရှင်းပြနေတာကို မယုံဘူး



www.burmeseclassic.com

www.burmeseclassic.com



လားလို့''

''မယုံဘူး''

''အစ်ကို့လိုလူကမှ ခရာ့ကိုမယုံရင် ဘယ်သူက လာယုံပါ့မလဲ''

မျက်ရည်တွေကို လက်ခုံဖြင့်သုတ်လိုက်စဉ် အစ်ကိုက ခရာ့ရှေ့မှာ ဆောင့်ကြောင့်လေးထိုင်ချလိုက်လေ၏။ ခရာမျက်ရည်ကျတော့ရော အစ်ကို ခံနိုင်လို့လားလေ။

''ကြည့်! ငိုပြန်ပြီ၊ ဒီမျက်ရည်ကလည်း ကျကျနိုင်လွန်းတယ်''

''အစ်ကိုက ပြောတာကိုး''

''ပြောစရာရှိလာမှတော့ ပြောမှာပေါ့၊ ကိုယ့်ညီမကိုလာပိုးသမျှယောက်ျားတိုင်းကို ဘယ်လိုအစ်ကိုတွေကမှ မကြိုက်တာသိရဲ့သားနဲ့''

ညီမတဲ့လား။ အစ်ကို့မျက်စိထဲမှာတော့ ခရာ့ကို ဒီတစ်သက်လုံး ညီမလေးလို့ပဲမြင်သွားတော့မယ်ထင်ပါရဲ့။ မျက်စိရှေ့မှာ တဖြည်းဖြည်းအရွယ်ရောက်လာတဲ့ခရာ့ပြောင်းလဲမှုကို အစ်ကိုလုံးဝမတွေ့ဘူးပေါ့လေ။

လက်ကမ်းပေးနေပြီမို့ ထရပ်ဦးမှာပါပဲ။ ဒီလိုနွေးထွေးတဲ့





လက်တစ်စုံရဲ့ကမ်းလင့်မှုမျိုးကို အစ်ကို့ဆီကနေ ခရာမျှော်လင့်နေခဲ့တာ အမှန်ပါလေ။

အဖြူရောင်ဆိုတဲ့အရောင်သန့်သန့်လေးကို အစ်ကို ဘာအရောင်မှမစွန်းထင်းစေချင်ရင်လည်း ဒီအတိုင်းလေးပဲထားလိုက်ပါရစေ။ အခုလိုတွဲထူပေးမယ့်အခွင့်မျိုးကိုတော့ အစ်ကို့ထံမှ လိုချင်ပါသေးတယ်ရှင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

"ဘယ်လို"

"ဟုတ်တယ်၊ အဲဒီကျိုင်တက်သွားတာကို ကိုကိုသာ မာမို့ကိုတိုင်လိုက်ရင် ကျွန်တော်တော့ သေပြီဆရာပဲ"

ဘုရားရေ! သူနဲ့ဖွဲ့တို့ အခရာ့ဆီကိုရောက်ခဲ့တယ်တဲ့လား။ အံ့ဩဖွယ်ကောင်းလေစွ။ ယုစောပြန်တဲ့အချိန်ပိုင်းလေးအတွင်းမှာ အခရာ့ရှေ့မှောက် သူရောက်သွားရတယ်လို့။

"ကျွန်တော်ဖြင့် ထင်တောင်ထင်မထားဘူး မယုရာ။ ဘယ်လိုဖြစ်ပြီး ကျွန်တော့်ကောင်မလေးကို ကိုကိုမြင်သွားရတာလဲဗျ"

"ဟဲ့! ငါ့ဆေးခန်းမှာလာတွေ့မှတော့ သူမြင်ပြီပေါ့ ဖွဲ့ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



အခရာက လူပဲဟာ၊ သူမမြင်အောင် ဝါဘယ်လိုဝှက်ထားလို့ရပါ့မလဲ၊ အဓိပ္ပာယ်ရှိအောင်လည်းပြောဦး''

''မသိတော့ဘူးဗျာ၊ ဒီမှာလည်း ခေါင်းထဲထူပူနေပြီ။ ဘာလုပ်လို့ဘာကိုင်ရမှန်းမသိတော့ဘူးဗျာ။ မယုကို သူအပြတ်ပြောပြီးပြီဆိုတာ ဟုတ်လား''

အပြတ်တဲ့။ ဘာလို့များ ဒီစကားလုံးကိုသုံးလိုက်တာလဲ ဖွဲ့ရယ်။ အပြတ်ဆိုတဲ့စကားအတိုင်း ပြတ်ပြတ်သားသားသူပြောရက်ပြောထွက်ခဲ့တာလေ။

''တွေ့တော့လည်း ဘာမှငြင်းဆန်စရာမရှိအောင်ပြည့်စုံလွန်းလို့ ငြင်းရမှာ အားနာမိတာတကယ်ပါပဲ။ ဒါပေမဲ့ အားနာနာနဲ့ပဲ ငြင်းချင်ပါတယ် ယုသီဂီ။ ကျွန်တော် ယုသီဂီကိုဘယ်လိုမှ စိတ်မဝင်စားတဲ့အတွက် မေမေတို့စီစဉ်ပေးချင်တာကို ဖျက်ပါရစေ''

အဘယ်မျှ ရင်ကိုအောင့်စေတဲ့စကားလုံးတွေပါလဲ။ စိတ်မဝင်စားဘူးတဲ့။ ပွင့်ပွင့်လင်းလင်းနဲ့ ဒဲ့ကိုဆော်တော့တာပါလေ။ ငြင်းစရာမရှိအောင်ပြည့်စုံမှန်းသိထားပါလျက် အဘယ်သို့သော တွန်းအားတွေကြောင့် ယုကို သူအားမနာစတမ်း ငြင်းပယ်ရတာပါလဲ။ ဩော်. . . ကိုနေရယ်။





''ဟုတ်. . . ဟုတ်တယ်''

''အခရာ့ကိုရော''

''အခရာ့ကိုစိတ်ဝင်စားမိတာကို ဝန်ခံပါတယ် ယုသီဂီ၊ ဘယ်လိုမိန်းကလေးမျိုးကိုမှ လက်သင့်ခံဖို့စိတ်ကူးမျိုး ကိုယ့်မှာလုံးဝမရှိခဲ့ဘူး။ ဒါပေမဲ့ အခရာ့ကိုတော့ မြင်မြင်ချင်း တစ်ခါမှမဖြစ်ဖူးတဲ့စိတ်လှုပ်ရှားမှုမျိုးနဲ့ ကျွန်တော်ချစ်မိခဲ့ရတာပါ''

အဲဒီနေရာမှာ ယုသာဖြစ်လိုက်ရင် အဘယ်မျှကောင်းလိုက်မလဲ။ တာဝန်ကျရာနေရာမှာ ကိုယ်မဝင်ဖြစ်ရင် လူစားရဲ့ပြီး အစားဝင်ရသလိုမျိုး အချစ်ရေးမှာလည်း လူစားထိုးပြီး ချစ်လို့ရရင် ကောင်းမှာပဲနော်။ ကလေးကလားအတွေးမျိုးက တည်ငြိမ်လေးနက်သည့်ဦးနှောက်ထဲကို ဘယ်လိုဖြစ်ပြီး ဝင်လာခဲ့ရတာပါလိမ့်။

''သူစိတ်ဝင်စားနေတယ်လို့ ယုကို သူဝန်ခံသွားတယ်''

''ဟာဗျာ! မယုက ကျွန်တော့်အကြောင်းမပြောလိုက်ဘူးလား''

ပါးပြင်ထက်သို့ မျက်ရည်က စီးကျသွားပါ၏။ ရုံးခန်းထဲမှာပဲ Phone နဲ့ပြောနေတာမို့ လူတွေမမြင်အောင် အမြန်သုတ်လိုက်ရပါသည်။ အချစ်ဆိုတာ ဒီလိုပဲ လူမသိသူမသိမျက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ကျစေတဲ့ကျိန်စာလေလားကွယ်။

"ခွဲ. . . ခွဲလာမပြောခင်ကတည်းက သူ ယုကိုပြောခဲ့ပြီးသားပါ"

"ကျစ်!. . . ခက်လိုက်တာကွာ"

ယုအတွက်က ပိုခက်ခဲတာပေါ့ခွဲရယ်။ ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်အောင် ကျွမ်းကျင်ပိုင်နိုင်ပေမယ့် အချစ်ရေးမှာတော့ ခွဲပြောသလို ခကွေးတောင်မရေးတတ်တဲ့အဆင့်ပါပဲ။ အခရာနဲ့ ယှဉ်ရင် ကိုယ့်ကိုယ်ကို နိမ့်ကျနေလိမ့်မယ်လို့ တစ်ခါမှယောင်လို့တောင်မှ မတွေးခဲ့ဖူးတာလေ။

"ကျွန်တော်ဘာဆက်လုပ်ရမလဲ၊ ကိုကိုနဲ့ဒီလိုထိပ်တိုက်ရင်ဆိုင်နေရတာ ခက်နေသလို။ ပြီးတော့ အခရာ့မှာ အစ်ကိုဆိုတဲ့လူက ပြိုင်ဘက်ရှိနေပြီဗျ"

"အစ်ကို"

"အင်း"

လာပြန်ပြီ ဒီ'အစ်ကို'ဆိုတဲ့စကား။ ဘာပဲဖြစ်ဖြစ် အခရာသာ အဲဒီအစ်ကိုဆိုတဲ့လူနဲ့သာ ရွေးချယ်လက်တွဲဖြစ်ခဲ့ရင် သူတို့ညီအစ်ကိုနှဲ့ဘာမှပြဿနာဖြစ်စရာမှ မလိုအပ်တော့ပါလေ။ သို့သော် ဆရာတပည့်ဖြစ်ခဲ့တဲ့စည်းက အခရာနဲ့ထိုလူကို အဝေးကြီး





ပိုင်းခြားထားနိုင်တာ အသိသာကြီးပါပဲ။

"မယုသိလား"

"သိတယ်"

"ဘယ်လိုမျိုးတဲ့လဲ"

"အခရာ အလယ်တန်းလောက်ကတည်းက စာပြပေးခဲ့တာတဲ့"

"ဒါဖြင့် ရိုးရိုးသားသားအစ်ကိုမျိုးပေါ့။ တော်ပါသေးရဲ့ မယုရာ။ ကိုကိုနဲ့ပြိုင်ဘက်ဖြစ်နေရတာ စိတ်ပူနေရလို့ တခြားလူနဲ့သာပြိုင်ရရင် သေပါရော"

"ကွယ်. . . ခွဲကလည်း ဒီလောက်များတဲ့လူက ညည်းရတယ်လို့"

"မတူဘူး မယုရဲ့၊ ကျွန်တော့်ဝန်းကျင်မှာ ရှိသမျှဆေးဆိုးပန်းရိုက်တွေချည်းပဲ။ အခရာ့လို နဂိုယဉ်တဲ့မိန်းကလေးက ပတ္တမြားလို့ရှားပါးတဲ့ရတနာလေးဗျ"

ဟုတ်ပါတယ်။ ခွဲတင်စားသလို အဖိုးတန်ပတ္တမြားလေးပါလေ။ မြင်တတ်တဲ့လူအတွက် တန်ဖိုးထားစရာမိန်းမပျိုကလေးပါ။ အပေါ်ယံအလှအပပစ္စည်းတွေနဲ့ ဖုံးကွယ်ဟန်ပြထားတာမျိုး မရှိဘဲ ပကတိနဂိုအလှမျိုးကို အခရာ ပိုင်ဆိုင်ထားမှန်း ယုအသိ



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပါလေ။

ဒါကို သူလည်းမြင်လို့ အခရာ့ကိုစိတ်ဝင်တစားဖြစ်ပြီး ချစ်မိတာပဲထင်ပါရဲ့။ မြင်လည်းမြင်တတ်တာလေ။ ညီအစ်ကိုနှစ်ယောက်စလုံးက ဒီကောင်မလေးတစ်ယောက်တည်းကိုမှ အကြည့်လာဆုံရတယ်လို့။ ဘယ်ဘဝက ဆုတောင်းကောင်းခဲ့မှုကြောင့် ဒီလိုလူတွေရဲ့မေတ္တာတရားကို အပိုင်စားရခဲ့တာပါလဲ အခရာ။

"ကျွန်တော့်ကို နည်းနည်းပါးပါးအကြံလေးဘာလေး ပေးပါဦး မယုရဲ့"

သက်ပြင်းကိုကျိတ်ရှိုက်လိုက်မိပါ၏။ ဘာအကြံများပေးရမှာလဲ။ ယုကိုယ်တိုင်တောင်မှ ဘာတစ်ခုမှမကြံတတ်လို့ လက်မှိုင်ချနေရတာပါလေ။

"ဟာ! သက်ပြင်းချည်းချနေပြီလားဗျ"

"တတ်မှမတတ်နိုင်တာ"

"နည်းနည်းပါးပါးကြံပါဦး မယုရ။ ကျွန်တော်တို့ငယ်ငယ်က အမြဲကြည့်ခဲ့တဲ့ Tom and Jerry ကာတွန်းထဲကလို Tom ရော Jerry ပါ အမြဲအကြံဉာဏ်ထုတ်နေတာမဟုတ်လား"

ကြည့်စမ်း! လူစင်စစ်ကနေ ကြောင်နဲ့ကြွက်ဖြစ်ရတယ်လို့။ အဲဒီကာတွန်းကားကြည့်တိုင်း အမြဲနစ်နာရတဲ့ကြောင်လေး





Tom ကို ယုက နှစ်သက်ပေမယ့် ဉာဏ်များတဲ့ကြွက်ကလေး Jerry ကတော့ ဖွဲ့ရဲ့ Favourite ပင်မဟုတ်ပါလား။

"ငါက Tom လား"

"ဒါပေါ့၊ သခင်မျက်နှာသာပေးတာကို အမြဲလိုချင်တာ မဟုတ်လား။ ဒီလိုပဲ မယုလည်း ကြံသင့်တယ်"

"ငါကြားဖူးတာတော့ 'မမလေးကိုခိုးဖို့ လူဆိုးတွေနဲ့ မောင်တိုင်ပင်'လို့ပဲ ကြားဖူးတာ"

"ဟုတ်တယ်လေ၊ အခုလည်း အခရာနဲ့နီးဖို့ မယုနဲ့ ကျွန်တော်တိုင်ပင်နေတာပဲဟာ"

"ကြည့်စမ်း! ကောင်စုတ်လေး။ ငါက အချောင်လူဆိုးဖြစ်ရပြီ"

ဖွဲ့က ပေါ့ပေါ့ပါးပါးလေး ရယ်လိုက်လေ၏။ (၂၀)ကျော်အရွယ်လေးပေမယ့် ဖွဲ့စိတ်က ပေါ့ပါးလွတ်လပ်နေသလိုပါပဲလေ။ ဒီအရွယ်မှာမှ တွေ့ရတဲ့ချစ်ခြင်းက ရင်ထဲမှာလောင်မြိုက်တဲ့မီးလို ပူပြင်းနေတာအမှန်ပါပဲ။ ဘဝမှာ ဘယ်လိုအမှားမျိုးမှမရှိရလေအောင် ကိုယ့်ကိုယ်ကို ထိန်းချုပ်ရှင်သန်နေထိုင်လာခဲ့တဲ့ယုသိင်္ဂီကို အဘယ်သို့သောနာကျင်မှုကိုများ လက်ဆောင်ပေးရပါသလဲ တကြမ္မာရယ်။



www.burmeseclassic.com

www.burmeseclassic.com



"မယုက အခရာနဲ့ပိုရင်းနှီးတဲ့လူလေ"

"ဟုတ်ပါတယ်၊ ယုလည်း ဖွဲ့အတွက် အခရာ့ကိုပြော ပေးတာပဲ"

"ဒီတော့"

"Impossible တဲ့"

"ဟာဗျာ"

"သူက အပျော်ရှာတဲ့အဆင့်မျိုးမဟုတ်ဘူးလို့ ယုကို ပွင့်ပွင့်လင်းလင်းပြောတာပါ"

"ကျွန်တော်က အပျော်မှမဟုတ်တာ"

"အေးလေ၊ ဒါပေမဲ့ ဘယ်လိုလုပ်ယုံရဲပါ့မလဲဖွဲ့ရဲ့။ လော လောဆယ်မှာ သူ့အမေမျက်စိခွဲဖို့စိတ်ပူနေတာမို့ ဖွတ်ကြီးပြော လို့လည်း မဖြစ်ဘူးလေ"

"သူ့အမေ"

"အင်း"

"ဒါဆို သမီးကိုပိုင်ချင်ရင် အမေ့ကိုကပ်ရမှာပေါ့"

"လုပ်ပြန်ပြီ၊ ငွေကြေးတော့ ကူညီဖို့လုံးဝစိတ်မကူးနဲ့ နော်"

"ဘာဖြစ်လို့လဲ"





"ယုကူညီမယ်ဆိုတာတောင်မှ သူလက်မခံတာ။ ဖွဲ့လို သူစိမ်းဆို သာတောင်ဝေးဦးမယ်။ သူ့အစ်ကိုမိသားစုကူညီတာ ကိုတောင် ချာတိတ်မက ခေါင်းညိတ်လေရဲ့"

"ကျစ်! ရုပ်ရှင်တွေထဲကလို အဲဒီအစ်ကိုဖြစ်သူကို သူ့ ဘေးနားကပျောက်သွားအောင် လုပ်ကြံရမလိုဖြစ်နေပြီ။ ကြည့် မရတော့ဘူး"

"ဟဲ့! ပေါက်ကရလျှောက်လုပ်မနေနဲ့ဦး"

"စကားအဖြစ်ပြောတာပါဗျ၊ တကယ်လုပ်ပါ့မလား။ ဒါ ဆိုဒါပဲနော် မယု။ အကြံရရင် ကျွန်တော့်ဆီ Phone ဆက်ဖို့ မမေ့နဲ့ဦး"

"အေးပါ"

Phone ပိတ်လိုက်ပါ၏။ သူ့ဘေးနားက ပျောက်သွား အောင် လုပ်ကြံမလို့တဲ့လေ။ ဟုတ်မှာပေါ့၊ ဘယ်သူမဆို ကိုယ် လျှောက်မယ့်လမ်းမှာ ပိတ်နေတဲ့အတားအဆီးမှန်သမျှကို ဖြတ် ကျော်ဖို့အတွက် ရှင်းပစ်ရတာပဲမဟုတ်လား။ ဒီလိုမျိုးအကြံဆိုး ဆိုးတွေထုတ်ရမှာမို့ လိပ်ပြာမလုံမှာ အမှန်ပါလေ။

ဒါဆိုရင် ဖွဲ့ရဲ့နည်းလမ်းအတိုင်း ယုလည်းအလိုက်သင့် လေး လိုက်လျှောက်လိုက်ရင် အဆင်မပြေဘူးလားယုသိဂ်၊ အဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီအစ်ကိုဆိုသူနဲ့ အခရာ့ကို ချစ်သူတွေပဲ ပြောလိုက်ရင် အလွယ်လေးပါ။ အဲဒါဆိုရင်ကော ယုရင်ထဲမှာရှိနေတဲ့ကိုနေက ယုရဲ့အဆုံးဆုံးကို ရောက်လာပါ့မလား။

ရင်မောရပါလားကွယ်။ ကိုနေ့ကို ဒီ့ထက်ပိုပြီးရင်းနှီးယင်သက်ချင်သမျှ ဘာကိုမှချိန်ဆလို့ မရနိုင်သလိုပါလေ။

"ဟောတော်! သက်ပြင်းတွေ ချလှချည်လား ယုရဲ့ ဘာတွေရင်မောနေတာလဲ"

"ဩော်. . . မာလာ၊ Operation OK ရဲ့လား"

"OK တယ်၊ Twins ကွ။ Baby boy နဲ့ Baby girl ပေါ့။ အရမ်းကိုချစ်စရာကောင်းတယ်။ အသားလေးတွေ ဖွေးဖွေးနေတာပဲ"

"ရုပ်ဆင်လား"

"ဆင်တယ်၊ မိန်းကလေးက မျက်နှာပိုင်းပြီး ယောက်ျားလေးက မျက်နှာရှည်တယ်လေ"

ကလေးထွားလို့ မမွေးနိုင်တဲ့မိခင်ကို အောင်မြင်စွာခွဲမွေးပေးနိုင်တာမို့ မာလာ့မျက်နှာမှာ အပြုံးတွေဝေဆာနေတာပါလေ။ အရင်ကဆို ဒီလိုမျိုး ကိုယ်ကိုယ်တိုင်မွေးပေးနိုင်တဲ့ကလေးရဲ့ရဲ့ဖြူစင်တဲ့မျက်နှာလေးကို ကြည့်မိတိုင်း စိတ်ရောကိုယ်ပါ ချမ်းမြနေရတာပါ။

အခုတော့ အချစ်ဆိုတဲ့အပူမီးက ယုရဲ့ရင်ထဲမှာ ကိန်းအောင်းခိုရောက်နေပြီမို့ ရင်ထဲမှာ မအေးချမ်းတော့ပါလေ။ ဒါကြောင့်မို့ အချစ်ဆိုတာကို 'မီး'နဲ့နှိုင်းယှဉ်ကြတာမဟုတ်လား။

"ဘာတွေ Feel ဖြစ်နေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး။ ဒီလိုပါပဲ"

"မျက်နှာက တဖြည်းဖြည်းနဲ့ သပြေရွက်ဖြစ်တော့မယ်၊ ဒါကိုမှ နင်ရင်မဖွင့်ရင် ဘယ်သူ့ကိုဖွင့်ပြနိုင်မှာလဲ"

ဟုတ်ပါတယ်၊ သူငယ်ချင်းဆိုလို့ ယုမှာ မာလာမြင့်တစ်ဦးတည်းသာ ရှိတာပါလေ။ ခါတိုင်းတော့ ဒီနွေခေါင်းရုံမှာ ဘာတွေဘယ်လိုအဆင်မပြေဖြစ်ရတယ်၊ ဘယ်လိုအခက်အခဲနဲ့ကြုံရတယ်၊ ခုတော့ ရယ်စရာကြီးဆိုပြီး ရင်ဖွင့်ပြောခဲ့တာ အခရာတစ်ယောက်တည်းပါလေ။

အရင်းနှီးဆုံးကလေး၊ ရင်ဖွင့်ဖော်အဖြစ် သတ်မှတ်မိခဲ့တဲ့အခရာ့ကို စိတ်ကွက်မိနေတာ မှန်ပါရဲ့လား။ ယုအမြင်မှားရလောက်အောင်လည်း ဒီကလေးမ အမှားတစ်ခုမှ ယုရှေ့မှာ မလုပ်ခဲ့တာပါလေ။ ဒီလိုဖြူစင်သူလေးကိုမှ ယုစိတ်ညစ်စိတ်မည်းတွေထားမိနေတာ ရှက်စရာပါပဲ။







www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာ ဒီလိုပဲ စိတ်တွေကို ညစ်ညူးအောင် ပြုလုပ်နိုင်စွမ်းရှိပါသလား။

"မင်းရဲ့ဘဲဘဲကြီးအခြေအနေကရော ဘယ်လိုလဲ"

ရင်ထဲအောင့်သွားရပါ၏။ ကိုနေနဲ့ယုက စေ့စပ်လက်ထပ်ဖို့အတွက် လူကြီးတွေစီစဉ်ပေးပေမယ့် ယုဘက်က ခေါင်းညိတ်ချင်တာပါလေ။ သို့သော် ရင်ထဲမှာရှိနေတဲ့အချစ်ကို မမြင်တဲ့ကိုနေကတော့ No ဆိုပြီး ငြင်းခဲ့တာပဲမဟုတ်ပါလား။

"ငါ...ငါ...အခုရော့ကို မနာလိုသလိုဖြစ်နေတာ မလား"

"Why?"

"ကိုနေရဲ့ချစ်ခြင်းက သူ့ဆီမှာ ပုံနေလို့ပါဟယ်"

"ဖြစ်ရလေ ယုရယ်၊ လူဆိုတာ ကိုယ့်မှာမရှိတဲ့အရာ တစ်ခုကို သူတစ်ပါးဆီမှာရှိရင် လိုချင်တတ်ပါတယ်။ အဲဒါ လောဘလို့ခေါင်းစဉ်တပ်လို့ရတယ် ယု။ နင့်ရင်ဘတ်ထဲက ဦးနှောက်ကိုသာအသုံးပြုပြီး ဆင်ခြင်တတ်ပါစေ သူငယ်ချင်း"

ပါးပြင်ထက်သို့ မျက်ရည်စီးကျသွားပါ၏။ 'လောဘ' လား။ ချစ်ခြင်းတစ်ခုက လောဘကိုပြောင်းလဲနိုင်သတဲ့လေး



## အခန်း (၁၈)

"ဘာပြောလိုက်တယ် သား"

"မေမေ့တူက ကျွန်တော်သဘောကျနေတဲ့ကောင်မလေးကို အတင်းလိုက်ကြိုက်နေတယ်လို့ပြောတာပါ"

"ဖွဲ့က"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်ရတာလဲ သားရယ်"

"ယုသီရိက ဖွဲ့တို့ရဲ့အိမ်ရှေ့မှာ နေခဲ့တဲ့လူတွေပါ။ အိမ်ပြောင်းပြီးပြန်တွေ့တာ သိပ်မကြာသေးသလို ယုသီရိရဲ့ဆေးခန်းကိုသွားပြီး အခုရာနဲ့တွေ့ခဲ့တာထင်တာပဲ"

"ဒုက္ခပါပဲ၊ ဖွဲ့က ဒီလောက်ကောင်မလေးတွေ အများ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရှိတဲ့ဟာကို။ ဘာဖြစ်လို့ သားကိုနှောင့်ယှက်ရတာလဲ''

စောစောစီးစီးကော်ဖီဝိုင်းမှာ ညီဖြစ်သူရဲ့အတင်းကိုပြော ရတာမို့ မကောင်းမှန်း သူသိပါ၏။ သို့သော် ဒီအဖြစ်အပျက်က အမှန်ပေပဲမို့ မေမေတို့သိအောင်တော့ ပြောရမှာပါလေ။

''သားအမိတွေ ဘာတီးတိုးတိုင်ပင်နေကြတာလဲ''

Duty ဝင်ရန် အဆင်သင့်ပြင်ပြီးသည့်ဖေဖေပါ ကော်ဖီဝိုင်းသို့ရောက်လာလေပြီ။ မေမေက ဖေဖေ့အတွက် ကော်ဖီကို ခွက်ထဲထည့်ပေးပြီးမှ သူ့ကိုငဲ့ပေးလေ၏။

''အခြေအနေဘယ့်လိုလဲ''

''ဘယ်လိုမှမလဲသေးပါဘူး''

''ငါ့သားဖြစ်ပြီး ညံ့ပါ့ကွာ''

''အစ်ကိုသားက ရဖို့နေနေသာသာ ဖွဲကပါ အဲဒီကောင်မလေးကို လိုက်ကြိုက်နေလို့တဲ့''

''ဟော! ဘယ်လိုဖြစ်ရတာလဲ''

မေမေဝင်ပြောပေးတာမို့ မျက်နှာပူရတာ သက်သာသွားပေမယ့် ဖေဖေက သူ့ကိုသဘောကျသလို ပြုံးစိစိပုံစံဖြင့် ကြည့်လိုက်လေ၏။ ဒီအရွယ်ကြီး ရည်စားဘယ်နှားရှိမှန်းတောင်မသိဘဲ မျက်စိကျနေတဲ့မိန်းကလေးက ဗီရိုထဲမှာရှိနေသေးတဲ့အရုပ်လေး





လို လူတကာလိုချင်ပြီး ဝိုင်းကြည့်နေသလိုမျိုးအဖြစ်နဲ့ တူနေသလိုပါလေ။

''ဘယ်လိုလဲ သားရဲ့၊ အခုမှ မီးခဲဖင်ခုထိုင်ရသလို ပူနေပြီလား''

''ဖေဖေကလည်း''

''ဘာဖြစ်လဲကွ၊ ပြိုင်ပွဲဆိုတာ ပြိုင်ဘက်ရှိမှ ပိုလှပြီး ဆုကလည်း တန်ဖိုးပိုရှိတာ''

''အခုရာက ဆုမှမဟုတ်တာ ဖေဖေရ''

''ကောင်မလေးကရော''

ခေါင်းကိုခါပြလိုက်မိ၏။ စိမ်းသက်သည့်အကြည့်နက်နက်တို့က ယခုတိုင် အေးစက်စက်အရိပ်ပုံစံမျိုးပါပဲ။ လူနာတွေကို စကားပြောနေတုန်းက အပြုံးမျိုးရှိပေမယ့် ရှားပါးလွန်းတာပါလေ။ ခပ်တည်တည်မျက်နှာပေး၊ ခပ်စိမ်းစိမ်းအကြည့်တို့ကာနေ ပျော့ပြောင်းနူးညံ့တဲ့အပြုံးကို မြင်ရဖို့ ခက်ခဲလွန်းလှပေစွ။

''သူ့ကိုချဉ်းကပ်ဖို့နေနေသာသာ ဒေးမှာ Body gard တစ်ယောက်ထပ်တိုးလာလို့ စိတ်ညစ်နေတာ''

''Bodygard!...''

''အင်း''



www.burmeseclassic.com

www.burmeseclassic.com



"တယ်ဟုတ်ပါလား၊ အခုမှပြိုင်ဘက်ပိုများတော့ ပွဲက ပိုလှတာပေါ့သားရ"

"မလှပါဘူးဖေဖေရာ၊ အဲဒီလူက သူနဲ့ငယ်ငယ်ကတည်းကခင်တဲ့ အစ်ကိုတဲ့လေ။ ဖွဲ့ကလည်း ယုသီဂီနဲ့အရမ်းခင်တဲ့လူမို့ အခြေအနေပိုကောင်းသလိုမျိုးပဲ၊ ဒုံးယောက်ထဲမှာ. . . ဟင်း"

သက်ပြင်းကိုသာ ဆောင့်ချလိုက်မိ၏။ တာစထွက်တည်းက သူက တတိယနေရာကနေ နောက်ချန်ပြီး လိုက်နေရသလိုပါလေ။ မတာရားသလိုဖြစ်နေတဲ့ပြိုင်ပွဲလိုပါပဲလား။

"ပြိုင်ဘက်ရှိမှတော့ ပြိုင်ရုံပေါ့ နေဝန်းရယ်။ အဓိကက မင်းကောင်မလေးရဲ့ခေါင်းတစ်ညိတ်ပဲမဟုတ်လား။ သူခေါင်းညိတ်အောင် ကြိုးစားနိုင်ရင် OK မှာပေါ့"

"မလွယ်ပါဘူးဖေဖေရယ်၊ အခုရာက ကျွန်တော်တို့ကို ငွေရှိတဲ့လူတွေဆိုပြီး အထင်မကြီးသလို ခပ်တင်းတင်းမျက်နှာနဲ့ လေသံမာမာမျိုးပဲပြောတာဗျ"

"ကြိုက်တယ်"

"ဗျာ!"

"အဲဒီလိုမာနမျိုးကို ကြိုက်တယ်လို့ပြောတာလေ။ လူချမ်းသာတွေကိုမြင်တာနဲ့ အရောင်တဖျပ်ဖျပ်လက်နေတဲ့မျက်လုံး





မျိုးကြည့်ပြီး ရေလာမြောင်းဖောက်လုပ်တဲ့မိန်းမတွေ ဒီခေတ်ထဲမှာ ပေါကပေါနဲ့"

"ရေလာမြောင်းပေးပါ အစ်ကိုရယ်"

"မြောင်းပေးရုံမှမဟုတ်တာ အေးရဲ့. . . မြောင်းကြီးကို ဖောက်ပေးတာမျိုး"

ပြုံးစရာစကားပြောနေမှန်းသိပေမယ့် မပြုံးမိ။ သက်မကိုသာ ခပ်ပြင်းပြင်းရှိုက်လိုက်မိလေ၏။ အခုမှ ငယ်ငယ်တုန်းက တာကျက်နေစဉ် ဒီလ,ပထမရရင် စက်ဘီးဝယ်ပေးမယ်ဆိုပြီး ငကို မက်လုံးပေးသလိုမျိုးဖြစ်နေတာလေ။

မင်းကိုပိုင်ဆိုင်ခွင့်ရဖို့ အခက်အခဲတွေက ဘယ်လောက်ထိ များနေဦးမှာလဲ အခရာ။

"ကျွန်တော်သွားဦးမယ်"

"ဘယ်ကိုလဲ သားရဲ့"

"ကုမ္ပဏီကိုပေါ့ ဖေဖေရဲ့၊ ဘယ်ကိုသွားရမှာလဲ"

"တော်သေးတာပေါ့၊ မသိပါဘူး၊ ငါ့သားခေါင်းထဲမှာ ကုမ္ပဏီကိစ္စတွေမရှိဘဲ အခရာနဲ့ပြည့်နေပြီလားလို့ပါ"

'ခေါင်းထဲမှာမဟုတ်ဘဲ ရင်ထဲမှာပြည့်နေတာပါ'ဟု သူမပြောဖြစ်။ ဖေဖေတို့ရှေ့မှာ ဒီလိုကလေးကလားစကားမျိုး ပြော



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဖို့ သူမရဲဝံ့ပါလေ။

ကားကိုခပ်ဖြည်းဖြည်းမောင်းထွက်လာခဲ့ပါ၏။ နီစွရွှဝ ဖြတ်သန်းနေတဲ့ နေ့စဉ်နေ့တိုင်းရဲ့အချိန်ဇယားက ပြည့်နေပေမယ့် အဲဒီဇယားထက် မင်းကပိုပြီး အရေးကြီးနေတာပါ အခရာ။ အိမ်ထောင်ပြုဖို့ လုံးဝမစဉ်းစားဘူးဆိုပြီး ကျင်းထားတဲ့စိတ်ကြီးကို မြေပေါ် ဘုတ်!ခနဲပြုတ်ကျသွားရလေအောင် ပြုစားနိုင်စွမ်းရှိတဲ့ အရာက 'ချစ်ခြင်း' တဲ့။

ကျောင်းတက်တုန်းက သူငယ်ချင်းတွေ ရည်းစားထားကြတိုင်း သူပြောခဲ့တဲ့စကားတစ်ခွန်းက 'ချစ်. . . ချစ်၊ အဲဒီအချစ်နောက်မှာ အပြစ်တွေအမုန်းတွေ ဆက်လိုက်လာလိမ့်မယ်' ဆိုတာပါပဲ၊ သူပြောခဲ့သလို အဲဒီအတိုင်းအပြစ်တင်ပြီး မုန်းကာ လက်တွဲဖြုတ်ကျောခိုင်းသွားကြတာပါလေ။

မရရင်သေရပါတော့မယ်ဆိုပြီး ဖျပ်ဖျပ်လူး သည်းသည်းလှုပ်ပြတတ်ကြတဲ့ အချစ်ရူးတွေကို သူက ဟားတိုက်လှောင်တတ်တဲ့ရယ်သံနဲ့ အထင်တသေးဖြစ်ခဲ့တာအမှန်ပါ။ အခုတော့ အဲဒီဝဋ်တွေကို သူကောင်းကောင်းကြီးလည်နေသလိုပါပဲ။

မင်းကိုမှမပိုင်ဆိုင်ရရင် ကိုယ်ရူးသွားနိုင်တယ် အခရာ။ တကယ်ပါ။





"ဘုရား!"

ကားကိုတရိတ်နင်းမိမလိုဖြစ်သွားပြီးမှ သတိထားလိုက်ပြီး အရှိန်လျှော့လိုက်ရပါ၏။ နှလုံးသားဆီမှ ဒုတ်ခနဲအချက်ပြသံက အကျယ်ကြီးပါလေ။ ကားဂိတ်မှာစောင့်နေသည့်သူမကို မြင်လိုက်ရသည့်သူ့အမြင်က တယ်စူးနေသလိုပါပဲလား။

"အခရာ"

"ရှင်. . . ဟင်"

ခေါ်သံကိုယောင်ယမ်းပြန်ထူးပြီး လှည့်ကြည့်စဉ် အံ့ဩဟန်က အပြည့်ပါလေ၊ သူမခပ်တင်းတင်းဆုပ်ကိုင်ထားသည့် လက်မောင်းကတော့ သူမအမေပဲထင်ပါရဲ့။

"ဘယ်သွားမလို့လဲ"

"ဆေးရုံ. . . အဲ"

"ဘယ်သူလဲ သမီး"

"ဟိုလေ၊ မမရဲ့မိတ်ဆွေ"

"ဘယ်ဆေးရုံသွားမှာလဲ အခရာ၊ ကိုယ်လိုက်ပို့ပေးပါရစေ"

"နေပါစေရှင်၊ အခရာတို့ Taxi နဲ့ပဲသွားမှာပါ"

"Taxi ကစောင့်ရင် ကြာဦးမှာ အခရာ၊ လမ်းကြိုနေတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ။ ကိုယ့်ကားနဲ့ပဲ လိုက်ခဲ့ပါ"

"အားနာလို့ပါသားရယ်"

"အားမနာပါနဲ့ အန်တီ၊ ဒီလောက်လေး ကူညီတာ ဘာမှမခက်ခဲပါဘူး။ အန်တီ့မျက်စိများ. . ."

"ဟုတ်တယ်သားရဲ့၊ အန်တီမျက်စိခွဲစိတ်ဖို့အတွက် သွားမလို့ပါ"

"ဒါများ အခရာရယ်၊ စောစောကတည်းက ပြောရှော့ပေါ့။ ကိုယ့်မေမေတစ်ယောက်လုံး ရှိနေတာကို။ လာ. . . တက်"

"ရှင်! ဟို. . . ဟို"

"တက်ပါအန်တီ၊ ခေါင်းသတိထားနော်"

သူမကြောင်စီစီဖြစ်နေစဉ် အန်တီ့ကို သူကတွဲပြီးခေါ်ပြီး ကားနောက်ခန်းထဲထိုင်ခိုင်းပြီးပြီမို့ သူမမျက်နှာလေးက နီရဲနေချေပြီ။ ကားထဲမဝင်သေးဘဲ သူ့ကိုစူးခနဲကြည့်လိုက်လေ၏။

"ဒါက မပြောမဆိုနဲ့ ဘာလုပ်တာလဲ"

"မျက်စိခွဲဖို့ဆို အခရာရဲ့"

"အဲဒါ ခရာ့ကိစ္စပါ"

"ဟုတ်တယ်လေ၊ အခရာ့ကိစ္စက ကိုယ့်ကိစ္စအတူတူပဲပေါ့။ သွားတော့မယ်နော်၊ ကျန်ရစ်ခဲ့မလို့လား"





"ရှင်. . . ရှင်"

ကားပေါ်တက်၊ စက်နှိုးနေပြီမို့ သူမဘာမှဆက်မပြောနိုင်တော့ဘဲ ဒေါသတွေ ကျိတ်ထွက်နေလေ၏။ သူမသိယောင်ဆောင်လိုက်ပြီး ကားမောင်းထွက်လိုက်သလို မေမေ့ဆေးရုံရှိတဲ့ လမ်းကြောင်းကိုပြောင်းလိုက်ပါသည်။ Phone ဖွင့်ကာ မေမေ့ထံ Phone ဆက်ရဦးမှာပါလား။

"သား. . . ပြော"

"ဆေးရုံရောက်ပြီလား မေမေ"

"အေး. . . အခုပဲရောက်တယ်"

"Operation လူနာ List, များလားမေမေ"

"အေး. . . ဒီနေ့တော့ ဆယ်ဦးစာလောက်ရှိမယ်။ ဘာဖြစ်လို့လဲ"

"အခရာ့မေမေခွဲဖို့ပါ မေမေ၊ ကျွန်တော်အခုခေါ်လာနေပါပြီ"

"ဒါဆိုလည်း အခန်းယူထားပေးမယ်လေ၊ အခုချက်ချင်းမခွဲဖြစ်သေးလည်း List ယူထားပေးပြီး နောက်ရက်မှခွဲလည်း ဖြစ်တာပဲသားရဲ့။ No problem! "

"ဟုတ်ကဲ့ပါ မေမေ"



www.burmeseclassic.com

www.burmeseclassic.com



သူ Phone ပိတ်လိုက်စဉ် အခရာက သူ့နောက်ကျော ခုံကိုကပ်ပြီး ပြောလိုက်လေ၏။ ဒေါသတွေမျိုချနေရတာမို့ အခရာမှပဲ အသံထွက်တော့တာကိုး။

''ဒီမှာရှင့် မေမေ့ကို မမဖေဖေရဲ့ဆေးရုံမှာခွဲဖို့ ပြောထားတယ်''

''ဘယ်မှာပဲကုကု အတူတူပါပဲ အခရာ။ ဘာဖြစ်လို့လဲ''

''သားဖေဖေလည်း ရိုးရိုးဆေးရုံမှာပဲလား''

''ဟုတ်ပါတယ် အန်တီ''

''ဘာဖြစ်လဲ သမီးရဲ့၊ အတူတူပဲဆိုရင် ဘယ်မှာပဲခွဲခွဲပေါ့''

''မေမေဘာမှမသိပါဘူး''

''မသိလို့. . . သိတဲ့လူခေါ်တဲ့နောက်ကို လိုက်ရတာပေါ့ အခရာရယ်။ သမီးမမက တခြားဆေးရုံမှာမဟုတ်လား။ အခုလိုကူညီတာ ကျေးဇူးအများကြီးတင်ပါတယ်သားရယ်''

''ရပါတယ် အန်တီ၊ ကိစ္စမရှိပါဘူး''

ပုဂ္ဂလိကဆေးရုံကြီးရှေ့ ကားရပ်လိုက်စဉ် မျက်စိမမြင်ရသည့်အန်တီက ဘာမှမဖြစ်ပေမယ့် အခရာကတော့ မျက်စိမျက်နှာပျက်နေချေပြီ။ Sorry...ပါ အခရာ၊ ဖွတ်တရွတ်နိုင်မယ်မှန်း





ကိုယ်သိနေပါတယ်။ ဒါပေမဲ့ ကုသိုလ်ရမယ့်အရေးမို့ အပြစ်မတင်ချင်ပါနဲ့လား။

''မင်္ဂလာပါရှင်''

''ဒေါက်တာနေသွေးရဲ့ Patient ပါ''

''နာမည်စာရင်းပေးပြီးသားလားရှင်''

''အခုမှပေးရမှာပါ၊ ဖေဖေကတော့ အခန်းတစ်ခန်းအရင်ယူဖို့ မှာထားပါတယ်''

''ဪ. . . ဟုတ်ပါတယ်၊ ခုနပဲ သမားတော်ကြီးက Phone ဆက်ထားပါတယ်ရှင့်။ ခဏလေးနော်၊ လိုအပ်တာတွေဆောင်ရွက်ပေးပါ့မယ်''

''ကျေးဇူး''

တာဝန်ကျနာစ့်မလေး၏အကူအညီဖြင့် ဆေးရုံတက်ရန် အခန်းကြိုယူပြီး လူနာအမည် အသက်နှင့်နေရပ်လိပ်စာတို့ကို တစ်ခွန်းချင်းမေးသမျှ သူလှည့်မေးရင်း ခပ်သွက်သွက်ဖြည့်လိုက်ပါ၏။ Wheelchair ဖြင့်လာကြိုတာမို့ အန်တီ့ကိုထိုင်ခိုင်းပြီး ခေါ်သွားစဉ် အခရာက သူ့အကျီလက်မောင်းစကို လာဆွဲကိုင်လိုက်လေသည်။

''ဦးနေဝန်းနီ''



www.burmeseclassic.com

www.burmeseclassic.com



"ရန်တွေ့ချင်ရင် နောက်မှပဲတွေ့ပါ အခရာ။ အန်တို့ Case က မပြီးသေးဘူး။ Test လုပ်ဖို့တွေရှိသေးတယ်။ လာ"

မှန်ကုပ်ကုပ်ဖြင့် လိုက်လာသည့်အခရာက နှုတ်ဆိတ်နေပါ၏။ ဖေဖေထိုင်သည့်ရုံးခန်းရှေ့မှာ ရပ်လိုက်စဉ် ဦးဆုံးလူနာမို့ ဖေဖေ့ခေါ်သံထွက်လာလေသည်။

"ဝင်ခဲ့ပါ၊ ဒေါ်ချိုချိုခိုင်နော်၊ သမီးက အမေတူသမီးလေးပဲကိုး"

ဖော်ရွေစွာကြိုဆိုလိုက်သည့်ဖေဖေ့စကားကြောင့် အန်တီ့အပြုံးက ချိုနေလေ၏။ စိတ်ရှည်လက်ရှည်ဖြင့် မေးသည့်မေးခွန်းတွေကို အန်တီကိုယ်တိုင်ဖြေနေသလို နောက်နှစ်ရက်မှ ဒုတိယ စိတ်ရန် လူနာကိုအနားယူဖို့ ခွင့်ပြုလိုက်လေသည်။

"ရပါပြီ၊ နားပါတော့ ဒေါ်ချိုချိုခိုင်၊ သမီးလာစောင့်ဖို့ မအားသေးရင် Special Nurse ငှားပေးလိုက်ပါသား"

"ဟုတ်ကဲ့ပါ ဖေဖေ"

အခရာ့ထံမှ မျက်စောင်းက သူ့ထံသို့ရောက်လာတော့၏။ မျက်စောင်းလေးလည်း လှပါလားနော်။



**အခန်း (၁၉)**

စိတ်တိုတယ်နော်. . . စိတ်တိုတယ်။ ရန်တွေ့ချင်ရင် နောက်မှလိုကြိုး ပြောထားတာမို့ ခရာ့စိတ်ကိုထိန်းပြီး လျှော့ထားရတာလေ။ ရှင်ဘယ်လိုလူပါလဲ ဦးနေဝန်းနီ။

မေမေ့မျက်စိမခွဲခင်ကစပြီး ခွဲပြီးတစ်ပတ်ကြာတဲ့နေ့ထိ တုန်ကျစရိတ်ကို ခရာက တစ်ပြားမှမပေးရပါချေ။ ဒီလောက်ဈေးကြီးတဲ့ပုဂ္ဂလိကဆေးရုံမှာမှ မေမေ့မျက်လုံးကိုခွဲပေးရတယ်လို့။ အလုပ်မဆင်းဖြစ်တဲ့ အစ်ကိုတို့ခြံထဲမှာလည်း အလုပ်မလုပ်တာ တစ်ပတ်ရှိနေချေပြီ။

ဆေးရုံနဲ့အိမ်ကိုသွားလာနေရတာမို့ ပင်ပန်းပေမယ့် မေမေ့ Special room မှာတော့ အားရှိတဲ့အိုဟာတင်းတွေ၊ Anlene

www.burmeseclassic.com



နို့မှုန့်တွေ၊ Cake တွေ၊ သစ်သီးတွေ၊ အားဆေးတွေကတော့ တစ်ပုံကြီးပါပဲ။ ဆေးရုံအုပ်ကြီးရဲ့လူနာဆိုပြီး Nurse တွေကအဆ ဂရုတစိုက်ရှိကြတာမို့ အားနာမျက်နှာပူလိုက်တာ မပြောပါနဲ့လေ။

"သမီး အခရာ"

"ရှင်, မေမေ"

"ဒီနေ့ မေမေ့မျက်စိဖြည်မှာဆို၊ ဟုတ်လား"

"ဟုတ်တယ်မေမေ"

"အင်း. . . သမီးဆရာမလေးရဲ့မိတ်ဆွေက အရမ်းကို သဘောကောင်းလိုက်တာကွယ်။ မနက်တစ်ကြိမ်ညနေတစ်ကြိမ် မေမေ့ကိုလာတွေ့ပြီး လိုအပ်တာတွေဝယ်ပေးခဲ့လို့ အားနာလိုက်တာ"

မမရဲ့မိတ်ဆွေတဲ့။ မိတ်ဆွေဆိုတာထက် စေ့စပ်ထားမယ့်သူဆိုရင် ပိုမှန်မှာပါလေ။ ဒါကိုသိထားပါလျက် သူကူညီနေသမျှကို ခရာတို့လက်သင့်ခံနေတာ ဖြစ်သင့်ပါသလား။ မမကို ခွင့်ယူပါရစေဆိုပြီး သူနဲ့ဆက်နွယ်တဲ့ခွဲစိတ်ကိစ္စကို ဖွင့်မပြောဘဲ နှုတ်ဆိတ်ထားရတာပါ။

ဒီကိစ္စကိုသာ မမသိသွားရင် ဘယ်လိုလုပ်ရမှာလဲ၊ ဆေးရုံရောက်လာတဲ့နေ့ကစပြီး နောက်ရက်တွေမှာ သူနဲ့တစ်ခါမှမတွေ့





ရတော့တာပါလေ။ မနက်စောစော ခရာ အိမ်ပြန်ရေချိုး ညနေ ရေမိုးချိုးပြီးလာရင် သူကပြန်သွားပြီတဲ့လေ။ ဘယ်လိုလဲ၊ ခရာ စိတ်ဆိုးနေတာကို သိနေလို့ပဲလား။ ဒါမှမဟုတ် သူတမင်တကာ ပဲ ခရာ့ကိုရှောင်တာလည်းဖြစ်နိုင်တာပါလေ။

ဘာဖြစ်လို့ပါလဲ၊ တကယ်ဆိုရင် ခရာတို့ကိုကူညီနေတဲ့ သူတို့သားအဖကို တကယ်မျက်နှာပူပြီး အားနာရတာမဟုတ်ပါ လား။ အခုတော့ ပြောင်းပြန်ဖြစ်ပြီး သူကသာရှောင်ရှားနေသလို ပါလေ။

"ဟိုကလေး လာမယ်ထင်ပါရဲ့"

"ဘယ်ကလေးလဲ"

"မောင်နေဝန်းကိုပြောတာလေ"

"အာ! မေမေကလည်း၊ အဲဒီအစ်ကိုကြီးက ခရာ့ထက် ငါးနှစ်ခြောက်နှစ်ကြီးတဲ့လူကို"

"ဟုတ်လား၊ ဘာဖြစ်လဲသမီးရဲ့။ သားအရွယ်မို့ ပြောတာ ပဲကို"

မျက်နှာကို ရှုံ့လိုက်မိပါ၏။ ဒီရက်ပိုင်းမှာ သူ့ကိုမေမေ သဘောကျသလိုပြောတဲ့စကားတွေက အများကြီးမဟုတ်လား။ 'သားလာသွားတယ်သမီးရဲ့' 'မေမေ့ဖို့ဝယ်လာပေးတယ်' 'မနက်



www.burmeseclassic.com

www.burmeseclassic.com



က မေမေ့ကိုနှိပ်ပေးသွားသေးတယ်'ဆိုတဲ့သတင်းစကားတွေကြား မကြားချင်ဆုံးပါပဲ။ သူ့အမေလည်းမဟုတ်ပါဘဲ ဒီလိုလာလုပ်ရ သလားဟု စိတ်ထဲမှာငြိုငြင်မိပေမယ့် နှုတ်ကတော့ ပြောမထွက် ဖြစ်ပါလေ။'

"နေလို့ကောင်းရဲ့လား ဒေါ်ချိုချိုနိုင်"

"ဟုတ်ကဲ့ရှင့်"

"မျက်စိဖြည့်ပြီးရင် အလင်းရောင်များတဲ့အတွက် နေကာ မျက်မှန်တပ်ရမယ်နော်"

"ဟုတ်ကဲ့ပါ"

"စောစောခွဲဖြစ်တာ တော်သေးတယ်ခင်ဗျ။ တိမ်ဆိုတာ ကြာသွားရင် ပြန်မြင်ဖို့အတွက် အခွင့်အရေးက နည်းသွားတယ် လို့လေ"

"ဟုတ်ကဲ့၊ ဆရာကြီးကိုကျေးဇူးတင်လွန်းလို့ ဘာပြော ရမှန်းတောင်မသိတော့ပါဘူးရှင့်"

"ရပါတယ်ဗျာ၊ ကလေးချင်း ဒီလောက်ရင်းနှီးနေမှတော့ လူကြီးတွေချင်းလည်း မိတ်ဆွေဖြစ်ရတော့မှာပေါ့"

ဟင်! . . . ဘာမှလည်းမဆိုင်ဘူး။ ကလေးချင်း ရင်းနှီး ရအောင် အဲဒီလူနဲ့ ခရာက စကားပြောတာ ဆယ်ခွန်းတောင်





ရှိသေးတာပါလေ။ လူကြီးတွေအယင်မှားရလေအောင် ဒီလူကြီး အိမ်မှာ ဘာတွေဘယ်လိုများ ပြောထားတာပါလိမ့်။

"ကျွန်တော်က သမီးသိပ်လိုချင်တာဗျ။ အိမ်သူလည်း အတူတူပဲ။ သားတစ်ယောက်သမီးတစ်ယောက်တော့ယူမယ်ဆို ပြီး ဆုံးဖြတ်ထားပေမယ့် သားပဲမွေးပြီး နောက်ထပ်ဘာကလေး မှ ထပ်မရတော့ဘူး။ သူတို့ညီအစ်မနှစ်ယောက်လုံး သားတစ် ယောက်စီပဲ ရကြတာလေ။ ရှားရှားပါးပါး"

"ကျွန်မလည်း ဒီသမီးလေးတစ်ယောက်တည်း ရှိတာ ပါရှင့်"

"တစ်ယောက်တည်းရှိတာဆိုတော့ သူများကိုရော ပေး ချင်ပါ့မလားဗျာ"

ဟောတော်! ဒါက ဘာစကားကြီးလဲ။ ဆေးရုံအုပ်ကြီး ပေါက်တာနေသွေးစကားကြောင့် ပါလာတဲ့ရိုးရိုးဆရာဝန်နဲ့ Nu-rse တွေမျက်နှာမှာ ခပ်ပြုံးပြုံးဖြစ်နေကြပြီလေ။ ခရာက ဆရာ ဝန်တွေရှိနေတာမို့ ချောင်နားမှာရပ်နေပြီး မေမေ့ကိုသာ ငေးကြည့် နေမိပါ၏။ သမီးပေးချင်ပါ့မလားတဲ့။ ဘာအဓိပ္ပာယ်မျိုးပါလိမ့်။

"ဒါကတော့ ဆရာကြီးရယ်၊ လောကဓမ္မတာအရ သီး ချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်တဲ့အခါ အတောင်စုံအပျံသင်ကြတာ

www.burmeseclassic.com



ပါပဲ။ အတင်းဆွဲထားလို့မှမရတာရှင့်"

"တော်သေးတာပေါ့၊ ဒီကမိုးလုလုလေးကို နှမျောတာသ ဖြစ်နေမယ်လို့ ထင်ထားတာ"

ရယ်သံတွေ ထွက်လာကြပါ၏။ 'ပတ်တီးဖြည်ရအောင်' ဟုပြောတာမို့ Nurse မလေးနှင့်အတူ ဆရာကြီးကိုယ်တိုင် မေမေ့ မျက်နှာပေါ်မှပတ်တီးစကို ဖြည်ပေးနေချေပြီ။ လူတစ်ဦးရဲ့အလင်း ကိုဖွင့်ပေးတဲ့သမားတော်ကြီးလည်း ဒီလိုအလင်းမျိုးဖြာကြရပြီး ထွန်းလင်းတောက်ပပါစေဆိုတဲ့ မေမေတောင်းပေးတဲ့ဆုမျိုးကို ခရာလည်း စိတ်ထဲမှလိုက်ဆုတောင်းနေမိပါ၏။

"ဖြည်းဖြည်းချင်းဖွင့်ကြည့်နော်၊ အလင်းအရမ်းစူးနေရင် ပြန်မှိတ်လိုက်ပါ"

"ဟုတ်ကဲ့"

"မြင်ရလား"

"မြင်ရပါတယ်ဆရာကြီး"

"ဒါလေးတပ်ထားလိုက်နော်၊ ခဏနားပြီးမှ ပြန်ရမယ်။ ကျွန်တော့်ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့ရှင့်၊ ကျေးဇူးတင်လိုက်တာရှင်"

"ရပါတယ်ဗျာ၊ သားလည်း လာလိမ့်မယ်နော်။ သမီး





စောင့်လိုက်ပါဦး"

ဟင်! လာမှာတဲ့၊ လာပေါ့. . . တွေ့ဖို့ကိစ္စကရှိနေတာကိုး။ ဆေးရုံအုပ်ကြီး နှုတ်ဆက်ထွက်သွားပြီမို့ ဆေးရုံဆင်းရန် ပစ္စည်းတွေရှိသမျှ သိမ်းဆည်းနေစဉ် နှင်းဆီပန်းရနံ့တွေ ရလာလေ၏။ ဘယ်ကပန်းတွေကြောင့်ပါလိမ့်။

"မင်္ဂလာပါ အန်တီ"

"ဪ. . . သားရောက်လာပြီကိုး"

သူက အခန်းဝမှလှမ်းဝင်လာကာ မေမေ့လက်ထဲသို့ ပန်းစည်းလှလှလေးကို ပေးလိုက်လေ၏။ အလိုလေးနော်၊ မနက်တိုင်း ပန်းပို့ပေးရတဲ့လူကိုမှ ပန်းစည်းလာပေးရတယ်လို့။

"မျက်စိအခြေအနေကောင်းသွားပြီလားခင်ဗျား"

"ကောင်းပါပြီသားရယ်၊ ကောင်းကောင်းကြီးမြင်နေရပါပြီ"

"ဘာပိုင်းသိမ်းပေးရဦးမလဲ အခရာ"

"ပြီးနေပါပြီ"

"ဒါဆိုသွားကြမယ်လေ၊ လာပါအန်တီ"

"အေးအေး. . . သား"

ကဲ! ပိုင်စိုးပိုင်နင်းပါပဲလား။ ခရာထည့်ထားသည့် ခြင်း



www.burmeseclassic.com

www.burmeseclassic.com



တောင်းကိုယူလိုက်ပြီး မေမေ့လက်မောင်းကိုကိုင်ကာ အခန်းထဲမှထွက်နေလေပြီ။ အဝတ်အစားအိတ်ကိုယူလျက် အနောက်မှ ခြေလှမ်းသွက်သွက်လိုက်ခဲ့ရလေ၏။ ရှင်တော့ အတော့်ကိုလွန်နေပြီ ဦးနေဝန်းနီရေ့။

"အညော့်မမိစေနဲ့နော် အခရာ၊ ဂရုစိုက်ပြီး ချက်ပြုတ်ပါ"

"ဟုတ်ကဲ့"

"အိမ်ရှေ့အထိ ကားဝင်လို့ရသလား"

"နေပါစေ၊ လမ်းထိပ်မှာပဲ ရပ်ပေးပါ"

"မဟုတ်တာ၊ ပို့မယ့်ပို့ အဆုံးထိပို့ပေးရမှာပေါ့။ အာဟာရဖြစ်အောင်စားပါ အန်တီ။ အခုဘာများစားချင်ပါသလဲ။ တစ်ခါတည်း ဈေးဝင်သွားလို့ရအောင်"

"နေပါစေသားရယ်၊ ဒီလောက်ဂရုစိုက်ခံနေရတာကိုပဲ တော်ပါပြီ"

အိမ်ရှေ့အထိ ကားရပ်လိုက်ပြီမို့ ခရာတို့တဲအိမ်လေးကို သူမြင်ရချေပြီ။ ပြည့်စုံသူတွေအတွက် အထင်သေးစရာမို့ ခရာ့မျက်နှာခပ်အမ်းအမ်း။ သူကတော့ ဘာကိုမှဂရုမထားဟန်မျိုးဖြင့် မေမေ့လက်ကိုတွဲပြီး အိမ်ပေါ်ကိုတက်နေပြီလေ။ ရော်! မခေါ်ဘဲ





လည်း လာတဲ့ညော့်သည်ပါပဲလား။ ခက်ပါရဲ့။

"အားနာလိုက်တာကွယ်"

"မဟုတ်တာ အန်တီရယ်၊ ကျွန်တော်ပြန်လိုက်ပါဦးမယ်။ အနားယူပါဦးအန်တီ"

"အေးကွယ်"

"ခရာပြောစရာရှိသေးတယ်နော်"

သူက ခရာပြောလိုက်တာကို သဘောကျပုံမျိုးဖြင့် ပြုံးလိုက်ပါလေ၏။ ပစ္စည်းတွေကိုအမြန်ချပြီး သူဆင်းသွားသည့်နောက် ကျည်းပင်အောက်ကို လိုက်ခဲ့ရပါ၏။ ပြောမှဖြစ်မှာပါလေ။ မမနဲ့ခရာ့ကို ပြဿနာဖြစ်အောင် သူမီးမွှေးနေတာကိုး။

"ဘာပြောမလို့လဲ၊ ပြောလေ"

"ဘာရည်ရွယ်ချက်နဲ့ အခုလိုလုပ်နေရတာလဲ"

"ရည်ရွယ်ချက်"

"ဟုတ်တယ်"

"အခရာ့မေမေရဲ့မျက်စိကို ခွဲပေးတာ ရည်ရွယ်ချက်ရှိပါ့မလား။ ဒီလိုပဲကြုံလို့ ကုသိုလ်ယူတာကို မှဒီတာပွားပေးမှပေါ့"

"ဒါကုသိုလ်ယူတာလား။ ဆေးကုသခ ဆေးခန်းခ ဆေးဖိုးတွေအားလုံး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဖေဖေ့ဆေးရုံလေ အခရာရဲ့။ ကိုယ်တို့ တစ်ပြားတစ်ချပ်ကုန်တာမှမဟုတ်တာ။ ဘာလို့ထည့်ပြောနေရတာလဲ"

"ဟင်!"

ဘာဆက်ပြောရမယ်မှန်းတောင်မသိဘဲ ကြောင်သွားရပါ၏။ ဖေဖေ့ဆေးရုံဆိုတာနဲ့ပဲ ပြီးရောလား။ သူ့ဖေဖေနဲ့သူက ခရာတို့နဲ့ဘာမှမပတ်သက်တဲ့လူတွေလေ။

"ရှင့်ဖေဖေဆေးရုံဖြစ်တာနဲ့ ပြီးရောလား။ ခရာတို့နဲ့ပတ်သက်တာမှမဟုတ်တဲ့ဟာ"

"ကိုယ်က ပတ်သက်ချင်နေတယ်ဆိုရင်ကော"

"ရှင်!"

ဘုရားရေ! ဘာလဲ၊ ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ပြောတာပါလိမ့်။ ခေါင်းထက်သို့ မန်ကျည်းရွက်တွေ လွင့်ကျလာတာမို့ သူကပြုံးလိုက်ပြီး ခရာ့ခေါင်းဆီကို လက်ရောက်လာသဖြင့် ခြေလှမ်းကို နောက်ဆုတ်လိုက်မိလေ၏။

"ဘာလုပ်တာလဲ"

"ရော်. . . အမှိုက်တင်နေလို့ ဖယ်ပေးမလို့ကို ဘယ်လိုဖြစ်ရတာလဲ"

"မမနဲ့ခရာ ပြဿနာမဖြစ်ချင်ဘူးနော်"





"မမ"

"မမယုသီဂီကိုပြောတာလေ"

"ယုသီဂီနဲ့ကိုယ်က ဘာမှဆိုင်တာမှမဟုတ်တာ အခရာရဲ့။ ဘာဖြစ်လို့လဲ"

"ဟင်! မမနဲ့စေ့စပ်မယ့်သူမဟုတ်ဘူးလား"

"ယုသီဂီက အဲဒီလိုပဲပြောသလား"

"အင်း"

သူခပ်တိုးတိုးရယ်လေ၏။ ဘာကိုများ သဘောကျလို့ပါလိမ့်။ ခရာနဲ့မမက အရမ်းကွာလွန်းတဲ့အဆင့်အတန်းမဟုတ်ပါလား။ ဒီအခြေအနေကို မျက်မြင်တွေ့ပေမယ့် သူဘာလို့များ နောက်မဆုတ်ချင်ရတာပါလိမ့်။

"ကိုယ်က ဖေဖေတို့ပြောလို့ ယုသီဂီကိုလာတွေ့ခဲ့တာမှန်တယ်လေ။ ဒါပေမဲ့ အဲဒီနေ့မှာပဲ ယုသီဂီကို ကိုယ်ခေါင်းခါခဲ့တာပါ အခရာရဲ့။ သူပြန်မပြောပြဘူးလား"

အလို! အဲဒီလိုကြီးဖြစ်ခဲ့တာလား။ ဒါပေမဲ့ သူ့ကို မမအဘယ်မျှစိတ်ဝင်စားနေပါသလဲဆိုတာကို မိန်းမချင်းမို့ မျက်စိကြည့်ရုံနဲ့ သိနိုင်ခဲ့တာပါလေ။ ခရာ့အပေါ် အမြဲစေတနာထားပြီး ဖြူစင်တဲ့စိတ်နှလုံးသားရှိတဲ့မမအတွက် သူသာလျှင် တန်ဖိုးရှိတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူပဲမဟုတ်ပါလား။

ဒါကို သူဘာကြောင့်မမြင်ရတာပါလဲ။ သူ Phone ဆက်တဲ့အချိန်တိုင်း မျက်နှာလေးရဲသွားပြီး အပြုံးတွေရှိနေတတ်တဲ့ မမရဲ့မျက်နှာလေးကို ကွက်ခနဲမြင်ယောင်မိပါ၏။ ယုသီဂီရဲ့နေဝန်းနီက အခုတော့ ခရာ့ရှေ့မှာ သာမန်ထက်ပိုသာတဲ့စကားတွေ ပြောနေတာကိုများ မမသိရင် ဘယ်လိုဖြစ်သွားမှာပါလိမ့်။

"မမက. . . မမက အစ်ကိုကြီးကို"

အစ်ကိုကြီးအရွယ်ပေမဲ့နော်၊ အစ်ကို့ကို တစ်သက်လုံး ခေါ်ခဲ့ရတာမို့ သူ့ကိုအစ်ကိုကြီးလို့ ခရာခေါ်လိုက်မိပါ၏။ ဆက်ပြောရမယ့်စကားကို မပြောရဲတာမို့ နှုတ်ဆိတ်နေလေသည်။

"ကိုယ်ကမှ ယုသီဂီကိုမချစ်တာ"

"ဟင်!"

"ကိုယ်ချစ်တာ အခရာ့ကိုလေ"

တောင့်တောင့်ကြီးရပ်နေမိလေသည်။ 'ကိုယ်ချစ်တာ အခရာ့ကို'တဲ့။ ဘယ်လိုလုပ်ရမလဲ။ ဖူးစာရှင်ကတော့ ခရာတို့ကို တမင်ကျီစားနေသကဲ့သို့ပါလေ။ ခရာရင်ခုန်မိတဲ့သူက အစ်ကိုဖြစ်နေပြီး ခရာ့ကိုချစ်တဲ့လူက အစ်ကိုကြီးနေဝန်းနီတဲ့လား။ ခရာ ဘာများလုပ်ရပါ့မလဲ။



## အခန်း (၂၀)

"အဲဒီတော့"

အစ်ကိုက စကားကိုဆက်ပေးနေတာမို့ ဆက်မပြောဖြစ်တော့ဘဲ ပန်းပင်တွေကြားမှ မြက်ပင်လေးတွေကို နှုတ်နေမိလေ၏။ သူပြောတဲ့စကားကို မေမေ့ကိုမပြောရဲဘဲ အစ်ကို့ကိုမှ ရင်ဖွင့်နေမိတာမဟုတ်လား။

"ဆက်ပြောလေ အခရာရဲ့"

"ဘာလုပ်ရမှန်းမသိလို့ အကြံဉာဏ်တောင်းတာနေတာပေါ့အစ်ကိုရဲ့။ လူကိုနေရခက်အောင် မေးနေပြန်ပါပြီ"

"ဒီကိစ္စမျိုးက မိန်းကလေးချင်းမှ အကြံပေးလို့ကောင်းတာလေ အခရာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ပြောချင်တာပေါ့ အစ်ကိုရဲ့၊ ခက်တာက သူ့ကိုချစ်တဲ့ မမဖြစ်နေလို့ ခရာက ဘယ်လိုပြောလို့ရပါ့မလဲ"

"ကြည့်နေတုန်းလေ၊ ပန်းပင်တွေ ပါကုန်တော့မှာပဲ"

သတိပေးလိုက်တာမို့ လက်ထဲမှပေါင်းပင်လေးတွေကို ပြန်စစ်ကြည့်လိုက်ရလေ၏။ စိတ်ဝင်စားဘူးလား၊ ခရာပြောနေတဲ့ အချစ်အကြောင်းကို စကားဖြတ်ပြောနိုင်တဲ့အစ်ကိုပါလေ။

"အဲဒီတော့ ကိုယ်က ဘာကူညီပေးရမလဲ၊ ပြော"

"သူ့ကိုရော သူ့ညီကိုပါ ခရာငြင်းထားခဲ့ပြီးပြီလေ"

"အင်းလေ"

"ဒီတော့ ခရာ့မှာ ချစ်သူရှိပါတယ်ဆိုပြီးပြရင် ကောင်းမလားလို့"

"ချစ်သူ"

"အင်း"

"ဘယ်မလဲ ခရာ့ချစ်သူ"

"အစ်ကိုနော်၊ ရှိမှမရှိတာကို ဘာလို့မေးရတာလဲ"

"မသိဘူးလေ၊ အခရာပဲ ချစ်သူဆိုတာကို၊ ဒီတော့ ကိုယ်က အခရာ့ချစ်သူလို့သရုပ်ဆောင်ပြရမှာလား။ ဒီလိုလား"

"အင်း"





"မိုးကြိုးတွေတော့ ပစ်ချကုန်တော့မှာပဲ"

အစ်ကိုရေရွတ်လိုက်တာမို့ ရင်ထိတ်သွားရပါ၏။ ဒီလိုပဲလား။ တစ်သက်လုံး ညီမလေးလိုပဲသဘောထားသွားတော့မှာလားဟင်။ ခရာ့ကိုစိုးရိမ်တကြီးဆွဲပွေ့ခဲ့ဖူးတဲ့ ကိုအောင်မြင့်နိုင်တစ်ယောက် ဘယ်ကိုများရောက်နေပါသလဲ။

"ကူညီတာက အကြောင်းမဟုတ်ပါဘူး။ သူက ယုံမှာတဲ့လား"

"ယုံအောင်ပြောရမှာပေါ့"

"ပြောတာတော့လွယ်ပါ့၊ ကိုယ်နဲ့အခရာ့ကိုကြည့်ရင် မောင်နှမလို့ပဲမြင်တတ်ကြတာ မမေ့နဲ့လေ။ ပြီးတော့"

"ပြီးတော့ ဘာလဲဟင်"

"အင်း"

စကားမဆက်ဘဲ သက်ပြင်းရှည်ကြီးချလျက် အဝေးကို မျှော်ကြည့်နေလေ၏။ အစ်ကို့ရင်ထဲ တကယ်ပဲ လေးလံသွားပြီလား။

ခရာ့ကြောင့် ဝန်ထုပ်ဝန်ပိုးများဖြစ်နေပြီလားကွယ်။

"အမှန်တော့ ကိုယ်က အခရာ့ကို နှင်းနဲ့မိတ်ဆက်ပေးချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း. . ."

"ဟုတ်တယ်"

"နှင်းဆိုတာ ဘယ်သူလဲဟင်"

"ကိုယ့်ချစ်သူပါ"

"ရှင်!"

ရင်ထဲ စူးခနဲအောင့်သက်သွားရလေ၏။

ကိုယ့်ချစ်သူတဲ့။ အစ်ကိုမှာ ချစ်သူရှိနေတာကို တစ်ခါမှ မပြောခဲ့တာလေ။ ဘယ်လိုဖြစ်ပြီး ဘယ်တုန်းကတည်းက ရှိခဲ့တဲ့ချစ်သူပါလိမ့်နော်။

"သူ့နာမည်က နှင်းစက်မှုံတဲ့။ ကိုယ်တို့ကျောင်းတက်ကတည်းက တွဲခဲ့တာ"

". . ."

"သူက ပညာလောဘကြီးတယ်၊ ဘွဲ့တွေတစ်ချပြီးတစ်ချ ယူတယ်။ နိုင်ငံခြားမှာတောင် သွားပြီးကျောင်းတက်ဘွဲ့ယူနေတာလေ။ ကိုယ်က ဒီမှာပဲနေပြီး မိဘတွေနဲ့အတူတူ လုပ်ကိုင်စားသုံးဖြတ်ပြီး ကျန်ရစ်ခဲ့တာ"

အစ်ကိုက သက်ပြင်းရှိုက်ကာ လက်ထဲမှမြေကြီးကျစ်ခဲကို ချေမွလိုက်လေ၏။ အစ်ကိုရယ်. . . ခရာ့နှလုံးသားလေး





လည်း ဒီမြေကြီးခဲလိုမျိုး မွမွကြေသွားပြီထင်ပါရဲ့။

"သူထွက်သွားတော့ ကိုယ်နဲ့စကားများပြီး ကိုယ်ကျန်ရစ်ခဲ့ရတာပါ အခရာ"

"အစ်ကို. . . အစ်ကို သူ့ကိုမမေ့သေးဘူးပေါ့နော်"

"အင်း. . . အချစ်ဦးဆိုတာ မြေဦးရတဲ့အချိန်ထိ ဘဝမှာမမေ့နိုင်တဲ့သူလေ အခရာရဲ့"

အစ်ကို ခပ်တိုးတိုးရယ်လိုက်ပေမယ့် ခရာကတော့ မပြုံးနိုင်ပါလေ။ ရင်ထဲမှာရှိနေတဲ့လူတစ်ယောက်အတွက် အစ်ကိုက အခုချိန်ထိ မမေ့သေးဘူးတဲ့။

"ဒီအကြောင်းတွေကို ဘာလို့ ခရာ့ကိုမပြောတာလဲ"

"ပြောစရာလား၊ ကလေးကို မဟုတ်မဟပ်တွေသင်ပေးတယ်ဆိုပြီး အမေနဲ့အဖေ ကိုယ့်ကိုဆူမှာပေါ့ကွ"

အစ်ကိုက လက်ထဆေးပြီမို့ ဒီနေ့အလုပ်သိမ်းပြီမှန်း သိလိုက်ပါ၏။ ထိုင်နေတဲ့နေရာမှဖြည်းဖြည်းချင်းထရပ်ကာ အစ်ကို့နောက်သို့ လိုက်ခဲ့ရပါသည်။

"အန်တီချို ဆေးရုံတက်နေတုန်းကလေ"

လက်သုတ်ရင်း ရေရွတ်လိုက်တာမို့ မော့ကြည့်လိုက်မိပါ၏။ အစ်ကိုက တစ်ချက်ပြုံးလိုက်ပြီး ရှပ်အင်္ကျီအိတ်ကပ်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ကာ နိုင်ငံခြားစာအိတ်ကို ထုတ်ကိုင်လိုက်လေသည်။

''ကိုယ့်ဆီကို စာရောက်လာတာ၊ အခရာဖတ်ချင်ရင် ဖတ်ကြည့်လေ''

''ဟင့်အင်း. . . နေပါစေ''

''ဖတ်ကြည့်လေ အခရာရဲ့ မောင်နှမကြား လျှို့ဝှက်ထားစရာမှမလိုတာ''

''ဟဲ့! ဟိုကလေးတွေပြီးရင် ထမင်းစားကြမယ်လေ။ အခရာ မပြန်နဲ့ဦးနော် သမီး။ ဒီနေ့ အန်တီမြိုင် ငါးသလောက်ချက်ထားလို့ ထမင်းစားပြီးမှပြန်''

မီးဖိုခန်းထဲမှ အန်တီလှမ်းအော်လိုက်တာကို ပြန်မဖြေဘဲ ဝရံတာအဆင့်ကြမ်းပြင်ထက်မှာ ထိုင်ချလိုက်ပါ၏။

အစ်ကိုလှမ်းပေးလိုက်သည့်စာအိတ်ပြာလေးက စက်ဘူတံဆိပ်မို့ ဟိုမှာ အလုပ်တစ်ဖက်နဲ့ ကျောင်းတက်နေမှန်း သိနိုင်လေသည်။

အိတ်ထဲမှစာရွက်ကလည်း အပြာရောင်ပါပင်။ ခဲတံလို ခဲမှင်ရောင်အနက်လေးဖြင့် လက်ရေးသော့သော့လေး ရေးထားတဲ့စာကြောင်းတွေက ညီညာနေသလို စာသားတွေက ရင်ထဲက အလွမ်းတွေ တသီတတန်းကြီးမှန်း သိသာနိုင်ပါ၏။





မောင်

မေ့များမေ့နေပြီလားကွယ်....

လေယာဉ်စီးလိုက်ရုံနဲ့ လာလို့ရနိုင်တဲ့ခရီးဖြစ်ပေမယ့် နင်းလို လောဘကြီးသူတစ်ယောက်ကတော့ နောက်ဖြန်လှည့်လို့မရနိုင်ပါဘူးလေ....

တိုင်းတပါးသားကြား ရင်ပေါင်တန်းနိုင်ဖို့ ခေါင်းမော့ ဂုဏ်ယူနိုင်ဖို့ နေ့စဉ်နဲ့အမျှ ကြိုးစားရုန်းကန် လှုပ်ရှားနေရတာ ပင်ပန်းလွန်းလှပါပြီ....

ဘယ်လိုပဲရုန်းရုန်း ဘယ်လောက်ပဲ ကြိုးစား ကြိုးစား အယူဝါဒမတူတာမို့ အထင်မြင်သေးခံရတာလည်း ဒုနဲ့ဒေးပါလေ....

အလုပ်ကပြန်လာရင် ရေကြည်တစ်ပေါက် ဆီးကြိုတိုက်မယ့်လူလည်းမရှိ၊ ဆာနေတဲ့ဗိုက်ကိုဖြည့်တင်းဖို့ အာဟာရရှိတဲ့ဟင်းလျာကို ချက်ကျွေးမယ့်လူလည်းမရှိ၊ တစ်နေ့တာပင်ပန်းခဲ့သမျှ စိတ်ပြေလျော့အောင် အားပေးနိုင်မယ့် ရင်ဖွင့်ဖော်လည်းမရှိ သိပ်ကိုအထီးကျန်ဆန်လွန်းလှပါတယ်....



www.burmeseclassic.com

www.burmeseclassic.com



မျက်စိကြည့်လေရာ ပသာဒဖြစ်တဲ့ အစိမ်းရောင် သစ်ပင်တွေလည်းမရှိ၊ ပြည့်ကျပ် မြင့်မားလွန်းတဲ့ မိုးမျှော် တိုက်တွေကြားမှာ အသက်ရှူကျပ်ရတာပါလေ....

လွမ်းလိုက်တာ "မောင်"ရယ်....

ရှင်းသန့်တဲ့ လေနုအေးလေးတွေကိုလည်း လွမ်းတယ်၊ အတူလျှောက်ခဲ့တဲ့တန့်ပေါင်နဲ့တန်ရေပြင်ကိုလည်း လွမ်းတယ်၊ မိုးရေထဲနှစ်ယောက်အတူ ထီးဆောင်းခဲ့ဖူးတာ ကိုလည်း လွမ်းတယ်၊ ပြီးတော့....

နှင်းလက်ကို ဆုပ်ကိုင်ခဲ့ဖူးတဲ့ "မောင့်"ကိုသိပ်ပြီး လွမ်းတာပါလေ...

ချစ်သေးရဲ့လား?

ချဉ်းကပ်လာတဲ့ပုရိသတွေမှန်သမျှကို No ဆိုပြီး ငြင်းဆန်တိုင်း "မောင့်"ကိုတမ်းတမိတဲ့ဒီဂရီ အမြင့်ဆုံးပဲ...

အိမ်က လက်ထပ်ဖို့စီစဉ်ပေးနေပြီ "မောင်"၊ နှင်း ဘာလုပ်ရမလဲ? ကိုယ်မချစ်တဲ့သူရဲ့ရင်ခွင်ထဲမှာတော့ တစ် သက်လုံး မရှင်သန်နိုင်မှန်း နှင်းကိုယ်နှင်းသိပါတယ်...





ဒီတော့ ရင်ထဲမှာ "မောင်"ရှိနေသေးမှန်း သေ ချာနေပြီလေ....

ပြန်လာခဲ့ပါရစေ....

ခိုဝင်နားခဲ့ဖူးတဲ့ "မောင့်"ရင်ခွင်တံခါးကို နှင်း အတွက် အဆင်သင့်ဖွင့်ပေးထားနိုင်ပါ့မလား....

ခွင့်ပြုလှည့်ပါ "မောင်"....

နှင်းလာလည်တိုင်း အမေမြှိုင်ချက်ကျွေးတဲ့ခရမ်း ချဉ်သီးငါးပိချက်ကိုလည်း လွမ်းတယ်....

အမေမြှိုင်နဲ့ လေးလေးကျော်တို့ကိုလည်း လွမ်း တယ်....

ကိုယ့်ချက်မြှုပ်မြေမှာပဲ အပြီးတိုင်နေပြီး ခေါင်း ချမယ်ဆိုတဲ့သန္နိဋ္ဌာန်နဲ့ နှင်းပြန်လာခဲ့မှာပါ....

"မောင်"ကြိုနေမှာပါနော်....

အလွမ်းအသချေဖြင့်....

ချစ်တဲ့နှင်း

နှစ်စက်မှုံ

(ခေတ္တ စင်္ကာပူ)



www.burmeseclassic.com

www.burmeseclassic.com



စာက တရှည်တလျားနဲ့ ဆုံးသွားပါပြီ။ သို့သော် အဆုံးမသတ်နိုင်တဲ့အလွမ်းတွေက ခရာ့ရင်ထဲမှာ ကူးစက်ပြီး တသသကျန်ရစ်ခဲ့သလို ခံစားနေရတာပါလေ။ 'နှင်း'တဲ့။ အစ်ကို့ရဲ့ရင်ထဲက နှင်းက ဒီဆောင်းမှာပဲ နှင်းမှုံကျနေပါရောလား။

"ခရာ ပြန်တော့မယ်"

"ထမင်းစားပြီးမှ ပြန်လေ"

"ခရာ မဆာလို့ပါ အစ်ကို့ ညနေဆေးခန်းစောစောဖွင့်ရမှာမို့ပါ"

အစ်ကို့လက်ထဲသို့ စာအိတ်ကို ရိုသေစွာပြန်ပေးပြီး အိမ်လေးပေါ်မှ အသာဆင်းလာခဲ့ပါ၏။ အချစ်ဆိုတာ ဘာလဲ။ ခရာသေချာမသိပါလေ။ အနေနီးခဲ့သူမို့ အစ်ကို့ကို သံယောဇဉ်ပိုခဲ့ရလို့ပဲလား၊ ဘာဆိုမှမသိချင်တော့ပါ။

စက်ဘီးအဟောင်းလေးကိုတွန်းလျက် ခြံထဲမှထွက်သွားသည့် သူမနောက်ကျောလေးကို သူငေးကြည့်နေမိလေ၏။ လက်ထဲမှစာအိတ်ပြာလေးကို အံဆွဲထဲသို့သိမ်းကာ သော့ခတ်လိုက်ပါသည်။ မနေ့ကပဲ စက်ာပူကို စာတိုက်ကနေ ပြန်စာပို့ခဲ့ပြီးပြီ မဟုတ်ပါလား။





မေ့လိုက်ပါ
ကိုယ်အိမ်ထောင်ပြုပြီးပါပြီ
(အောင်မြင်နိုင်)

အဲဒီပြန်စာကိုမြင်ရင် နှင်းဘယ်လိုဖြစ်မလဲဆိုတာ သူမသိချင်တော့ပါလေ။ ချစ်ခဲ့ပါတယ်၊ အရူးအမူးနဲ့သူမတူအောင် ချစ်မိခဲ့တာပါ။ မာနဆိုတာကင်းစင်ပြီး ဘာကိုမှအလေးမထားဘဲ သူငယ်ချင်းဘဝထက် ပိုချစ်ခဲ့ရတာပါလေ။

သို့သော် ကျောခိုင်းပြီး လေယာဉ်ပေါ်တက်သွားတဲ့လူကို မျက်ရည်ဝဲပြီး ငေးကြည့်ခဲ့ရတဲ့မြင်ကွင်းက ခုချိန်ထိ အာရုံမှာ မပျောက်သေးပါချေ။ မေ့ဖို့ပြောခဲ့ပြီးမှ ကျောခိုင်းနှုတ်ဆက်ခဲ့ထားခဲ့ပြီးမှ ဝင်လာပါရစေဆိုပြီး ရင်ခွင်တံခါးကိုလာခေါက်နှိုးပေးရအောင် သူ့ရင်ခွင်က နိုင်ငံတကာလေဆိပ်လည်း မဟုတ်၊ ရန်ကုန်ဘူတာကြီးလည်း မဟုတ်၊ သင်္ဘောဆိပ်လည်း ဟုတ်မှမဟုတ်တာကို။

လောကမှာ ကိုယ်ထွေးပြီးသားတံတွေးကို ပြန်မျိုချတဲ့သူလောက် အထင်သေး စက်ဆုပ်စရာကောင်းတာ မရှိတော့ပါဘူး။ ပြောမိတဲ့စကားကို ကမ္ဘာတည်သလို တည်မြဲနေပါတော့



www.burmeseclassic.com

www.burmeseclassic.com



လား။ မင်းရဲ့စကားက မင်းနာမည်လိုပဲ ခဏတာကျပြီး ပျောက် သွားနိုင်တာပါ နှင်းစက်မှုံ။

ချစ်ခဲ့ပါတယ်၊ ချစ်ခဲ့မိလို့လည်း ရင်ထဲမှာ နာနာကြည်း ကြည်းခံစားခဲ့ရတဲ့ဒဏ်ရာကို မနည်းပျောက်အောင် ကုစားခဲ့ရတာ ပါလေ။

'အခရာ'တဲ့။

မျက်စိရှေ့ အရွယ်တစစရောက်လာတဲ့ စပယ်ဖူးလေးကို ဘယ်တုန်းကမှ တပ်မက်စိတ်မျိုးနဲ့ မကြည့်ခဲ့ဖူးတာလေ။

အခရာ့အကြည့်၊ အခရာ့အပြုံး၊ အခရာ့မျက်လုံးတွေ အဘယ်မျှ အသက်ဝင်လှပလိုက်ပါသလဲ။

ကိုယ်ပျိုးထားတဲ့ပန်း၊ ကိုယ်ပြုစုထားတဲ့အပင်လေးကို ဒို့ထက်ပိုပြီး ရှင်သန်လာစေဖို့တာဝန်က ဥယျာဉ်မှူးမှာသာ ရှိတာ ပါ။

'အမေရော အဖေပါ သဘောတူတယ်'တဲ့။ နှင်းရဲ့စာ ရောက်လာတုန်းက သူ့စိတ်သဘောထားကိုဖွင့်ပြောပြီး အမေတို့ ခွင့်ပြုခဲ့တာလေ။

အမေနဲ့အဖေက ကိုယ့်ကို မင်းနဲ့သဘောတူကြတယ် အခရာ။





ဒါပေမဲ့ ထည့်တွက်စရာတွေရော ထောက်ထားစရာတွေ ပါ အများကြီးရှိနေတာမဟုတ်လား။

ကိုယ်၊ကိုယ်တိုင် စာသင်ပေးခဲ့တဲ့ ချာတိတ်မကလေးကို ဘယ်လိုမျက်နှာမျိုးနဲ့ ဒီအကြောင်းပြောရပါ့မလဲ။ ပတ်ဝန်းကျင် ကရော သူ့ကိုမြင်သို့မြင်ကြမည်နည်း။ 'ဒီယုန်မြင်လို့ ဒီချုံထွင် တဲ့အကောင်'ဆိုပြီး လက်ညှိုးထိုး မေးငေါ့ကြရင် တစ်သက်လုံး စောင့်ထိန်းလာခဲ့ကဲ့သိက္ခာတွေ ဆည်လို့မရနိုင်တော့မှာလေ။

ချစ်ခဲ့ပါတယ် အခရာ. . .

ရင်ထဲမှာ နှင့်နှင့်သည်းသည်း နက်နက်နဲနဲ မြတ်မြတ် နိုးနိုးနဲ့ ငုံထားမတတ် ချစ်ခဲ့မိတာပါ။

ဒါပေမဲ့ ဒီခံစားချက်ကို ဒီတစ်သက်မပြောဖြစ်ဘဲ ရင်ထဲ မှာပဲ သိမ်းဆည်းထားချင်ပါတယ်။

ကိုယ်တိုင်ပန်းပျိုးသူဖြစ်ပေမယ့် ပန်းချိုးသူမဖြစ်ချင်သလို ကိုယ့်ထက် ဘာမဆိုမြင့်တဲ့နေရာက အဆင့်အတန်းရှိတဲ့လူ ရွေး ချယ်တဲ့အခါ ကိုယ်မြတ်နိုးတဲ့ပန်းကလေးကို အနစ်နာခံပြီး လို လားစွာပေးအပ်ချင်တဲ့စေတနာကို မင်းသိပါလေစ အခရာရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

"နောက်တစ်ယောက်"

"ကုန်ပြီ မမရေ၊ အပြင်က နှစ်ယောက်က ဆေးလာဝယ်ကြတာပါ"

"ဩော်"

နာရီကိုတစ်ချက်ကြည့်လိုက်စဉ် ညရှစ်နာရီခွဲနေပြီမို့လို့ ဆေးခန်းပိတ်ချိန်တန်နေပြီလေ။ လိုက်ကာစကိုဖွင့်ကြည့်လိုက်စဉ် ဆေးအကာဒ်လေးတွေမှာ ဆော့ပင်ဖြင့်ရေးပြီး ဘယ်နနာရီခြား ဘယ်နှလုံးသောက်ပါဆိုပြီးညွှန်းကာ Plastic အိတ်အပျော့လေး ထဲထည့်ပေးပြီး ပြန်အမ်းငွေပေးနေသည့်အခရာကို ငေးကြည့်နေမိပါ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်ရှင်"

ပြုံး၍ပြောလိုက်သော်ငြား အပြုံးလေးက အသက်မပါသလိုပါလေ။ ဘာဖြစ်နေလို့လဲ၊ ဒီကလေးရဲ့ရင်ထဲမှာ စိတ်မချမ်းမသာဖြစ်နေတာ ဘယ်သူ့ကြောင့်ပါလိမ့်။

"မပြန်တော့မှာလား၊ ပြန်ရင်ပြန်တော့လေ၊ ခရာလည်းပြန်တော့မှာပါ"

"ပြန်မှာပါ အခရာရဲ့၊ စောပါသေးတယ်"

လူနာတွေထိုင်စောင့်သည့်ခုံတန်းရှည်မှာပဲ ထိုင်ချလိုက်ပါ၏။ နားထဲမှာ မာလာ့စကားသံကိုသာ အထပ်ထပ်ပြန်ကြားယောင်မိနေတာလေ။

> **လူဆိုတာ ကိုယ့်မှာမရှိတဲ့အရာတစ်ခုကို သူတစ်ပါးဆီမှာရှိရင်လိုချင်တတ်ပါတယ်၊ အဲဒါကို 'လောဘ'လို့ခေါင်းခေါင်းစဉ်တပ်လို့ရတယ်**

မှတ်သားစရာစကားစုလေးပါပဲ။ ယုမှာ ဘာမဆို အကုန်လုံးနီးပါး ပိုင်ဆိုင်ထားနိုင်ပေမယ့် အခရာ့မှာမရှိတဲ့အရာတွေက အများကြီးပါလေ။ အခရာ့နှုတ်မှ 'လှလိုက်တာ' 'ဒီနေ့ မမဝတ်





လာတဲ့ လော့ကက်လေး လှတယ်' 'Slimbag လေးက ချစ်စရာလေး'ဆိုတဲ့စကားမျိုး တစ်ကြိမ်တစ်ခါမှမကြားခဲ့ဖူးပါချေ။

ဒါဆို ယုက ဘာကြောင့် အခရာ့အပေါ် မနာလိုစိတ်ဖြစ်နေရတာပါလဲ။

'ရွှေ'ဆိုတဲ့အရာ၊ 'ငွေ'ဆိုတဲ့အရာတို့ကို ဘာဆိုဘာမှမရှိတဲ့ ဒီမိန်းကလေးကိုမှ ကိုနေ့ချစ်ခြင်းတွေ စုပြုံကျနေတာပဲမဟုတ်ပါလား။

'တန်ဖိုးမရှိပေမယ့် တန်ဖိုးထားတတ်ဖို့ပဲ လိုတယ်'ဆိုတဲ့ ဖေဖေ့ဆုံးမစကားက တကယ့်အံ့ဝင်ခွင်ကျစကားပုံတစ်ခုပါပဲ။

သူတစ်ပါးလက်ထဲရောက်မှ 'ငါ့ဟာ'ဆိုပြီးပြန်လုလို့ရတဲ့အရာမျိုးလည်းမဟုတ်။ နှလုံးသားက ရွေးချယ်တဲ့ချစ်ခြင်းတစ်ခုက ဖူးစာရှင်ရဲ့မြားတစ်စင်းပဲမဟုတ်ပါလား။

ဘာကြောင့် ချစ်ရတာပါလဲ၊ အကြောင်းပြချက် မလိုအပ်ပါလေ။

"မမ နေမကောင်းဘူးလားဟင်"

"ဘာလဲ၊ ဘာပြောလိုက်တာလဲ အခရာ"

"မျက်နှာနည်းနည်းနွမ်းနေလို့ မေးလိုက်တာပါ"

မျက်နှာနွမ်းတာချင်းအတူတူ ကိုယ့်ကိုယ်ကိုတော့ ဂရု



www.burmeseclassic.com

www.burmeseclassic.com



မထားဘဲ ယုကိုမှသတိထားရတယ်လို့။ စိတ်ထဲမှာမပါပေမယ့် အပြုံးပေါ်အောင်တော့ ယုပြုံးပြမိပါ၏။ 'မဆိုင်သူကို အပြစ်မဖို့မိပါစေနဲ့' ဆိုတဲ့မာလာ့စကားက ရင်ကိုနာကျင်စေသလိုပါလေ။

"ပြောစရာရှိလို့လားဟင်"

"အင်း. . . ရှိတယ်ဆိုပါတော့"

ခရာက သိမ်းစရာရှိတာတို့ကိုသိမ်းဆည်းပြီး ပြတင်းတံခါးတွေကိုပါ ပိတ်လိုက်ပါ၏။ ကိုးနာရီလောက်မှပြန်နေကျမို့ ဆေးလာဝယ်သူရှိရင် ဝယ်လို့ရအောင် ရှေ့တံခါးကိုတော့ မပိတ်သေးပါချေ။

ခပ်စောင်းစောင်းနေရာအနေအထား ခုံတန်းလေးမှာ (ယုမျက်စောင်းထိုးနေရာ) ခရာထိုင်လိုက်လေ၏။ သက်ပြင်းငွေ့ငွေ့ကို ခိုးရှိုက်လိုက်သည့်နှယ်ပါ။ မင်းဆီမှာ ဘာစိတ်ညစ်စရာများရှိနေသလဲ အခရာ။

"ခရာလည်း မမကိုပြောစရာရှိတယ်"

"ပြောစရာ"

"ဟုတ်ကဲ့၊ ပြောစရာဆိုတာထက် တောင်းပန်စရာဆိုရင် ပိုမှန်မှာပါ"

"ဒါဖြင့်လည်း ပြောလေ"





"ရပါတယ်၊ မမအရင်ပြောပါ"

ဦးစားပေးတာပေါ့လေ။ ကိုယ်စီစဉ်ပေးပါလျက် ကိုယ်ပြောတဲ့အတိုင်းမလုပ်ဘဲ ကိုနေလုပ်ပေးသည့်လမ်းအတိုင်းသွားပြီး အန်တီ့မျက်စိကိုခွဲစိတ်ခဲ့ပြီးတဲ့ကိစ္စကို ကိုနေကိုယ်တိုင် Phone ဖြင့် အသိပေးခဲ့စဉ် အံ့ဩနေမိတာပါ။

သူစိမ်းဆီက အကူအညီမယူပါနဲ့ဆိုသော်ငြား ခရာ့ကိုကူသမျှလူက အကုန်လုံး သူစိမ်းတွေပဲမဟုတ်လား။ ဘယ်သူကူကူ လက်မခံနိုင်တဲ့အခရာက ကိုနေကူညီတာကို လိုလားစွာနဲ့ပင်လက်သင့်ခံခဲ့သတဲ့လား။

ဖွဲ့ကူညီမှာကိုတောင် သတိပေးခဲ့တဲ့သူပါလေ။ ဖွဲ့ဆိုလို့ညကပဲ ရင်ဖွင့်မျက်ရည်ကျခဲ့တဲ့ကောင်လေးကို ချော့မော့ပြောဆိုပြီး အိမ်ပြန်နိုင်းခဲ့ရတာကိုး။

"ဖွဲ့ကို မာမီက ခါးခါးသည်းသည်းကန့်ကွက်ခဲ့ပေမယ့် ကိုကို့ကို အခရာ့မေမေက သဘောတူတယ်လို့ ဘာဘကိုပြောတယ်တဲ့"

ဆိုပြီး မျက်ရည်တပေါက်ပေါက်ကျခဲ့တာမဟုတ်လား။ အဘယ်ကြောင့်များ ယောကျ်ားလေးတွေ မျက်စိကျစရာကောင်းတဲ့မိန်းကလေးအဖြစ် ဒီဘဝမှာ လူဖြစ်ခဲ့ရတာပါလဲ အခရာ။



www.burmeseclassic.com

www.burmeseclassic.com



''အခရာပဲ အရင်ပြောပါ''

''ခရာ့ကိုခွင့်လွှတ်ပါ မမ''

''ဘာရယ်''

''ခရာ အနူးအညွတ်တောင်းပန်ပါတယ်''

''ဘာကြောင့်လဲ''

''ခရာ. . . ခရာ မလိုချင်ပါဘဲ သူစိမ်းတစ်ယောက်ရဲ့ အကူအညီကို လက်ခံခဲ့ရလို့ပါ၊ ပြီးတော့''

လက်ဖျားတွေ အေးစက်လာလေ၏။ ပြောမယ်ဆိုမှတော့ မျက်စိစုံမှိတ်ပြောရတော့မှာပါလေ။

''ပြီးတော့ အဲဒီလူက မမရဲ့. . . မမရဲ့ ကိုနေဝန်းနီဖြစ်နေလို့ပါ''

''ကိုနေ! ကိုနေနဲ့မမက. . . ကိုနေနဲ့မမက ဘာမှမဆိုင်ပါဘူး အခရာရဲ့''

''ဒါပေမဲ့ ခရာကတော့ သက်ဆိုင်တယ်လို့ပဲ ယူဆထားပါတယ် မမ''

''မဟုတ်သေးပါဘူး''

''တောင်းပန်ပါတယ်''

ထပ်ပြောမိပြန်၏။ မျက်နှာပူလွန်းလို့ပါလေ။ မမရင်ထဲ





ရှိနေတဲ့ပုဂ္ဂိုလ်က ခရာ့ကိုမှချစ်နေတယ်ဆိုတာကို မမသာသိရင် မမကို ဘယ်လိုမှမကြည့်ရဲတော့မှာအမှန်ပါပဲ။

''ဘယ့်နှယ်ကြောင့် အခါခါတောင်းပန်နေရတာလဲ အခရာရဲ့''

''ခရာ. . . ခရာ အလုပ်ထွက်တော့မယ်''

''ဘာရယ်''

''ထွက်ခွင့်ပြုပါ၊ ဟိုလေ, မမ နေ့ခက်ထပ် နာစ့် မရောက်သေးတဲ့အချိန်ထိတော့ ခရာ လုပ်ပေးပါ့မယ်''

ရှောင်ပြီပေါ့။ ဘာလို့ရှောင်ချင်ရတာပါလဲ၊ ယုဆေးခန်းထက်ပိုရပိုကောင်းတဲ့နေရာမျိုးမှာများ ရနိုင်လို့လား။

''မမသဘောမတူဘူး အခရာ''

''မမ''

''မမပြောစရာရှိတာ ပြောတော့မယ်''

''ဟုတ်ကဲ့''

''အခရာ့မှာ တကယ်လို့ချစ်ရမယ့်သူမရှိသေးဘူးဆိုရင် ကိုနေ့ကိုစဉ်းစားပေးလိုက်ပါ''

''ရှင်! ဟင်''

မျက်နှာ ကွက်ခနဲပျက်ရချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သိနေလို့လား။ အစ်ကို ကြီးရဲ့... ချက်ကို မမ ဘယ်လို သိလို့ အခုလိုပြောရတာပါလိမ့်နော်။ ရုက်စရာကောင်းလိုက်တာ လေ။

"မမ အဲဒါကလေ"

"ကိုနေက အခရာ့ကိုစိတ်ဝင်စားနေပါတယ်ဆိုပြီး မမ ကိုပြောလို့ပါ"

"မဖြစ်နိုင်ဘူး"

"ဘာလို့မဖြစ်နိုင်ရတာလဲ"

"ဟင့်အင်း. . . ဖြစ်မှမဖြစ်နိုင်တာ မမရဲ့။ အစ်ကိုကြီး နဲ့ခရာက အဆင့်အတန်းမှမတူတဲ့ဟာ"

"အစ်ကိုကြီး ဟုတ်လား"

"အဲ. . . ဟိုလေ၊ အစ်ကို့ကို အစ်ကိုလို့ခေါ်တာမို့ မမ ရဲ့ကိုနေဝန်းနီကို အစ်ကိုကြီးလို့ပဲခေါ်မိတာပါ"

မမက တဟင်းဟင်းရယ်လေပြီ။ ဘယ်လိုလဲ၊ ဒါလေး ခေါ်မိတာနဲ့ နောက်စရာလို့များ သွားထင်နေပြီလား။ ဘာမှားလို့ လဲနော်။ အစ်ကိုကြီးအရွယ်မို့ အစ်ကိုကြီးလို့ခေါ်တာ ဘာဖြစ်လို့ လဲ။

"အဆင့်အတန်းဆိုတာ ဘာလဲ အခရာ"





"ရှင်"

"ဂုဏ်လား ငွေလား ပညာလား"

"အများကြီးပေါ့ မမရဲ့"

'မမကတော့ လူတွေသတ်မှတ်တဲ့အရာလို့ပဲ ယူဆပါ တယ်"

ပြောတာတော့ မှန်ပါရဲ့လေ။ ခရာက မမလိုပညာတွေ အများကြီးတတ်တဲ့သူမှမဟုတ်ဘဲ။ စကားလုံးတွေမကြွယ်ဝဘူး မမယုသိဂ်ီ။

"အချစ်မှာ အဆင့်အတန်းတွေ ဂုဏ်ပကာသနတွေ ငွေ ကြေးဥစ္စာတွေမရှိဘူး အခရာ။ အချစ်မှာအချစ်ပဲရှိတယ်"

"ရှင်!"

"ဒီတော့ အချစ်လို့ပဲ ရိုးရိုးလေးတွေးပြီး ကျန်တာကို ခပ်မှိန်မှိန်လေးပဲ ထားတတ်မယ်ဆိုရင် အခရာ့ရဲ့အစ်ကိုကြီးကို အခရာချစ်လာနိုင်မှာပါ"

အံ့ဩမှင်သက်စွာဖြင့် မမကိုအငေးသားကြည့်နေမိပါ၏။ 'အခရာရဲ့အစ်ကိုကြီး' တဲ့၊ ခရာဖြင့် ဒီလိုတစ်ခါမှခွဲပြီးမတွေးတတ် ခဲ့တာလေ။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



Phone ပြည့်သံကြောင့် မမဖွင့်နားထောင်လိုက်သဖြင့် ကောမပြတ်သွားချေပြီ။ မမက ခရော့ကိုတစ်ချက်ကြည့်ကာ ပြုံးလိုက်လေ၏။

"မပိတ်သေးဘူး။ ရှိသေးတယ်။ ယုလည်းအခုပဲပြန်တော့မှာ။ လာခဲ့လေ၊ မှီတာပေါ့"

Phone ကိုပိတ်လိုက်ပြီး မမ ထရပ်လိုက်လေ၏။ ပြီးတော့ ခရော့ကိုမျက်ခုံးပင့်ပြလိုက်လေသည်။

"အသက်ရှည်ဦးမယ်. . . သိလား။ အခရော့အစ်ကိုကြီးရောက်ခါနီးနေပြီ"

"ရှင်!"

"သူလာနေပြီတဲ့"

"မဖြစ်ဘူးနော်l. . . မဖြစ်ဘူး"

"သွားပြီ အခရာရေ"

မမက အတွင်းခန်းထဲဝင်ကာ Slimbag ယူပြီး ကားစက်နှိုးမောင်းထွက်သွားချေပြီ။ ဒုက္ခပဲ. . . ဒုက္ခပါပဲ၊ သူလာနေပြီတဲ့။ ဘာလို့များ ဆေးခန်းမပိတ်သေးဘူးလို့ ပြောရတာပါလဲ။ ခရော့ကိုချစ်တယ်လို့ ဖွင့်ပြောသွားတဲ့သူ့မျက်နှာကို ခရာက ဘယ်လိုကြည့်ရဲတော့မှာလဲလေ။





အမြန်လို အနှေးဖြစ်ဆိုတဲ့စကားအတိုင်း မီးပိတ်စဉ်ခလုတ်ကကိုက်၊ ဆေးခန်းတံခါးကို သော့ခတ်ပြန်တော့လည်း သော့ပေါက်က ဖြောင့်ဖြောင့်မဝင်။ ငါနော်. . . တောက်!

သော့ခတ်ပြီး ဆေးခန်းဘေး သော့ခတ်ရပ်ထားသည့် စက်ဘီးကို ဒေါက်ဖြုတ်၍ သော့ဖွင့်စဉ် မှောင်နေသာမို့ မမြင်ရ၍ ခတ်တိုင်မီးဖြာနေသည့်နေရာသို့ ဆွဲထုတ်ကာ သော့ပေါက်ထဲသို့ သော့တံကို လက်တုန်တုန်ဖြင့် ထိုးဖွင့်လိုက်ပါ၏။

"တောက်! ရှူး!"

"ဟောတော်"

ဖြစ်လည်းဖြစ်ခတ်ပါရဲ့။ အယောင်ယောင်အမှားမှားဖြင့် သော့ဖွင့်မိတာမို့ လက်ထဲကသော့တွဲက လွတ်ကျကာ မြောင်းပေါ်မှ သံပြားပေါ်ကျပြီး တစ်ဆင့်ပြုတ်ကျကာ လျှောပြီး မြောင်းပုပ်ထဲသို့ ကျသွားချေလေပြီ။

"ဒုက္ခပါပဲ"

ငိုမဲ့မဲ့ဖြင့် မြောင်းထဲသို့ ပြူးပြဲရှာပေမယ့် ရေစီးနေသည့် မြောင်းထဲကို ဘာမှမမြင်ရပါချေ။ ဘေးနားသို့ ကားတစ်စီး ရပ်လိုက်သဖြင့် လန့်ဖြန့်ကာ အထ၊ ထိန်းကိုင်ထားသည့်စက်ဘီးက Platform ပေါ် လဲလေ၏။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်လိုတွေဖြစ်နေတာလဲ အခရာရဲ့၊ ကိုယ်က မမီတော့ဘူးလို့ထင်လိုက်တာ။ တော်သေးတာပေ့ါ၊ မပြန်ခင်လေး မီလို့''

ကားပေါ်မှဆင်းလိုက်စဉ် အခရာက စက်ဘီးကိုပြန်ပြီး ထောင်လိုက်တာမို့ ငိုမဲ့မဲ့မျက်နှာလေးကို မီးရောင်အောက်မှာ သူ တွေ့လိုက်ရလေ၏။ အလို! ဘာကြောင့်များ သူ့လဝန်းလေးက ငိုမလိုဖြစ်ရတာပါလိမ့်။

''ဘာဖြစ်လို့လဲ အခရာ။ ပြောပါဦး''

''ပျောက်သွားပြီ''

''ပျောက်သွားပြီ! ဘာပျောက်တာလဲ၊ ပိုက်ဆံအိတ်လား''

''မဟုတ်ဘူး၊ သော့''

''သော့. . . ဆိုင်သော့လား''

''ဆိုင်သော့ရော စက်ဘီးသော့ပါ တွဲခတ်ထားတာ အစ်ကိုကြီးရဲ့။ မြောင်းထဲကိုပြုတ်ကျသွားတာ မမြင်ရတော့ဘူး''

ငိုသံပင်ပါလာအောင်ပြောနေတာမို့ သူရယ်ချလိုက်ချင်ပေမယ့် ပြုံးတုံ့တုံ့တော့ဖြစ်သွားရတာပါလေ။ သော့ပျောက်လို့ ငိုတဲ့ချာတိတ်မလေးဆိုပဲ။

''သော့ပျောက်တာ ပြန်လုပ်လို့ရပါတယ် အခရာရယ်။





ငိုစရာလား''

''အိမ်ရောက်ရင် မေမေက နမော်နမဲ့နိုင်လို့ဆိုပြီး ဆူမှာ''

''အန်တီဆူမှာစိုးရင် ကိုယ့်နောက်လိုက်ခဲ့ပေ့ါ''

''ဟင်!''

''လန့်သွားလား၊ ကိုယ်ပြန်လိုက်ပို့ပေးမယ်ပြောတာပါ အခရာရဲ့။ ကြည့်ပါဦး၊ ဒါလေးပြောလိုက်တာနဲ့ မျက်စိမျက်နှာက ပျက်ပြီ''

''မလိုက်ပါဘူး''

''ကိုယ်နဲ့မလိုက်ရင် ဒီနင်းလို့မရတဲ့စက်ဘီးနဲ့ ဘယ်လို ပြန်မလဲ. . . ပြော''

ဘာမှပြန်မပြောဘဲ မျက်နှာငုံ့နေပြန်တာမို့ သူငုံ့ကြည့်လိုက်မိပါ၏။ နေ့စဉ်လုပ်နေကျအလုပ်ကို ဒီလိုနမော်နမဲ့နိုင်အောင် သူမ မည်သို့ဖြစ်ရပါသနည်း။ သူကြည့်နေမှန်းသိ၍ထင့်၊ ခေါင်းကိုငုံ့ သည်ထက် ပိုငုံ့ထားလိုက်တာလေ။

''ဒီတိုင်းပဲ ရပ်နေတော့မှာလား၊ အဲဒါနဲ့ ဆယ်နာရီလည်းထိုး၊ လမ်းမှာကားမရှိ ဘယ်သူမှမရှိ''

''လိုက်မယ်. . . လိုက်မယ်''

''တကယ်လား''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! အိမ်ပြန်ပို့ပေးမယ်ဆို"

"အင်းလေ၊ ကိုယ်က ဘာပြောနေလို့လဲ"

"ဒီစက်ဘီးက"

"ဒီလောက်စုတ်နေတာ လွှင့်ပစ်ခဲ့ပါ"

"အို! ဘာလို့လွှင့်ပစ်ရမှာလဲ"

"အလကားစတာပါ အခရာရယ်၊ ကားနောက်ဖုံးထဲ ဖြစ်အောင်ထည့်ရမှာပေါ့။ ပေး. . ."

စက်ဘီးကို ကားနောက်ဖုံးထဲထည့်ပြီး ရှေ့ခန်းတံခါးကို ဖွင့်ပေးတော့ တွန့်ဆုတ်စွာဖြင့် တက်လေ၏။ ကားကိုခပ်မှန်မှန် မောင်းခဲ့စဉ် မျက်နှာလွှဲထားသည့်ကောင်မလေးကို စချင်လိုက်တာလေ။

"အိမ်ပြန်မပို့တဲ့ ကိုယ့်အိမ်ကိုခေါ်သွားရင် ကောင်းမယ်ထင်တယ်"

"မလိုက်ဘူးနော်. . . မလိုက်ဘူး"

"မေမေက တွေ့ဖူးချင်လို့တဲ့ အခရာရဲ့"

"မလိုက်ပါဘူးလို့ဆို"

"ခဏလေးပဲလေ၊ ပြီးရင်ပြန်ပို့မှာပေါ့"

"ခဏလည်းမရဘူး"





"ခဏမရရင် တစ်သက်လုံးအပိုင်သိမ်းထားလိုက်မယ်လေ။ ဘယ်လိုလဲ"

"အစ်ကိုကြီးနော်၊ ခရာ့ကိုကူညီတယ်ဆိုပြီး အဲဒီလိုပိုင်စိုးပိုင်နင်းမလုပ်ပါနဲ့"

"ဟောဗျာ! ကိုယ် ဘယ်မှာပိုင်စိုးပိုင်နင်းလုပ်ဖူးလို့လဲ"

မျက်စောင်းက ဖျပ်ခနဲရောက်လာလေ၏။ ခုတလော သူ့ကိုမျက်စောင်းထိုးတဲ့ ခရာ့မျက်ဝန်းတောက်တောက်လေးကို မကြာခဏမြင်ယောင်ပြီး တစ်ယောက်တည်းကျိတ်ပြုံးနေမိတာကြာပြီလေ။

"ဘာမလုပ်ရမှာလဲ၊ မေမေ့ကို ဆေးရုံပို့တုန်းကရော၊ ခွဲစိတ်ပေးတုန်းကရော၊ အိမ်ပြန်လိုက်ပို့တုန်းကပါ ပိုင်စိုးပိုင်နင်း မဟုတ်လို့ ဘာလဲ. . . ပြော"

"ဟုတ်လား၊ ကိုယ်ဖြင့်သိတောင်မသိလိုက်ဘူး။ ဒါနဲ့ အိမ်လိုက်ပို့တုန်းက ခြံထဲကမန်ကျည်းပင်အောက်မှာ ဘာများပြောခဲ့မိပါလိမ့်"

မျက်နှာ ဖျန်းခနဲနီရဲသွားလေ၏။ ရှက်ပေမပေါ့။ သူချစ်စကားပြောခဲ့တာကို အခရာမှတ်မိသွားလို့ပါလေ။

"မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့မသိတာလဲ၊ အကုန်လုံးတော့ မှတ်မိနေပြီး"

"မသိပါဘူးလို့ဆို"

"မသိဘူးလား။ ဒါဆိုရင် ကားပြန်လှည့်လိုက်မယ်လေ၊ ဒါမှ မေမေ့ဆီရောက်အောင်"

"အစ်ကိုကြီးနော်၊ မလုပ်ပါနဲ့"

"အဲဒီလိုတစ်သက်လုံးခေါ်သွားနိုင်မလား"

"ဟင်"

"အစ်ကိုကြီးလို့လေ"

နှုတ်ခမ်းကိုကိုက်ပြီး မျက်နှာလွှဲသွားပြန်လေ၏။ Platform ဘေးနားမှာ ကားကို သူအရှိန်လျှော့ရပ်လိုက်သဖြင့် မျက်လုံးကျယ်ကာ သူ့ကိုလှည့်ကြည့်လိုက်လေသည်။

"ဘာ. . . ဘာဖြစ်သွားတာလဲ"

"ကားလား။ အင်း. . . ရပ်သွားတာလေ"

"ဘာလို့ရပ်သွားတာလဲ"

"ရပ်သွားရတာလား၊ ကောင်မလေးဆီက ခေါင်းညိတ်ရင် ဆက်သွားမယ်ဆိုလို့လေ။ ညွှတ်မှာလား"

"မသိဘူး"

"ဒါဆို ဒီအတိုင်း တစ်ညလုံး ထိုင်နေရုံပေါ့"





မျက်လုံးကလေးဝိုင်းလျက် ပတ်ဝန်းကျင်ကို ဟိုဒီလှည့်ကြည့်ကာ အကျပ်ရိုက်နေသည့်မိန်းကလေးကို သူချစ်စနိုးဖြင့် ကြည့်နေမိပါ၏။ ဝိုင်စိုးပိုင်နှင်းနိုင်ပေမယ့် ချစ်လွန်းလို့ဆိုတာကို နားလည်ပေးပါ ချာတိတ်ရယ်။

"အင်း"

"ဘာအင်းတာလဲ"

"အစ်ကိုကြီးလို့ခေါ်မယ်လို့ ပြောတာလေ"

"ဟုတ်လား၊ ချစ်တယ်လို့ပြန်ဖြေတာမဟုတ်ဘူးလား"

"အစ်ကိုကြီးနော်၊ ဘာမှန်းလဲမသိဘူး"

သူကားစက်နှိုးစဉ် စက်သံရပ်သွားတာမို့ အလန့်တကြား ဖြစ်သွားသည့်ကောင်မလေး၏ပါးပြင်ကို အသည်းယားစွာဖြင့် ဖျပ်ခနဲနမ်းရှိုက်လိုက်မိလေ၏။

သိပ်ချစ်လို့ပါ အခရာရယ်. . .။

ပြီးပါပြီ။

www.burmeseclassic.com